
Facebook link : www.facebook.com/daddyzhanghan
Page Name : ဒက်ဒီကျန်းဟန်
Telegram : https://t.me/daddyzhanghan
Available on :
Wun Zinn
Book Store
WOW Book Store
Bookstore
K Eros
(ကျန်းဟန်)
အင်မော်တယ်ဖေဖေ
Godly Stay-Home Dad
အင်မော်တယ် ဖေဖေ
K Eros

အင်မော်တယ်ဖေဖေ

စာစဉ်(၃၇)

## [စာစဉ်(၃၇) အပိုင်း(၁)] အခန်း(၄၁၉-က) အကျိုးသက်ရောက်မှုမရှိသော ဆေးလုံးများ(၁)

ကျိုးဖေးမှာ ၎င်းကိုကြားပြီးနောက် လေးနက်လာသည်။

သူမ စက္ကန့်အနည်းငယ်လောက် စဉ်းစားလိုက်ပြီး ပြောသည်။ "နင် ခုဏက ဂစ်တာနဲ့တီးသွားတဲ့ မယ်လိုဒီက ပထမပိုင်းရဲ့ နောက်ခံတီးလုံးဖြစ်နိုင်တယ်။ အဲဒါက ရိုးရှင်းပြီး နင့်ရဲ့အသံကို ပေါ်လွင်စေတယ်။ အဝင်တီးလုံးက အဲ့လိုမျိုးဖြစ်နိုင်တယ်။ တမ်ပိုမြင့်တဲ့တီးလုံးတစ်ချို့ထည့်ပြီးရင် ဒီသီချင်းက အပြီးသတ်မှာပါ”

"အသေးစိတ်နောက်ခံတေးသွားကိုတော့ စတူဒီယိုမှာ လုပ်ဖို့လိုတယ်။ နေ့ခင်းပိုင်းကျရင် သီချင်းစာတွေကို ပြီးအောင်

ရေးပြီး မနက်ဖြန် နောက်ခံတေးသွားလုပ်ဖို့ စတူဒီယိုရှာရမယ်" ဇီယန်က ခဏလောက်စဉ်းစားပြီး ပြောသည်။

"အိုး အဲဒါက လွယ်ပါတယ်။ ခဲအိုကို ရှာကြည့်ခိုင်းလိုက်လေ။ နောက်ခံတေးသွားက ချက်ချင်းပြီးသွားမှာ" ကျိုးဖေးက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"မရဘူး" ဇီယန်က မျက်လုံးများကို မှိတ်ကာ ခေါင်းယမ်းလိုက်သည်။ သူမ၏မျက်လုံးဝိုင်းများက တောက်ပမှုမျှော်လင့်ချက်များဖြင့် ပြည့်နေသည်။ "သီချင်းပြီးသွားမှ သူ့ကို နားထောင်ခိုင်းမယ်"

ဇီယန်၏ပျော်ရွှင်နေသည့်အမူအရာကိုကြည့်ပြီး ကျိုးဖေးကိုယ့်နဖူးကိုပုတ်ကာ "ဟုတ်ပါပြီ အစ်မယန်ရယ်။ နင် ကြိုက်သလိုသာလုပ်ပါတော့။ ဒါပေမယ့် နင့်ရဲ့အချစ်တွေကို ငါတို့ကို မကြွားပါနဲ့တော့"

"ခစ်ခစ်"

ဇီယန်ရယ်မောကာ သူမအား မျက်စောင်းထိုးလိုက်၏။ ထိုနောက် စန္ဒယားထပ်တီးပြန်သည်။

သူမ မိနစ်အနည်းငယ်ကြာ စန္ဒယားတီးပြီးနောက် ဂစ်တာခဏတီးကာ စာရွက်ပေါ်တွင် စာသားအချို့ ချရေးလိုက်သည်။

အချိန်မှာ လျင်မြန်စွာကုန်ဆုံးသွား၏။ ၁၁ နာရီ ၃၀ မိနစ်ရှိပြီဖြစ်သည်။

"ခဲအိုနဲ့ တခြားသူတွေ ပြန်လာပြီ" ကျိုးဖေးက ပြတင်းပေါက်မှတဆင့် ကားအချို့ ပြန်လာသည်ကို မြင်လိုက်ရသဖြင့် သူမအား ပြောသည်။

"အင်း" ဇီယန်က တုံ့ပြန်လိုက်ပြီး စန္ဒယားအဖုံးကို မပိတ်ခင် စာရွက်ပေါ်၌ စာသားနှစ်ကြောင်း ချရေးလိုက်သည်။

ထိုအချိန်မှာပင် ကျန်းဟန်က မုန့်မုန့်ကို ပွေ့ချီကာ အထဲကို လျှောက်ဝင်လာသည်။

သူသည် စန္ဒယားဆီသို့ လျှောက်သွားပြီး ခေါင်းကို ရှေ့သို့ ငုံ့ကြည့်သည်။ စာရွက်ကိုလှမ်းကြည့်ရင်း "အခြေအနေဘယ်လို လဲ” ဟု မေး၏။

"အိုး မရဘူး”

ဇီယန်က ရုတ်တရက် အော်ဟစ်က လက်ထဲမှ စာရွကို အမြန်သိမ်းလိုက်ပြီး "အခုမဖတ်နဲ့ဦး။ ကျွန်မ ရေးပြီးတဲ့အထိ စောင့်”

သူမ၏ပုံစံကိုကြည့်ပြီး ကျန်းဟန် မရယ်ဘဲမနေနိုင်တော့။

"ဟမ်”

မုန့်မုန့်က ကျန်းဟန်၏လက်မောင်းပေါ်မှနေ၍ လိုက်ကြည့်နေပြီး နောက်ဆုံးတွင် ဇီယန်၏လက်ထဲမှ စာရွက်ပေါ်၌ သူမလေး၏မျက်လုံးများ အကြည့်ရောက်သွားသည်။

ထိုနောက် သူမလေး ရေရွတ်လိုက်သည်။ "မေမေ မေမေ့မှာ လျှို့ဝှက်ချက်လေးရှိနေတာလား”

"ဟားဟား... ဟုတ်တယ် ညည်းမေမှော လျှို့ဝှက်ချက် လေးရှိတယ်" ကျိုးဖေးက ရယ်မောကာ ပြောသည်။

"ဟွန့် မေမေက ဖေဖေနဲ့သမီးကို မပြောဘူး" မုန့်မုန့်က ဟွန့် ကနဲလုပ်ကာ နှုတ်ခမ်းလေးစူသည်။

မင်းသမီးလေး၏အပြုအမူကြောင့် လူကြီးများအားလုံး ရယ်မောလိုက်ကြပြန်သည်။

ဇီယန်က လက်ကိုဆန့်လိုက်ပြီး သူမလေး၏ နှင်းဆီရောင် မျက်နှာလေးကို ညင်သာစွာညှစ်လိုက်ကာ ပြောသည်။ "အဒေါ် လျှို့ဝှက်ချက်မဟုတ်ပါဘူး။ ရက်နည်းနည်းကြာရင် မေမေ သမီးကို ပြမယ်နော်"

"မင်းတို့ အပေါ်ထပ်ကို တက်နှင့်ကြလေ။ ကိုယ် ချက်ပြုတ်လိုက်ဦးမယ်" ကျန်းဟန်က ပြုံးကာ ပြောသည်။

ထိုနောက် လူစုသည် ဒုတိယထပ်သို့တက်သွားကာ ကျန်း ဟန်က အောက်ထပ်၌ ငါးများကို စတင်ကိုင်တွယ်သည်။

သူသည် ဓားကို အလွန်လျင်မြန်စွာ လှုပ်ရှားလိုက်ရာ ငါး၏အတွင်းအင်္ဂါများအားလုံးကို ဖယ်ရှားသန့်စင်ပြီးဖြစ်သွားသည်။

ထိုနောက် ချင်ကျန်းငါးနှင့် မြက်ငါးကြင်းတို့ကို စင်းတီတုံးပေါ် တင်လိုက်သည်။

ကျန်းဟန်သည် ဓားကို ညာလက်ဖြင့် ကိုင်ထား၏။

"ဝှစ် ဝှစ် ဝှစ်”

ဓားမှာ အဆက်မပြတ် လှုပ်ရှားနေပြီး စုစုပေါင်း ငါးခုနှစ်ကောင်ကို စက္ကန့်သုံးဆယ်အတွင်း သန့်ရှင်းပြီးသွားသည်။

ငါးများကို စင်းတီတုံးပေါ်တွင် တင်ထားဆဲဖြစ်ပြီး မည်သည့်ခြားနားမှုမျှ မရှိချေ။

သို့သော် ကျန်းဟန်က ငါးခေါင်းကိုကိုင်ပြီး ညင်သာစွာ လှုပ်ရှားလိုက်ရာ အလွှာတော်တော်များများက ၎င်း၏ခန္ဓာကိုယ်မှာ ပြုတ်ကျလာသည်။

ငါးရိုးများကို လွှင့်ပစ်ပြီးနောက် သူ၏မျက်လုံးသူငယ်အိမ်များမှတဆင့် အလင်းတန်းတချို့ လင်းလက်သွားသည်။ ထိုနောက် သူ၏လက်ကို ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။

တခဏအတွင်း ငါးရိုးများအားလုံး ပေါ်လာပြီး အမှိုက်ပုံးထဲသို့ ဖြည်းညှင်းစွာ ပြုတ်ကျသွားသည်။

သူချက်ပြုတ်ရန် စီစဉ်ထားသည့် အဓိကဟင်းလျာမှာ ငါးပြုတ်ဖြစ်ပြီး ငရုတ်ဆီစပ်စပ်ထဲမှ ငါးအသားလွှာများဖြစ်သည်။ ငါးအသားလွှာများအပြင် ပဲပင်ပေါက်နှင့် အခြားဟင်းသီးဟင်းရွက်များလည်း ပါရှိသည်။ စီချွမ်ဟင်းလျာတွင် ဂန္ဓဝင်ဟင်းလျာတစ်ခုဖြစ်ပြီး အရသာမှာ ခပ်စပ်စပ်နှင့် နူးညံ့လန်းဆန်းသည်။

ငါးပြုတ်အပြင်၊ ပုဇွန်ကြော်၊ နို့ကြက်ဥပေါင်း၊ အသုပ် အစရှိသည်တို့ကိုလည်း ချက်ပြုတ်မည်ဖြစ်သည်။

ချင်ကျန်းငါးနှင့် မြက်ငါးကြင်းနှစ်ကောင်အပါအဝင် ငါးပြုတ်အတွက် ပြင်ဆင်ထားသည့် ငါးခုနှစ်ကောင်မှာ သေး

ငယ်သည်တော့မဟုတ်ချေ။ သုံးကောင်က အပေါ်ထပ်မှလူများ အတွက် လုံလောက်ပြီး ကျန်သည့်အကောင်များကတော့ ဗီအိုင်ပီအဖွဲ့ဝင်များအတွက်ပင်။

ဟော့ပေါ့ကို အလွန်ကြိုက်သည့် ဇီယန်အတွက်တော့ ငါးပြုတ်ကာ သူမအကြိုက်ဆုံး ဟင်းလျာတစ်ခုလည်း ဖြစ်သည်။ ဟော့ပေါ့နှင့် ခပ်ဆင်ဆင်တူပြီး ထူးခြားသည့် အရသာကြောင့်ဖြစ်သည်။ ၎င်းကို တောင်ပေါ်မှပါဝင်ပစ္စည်း များဖြင့် ပြုလုပ်ထားသည့်ဖြစ်ရာ ပြောနေစရာပင်မလိုတော့။

ထိုအချိန်တွင် ဝမ်မသည်၊ ယုံကျားရှင်းနှင့် ဝမ်ရတို့သည် ကျန်းဟန်၏ဟင်းချက်လာက်ရာမှာ ထူးခြားသည့်အရသာရှိ သည်ဟု အခြားသူများပြောခဲ့ခြင်းက အမှန်ပင်ဖြစ်ကြောင်း နောက်ဆုံးတွင် သိရှိသွားခဲ့ကြသည်။

ဝမ်မင်သည် ဝက်ပါများကို လေ့လာရန်စိတ်ကူးကိုပင် ခဏမေ့ထားပြီး ဝမ်မိသားစုအခြေချရန် သင့်တော်သည့်နေရာ ကိုလည်း လိုက်မရှာသေးချေ။ ထိုအစား သူသည် အချိန်

အတိုင်းအတာတစ်ခုအထိ အေးအေးဆေးဆေး အနားယူရန် ဆုံးဖြတ်လိုက်သည်။

ဝမ်မိသားစုသည် ရှီးဟန်တွင် ဩဇာအရှိဆုံးမိသားစု မဟုတ်သည့်အပြင် လုပ်ငန်းပြဿနာကိုလည်း အချိန်တို အတွင်း မဖြေရှင်းနိုင်ချေ။ ထို့ကြောင့် ဤကြ အရေးတကြီးလုပ်ရမည့်ကိစ္စတော့ မဟုတ်ချေ။

ကျွန်းဟန် ချက်ပြုတ်နေစဉ်တွင် စားသုံးသူများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။

လေထဲမှ ငါး၏မွှေးရနံ့ကို ရှူရှိုက်ရင်း အားလုံး သွားရည်ကျလာကြသည်။

ဟင်းပွဲများအားလုံး ကျက်သွားပြီးနောက် လူတိုင်း စတင်စားကြသည်။ သူတို့ ငါးအသားလွှာများကို ကောက်ယူပြီး ပါးစပ်ထဲ သွပ်လိုက်ကြသည်။

ငါး၏မွှေးရနံ့က ခံတွင်းထဲ၌စိမ့်ဝင်သွားပြီး အသား၏နူးညံ့မှုနှင့် အရသာက အလွန်စွဲမက်ဖွယ်ကောင်းသည်။

ထို့ကြောင့်...

တူများအားလုံးက ငါးပြုတ်ဆီသို့ စုပြုံရောက်ရှိသွား၏။

သူတို့ ငါးများကို အလျင်အမြန်စားနေကြသည်အား တွေ့တော့ ကျန်းဟန် ကြောင်အသွားသည်။

ကြည့်ရတာ ငါ ဒီအစားသရဲတွေကို လျှော့တွက်လိုက်မိပြီထင်တယ်...

"အဟမ်း"

ကျန်းဟန်က ပန်းကန်အလွတ်တစ်ခုကိုယူကာ ငါးအသားလွှာများထည့်ပြီး မုန့်မုန့်၏ရှေ့၌ ချပေးလိုက်သည်။

"ဝိုး အများကြီးပဲ။ သမီး မကုန်နိုင်တော့ဘူး" မုန့်မုန့်က စားနေရင်းဖြင့် ရေရွတ်သည်။

စားမြိန်လှသည့်သည့်နေ့လယ်စာကို စားပြီးနောက် လူတိုင်း ခဏတာ အနားယူကြသည်။

ထိုနောက် လဆန်းတောင်သို့ ပြန်သွားကြ၏။ ဇီယန်နှင့်ကျိုးဖေးတို့လည်း ဘောပင်၊ စာရွက်နှင့် အခြားပစ္စည်းများယူကာ သူတို့နောက်သို့ လိုက်လာကြသည်။ နေ့လယ်ခင်းတွင် သူမ စိတ်ကူးပေါ်လာပါက သီချင်းစာသားကို ပြည့်စုံအောင်လုပ်ရန် စီစဉ်ထားသည်။

လဆန်းတောင်သို့ ရောက်ရှိပြီးနောက် ကျန်းဟန်သည် အိမ်မွေးတိရစ္ဆာန်ဧရိယာသို့ အရင်ဆုံးသွား၏။ သူသည် မုန့်မုန့်နှင့် ခဏလောက်ကစားပြီးနောက် တာဟေးနှင့် ရှောင်ဟေးတို့၏ စွမ်းအားများကို အာရုံခံမိသည်။ သူ ခေါင်းညိတ်ကာ ပြုံးလိုက်ပြီး အလွန်ကောင်းသည်ဟု တွေးလိုက်သည်။

ခဏလောက်ထိုင်နေပြီးနောက် ကျန်းဟန်သည် ယန်မိုးကြိုးသစ်ပင်ဆီသို့သွားကာ ဆေးလုံးသန့်စင်ရန်ပြင်ဆင်သည်။

ဇီယန်က တစ်ဖက်တွင် ထိုင်နေ၏။

သီချင်းစာသားကို အပြီးသတ်ပြီးနောက် သူမ မတ်တပ်ထ ရပ်ကာ ပြောလိုက်သည်။ "ငါ တစ်ချက်လောက် သွားကြည့်ဦး မယ်"

ထိုနောက် သူမ တောင်ထိပ်သို့ တက်လာ၏။

ဇီယန်သည် သီချင်စိတ်ဖြင့် မေးသည်။ "ရှင် ဆေးလုံး သန့်စင်တော့မှာလား"

"အင်း"

ကျန်းဟန်က ပြုံးကာ ခေါင်းညိတ်ကာ နှုတ်ခမ်းစူ၍ ရှေ့ ငေါ့ပြလိုက်သည်။

"ဘေးမှာ လူတွေရှိတယ်လေ"

ဇီယန် သူ့အား မျက်စောင်းထိုးလိုက်သည်။ ထိုနောက် သူမ ရှေ့နောက်ဘယ်ညာ လိုက်ကြည့်လိုက်ပြီး သူတို့အား

မည်သူမျှ သတိမထားမိသည့်အချိန်တွင် ခြေဖျားလေးထောက်ကာ သူ၏နှုတ်ခမ်းအား နမ်းလိုက်၏။

ကျန်းဟန်သည် ဇီယန်၏အနမ်းကို အမှန်တကယ် နှစ်ခြိုက်၏။

သူမ၏နှုတ်ခမ်းလေးများက နှင်းဆီရောင်သမ်းကာ နူးညံ့နေပြီး သူမ နီးကပ်လာသည့်အချိန် နှုတ်ခမ်းများကို စူထားသည်ကိုမြင်ရသည်က အလွန်ဆွဲဆောင်မှုရှိလှသည်။

"ဟားဟား…" ကျန်းဟန် ကျေနပ်စွာရယ်မောလိုက်ပြီး "ဒါဆို ကိုယ်စတော့မယ်"

"အင်း ရှင်စလို့ရပြီ" ဇီယန်က သူ၏လက်မောင်းကို ဖက်ထားရင်း ပြန်ပြောသည်။

ကျန်းဟန်က ဘယ်လက်ကို အသာဝှေ့ယမ်းလိုက်ရာ စိတ်ဝိညာဉ်ဆေးပင်များက အောက်တွင် မီးတောက်များတောက်

လောင်နေသည့် ဆေးမီးဖိုထဲသို့ ပျံ့ဝင်သွားသည်ကို သူမ တွေ့လိုက်ရသည်။

"ကျွန်မ ဒီမှာနေရင် ရှင့်ကို နှောင့်ယှက်မိမှာလား" ဇီယန် မေးသည်။

"ဘာမှမဖြစ်ပါဘူး။ ဒီလိုဆေးလုံးမျိုးက လုပ်ရတာ မခက်ဘူးရယ်" ကျန်းဟန်က ပြန်ဖြေသည်။

"အင်း" ဇီယန်က မျက်လုံးဝိုင်းကြီးများကို တဖျပ်ဖျပ်ခပ်ရင်း မီးဖိုအား ခဏလောက်စိုက်ကြည့်သည်။ ထိုနောက် သူမ ပြော၏။ "စွပ်ပြုတ်ချက်နေသလိုပဲနော်"

"အဲ့လိုမျိုးပေါ့" ကျန်းဟန်က ရှင်းပြသည်။ "ဒီဟာတွေနဲ့ စွပ်ပြုတ်လုပ်ပြီး သောက်လို့ရပေမယ့် အာနိသင်က အကောင်းဆုံးဖြစ်မှာမဟုတ်ဘူး။ ပြီးပြည့်စုံတဲ့အခြေအနေကိုရဖို့ ပေါင်းစပ်မှုအချိုးအစားအဆင့်ဆင့်ရှိတဲ့ ဆေးလုံးဝိုင်းဝိုင်းလေးတွေဖြစ်အောင် လုပ်ရတယ်။ ဆေးလုံးတွေရဲ့ အရည်အသွေးကိုလည်း သာမန်အဆင့်၊ အလယ်အဆင့်၊ ထိပ်ဆုံးအဆင့်၊

အကောင်းဆုံးအဆင့်နဲ့ ပြီးပြည်စုံသောအဆင့်ဆိုပြီး ရှိတယ်။ အဲဒါက တော်တော်လေးတော့ ရှုပ်ထွေးတယ်။ ကိုယ်သန့်စင်ပြီးသွားရင် ညကျ မင်း တစ်လုံး စမ်းသောက်ကြည့်ပေါ့"

"ကျွန်မလည်း စားဖို့လိုတာလား။ ဒါဆို ကျွန်မက အရမ်းအစွမ်းထက်တဲ့သိုင်းပညာရှင်ဖြစ်လာမှာလား" ဇီယန်က ပြုံးကာ မေးသည်။

"အဲ..." ကျန်းဟန် ခဏလောက် တန့်သွား၏။ သူ ခဏလောက်စဉ်းစားပြီး ပြန်ဖြေသည်။ "မင်းရဲ့ခန္ဓာကိုယ်ထဲမှာ ကိုယ်တောင် နားမလည်နိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုရှိနေတော့ မင်းရဲ့ခွန်အားကို ဒီဆေးလုံးတွေက တိုးတက်စေနိုင်လိမ့်မယ်လို့ မထင်ဘူး။ ကိုယ်အဲဒါကို အချိုးဖြတ်နိုင်ဘူး။ ကိုယ်တို့ အရင်တစ်ခေါက် ဟိုတယ်မှာတုန်းက မင်းကိုယ့်ကို ပထမဆုံးအကြိမ် အဆင့်တက်နိုင်အောင် လုပ်ပေးခဲ့တယ်။ အဲဒါက တကယ်ကိုကြီးမားတဲ့ အဆင့်ချိုးဖြတ်မှုတစ်ခုပဲ။ ဘာကြောင့်

လဲဆိုတာ ကိုယ်မသိပေမယ့် နောက်ပိုင်းကျ ကိုယ်ဖော်ထုတ်နိုင်မှာပါ"

"လျှို့ဝှက်ချက်ရှိတာလား" ဇီယန်က နှုတ်ခမ်းလေးကိုဖိကိုက်လိုက်ပြီး ပြောသည်။ "ကျွန်မကလည်း ရှင့်လိုပဲလို့ ထင်လား"

"ကိုယ်မသိဘူး" ကျန်းဟန်က ခါးသီးစွာပြုံးလိုက်ပြီး ခေါင်းယမ်းပြကာ အခိုင်အမာပြောသည်။ "အဲဒါက ဘယ်လိုလျှို့ဝှက်ချက်ပဲဖြစ်ပါစေ မင်းက အမြဲတမ်း ကိုယ့်မိန်းမ ကိုယ်ချစ်ရတဲ့သူပဲ"

ဇီယန် ရယ်မောလိုက်သည်။ ဤအခိုက်အတန့်တွင် သူမအလွန်ပျော်ရွှင်နေပြီး သူမ၏မျက်လုံးဝိုင်းဝိုင်းများကတောက်ပနေသည်။

ထိုနောက် သူမ အနည်းငယ် ရက်သွေးဖြာသွားပြီး "ကျွန်မစွမ်းအားကြီးကြီး မကြီးကြီး ကိစ္စမရှိပါဘူး။ ရှင့်ရဲ့အစွမ်းက

လုံလောက်ပါတယ်။ ကျွန်မတို့ ချစ်ကြရင် ရှင် အဆင့်ချိုးဖြတ်နိုင်တယ်ဆိုတော့... ရှင် အဲဒါကို လိုချင်ရင် ကျွန်မတို့....”

"ဘာကိုလဲ” ကျန်းဟန်က မျက်လုံးများကိုကျဉ်းမြောင်းကာ ပြုံး၍ မေးသည်။

"သွားပါ။ ကျွန်မ ဘာကိုပြောနေတာလဲ ရှင်သိရဲ့သားနဲ့” ဇီယန်က ရက်ကိုးရက်ကန်းဖြင့် ပြောလိုက်၏။

"ဟားဟားဟား...”

ကျန်းဟန် လှိုက်လှဲစွာရယ်မောလိုက်သည်။

ထိုသို့ဖြင့် ကျန်းဟန်သည် ဇီယန်နှင့် စကားပြောနေရင်းဆေးလုံးများကို သန့်စင်သည်။

နာရီဝက်ခန့်ကြာပြီးနောက် ဇီယန်က မုန့်မုန့်နှင့်ကစားရန် ပြန်သွားသည်။

ကျန်းဟန် နေရာတွင်ပင် ရပ်နေဆဲဖြစ်ပြီး စိတ်ဝိဉာဉ်ဆေးပင်များကို ဆက်တိုက်ပစ်ထည့်နေ၏။

ကျန်းဟန်သည် ဆေးပင်များအကြောင်းကို များစွာ သိရှိ၏။ ပြီးပြည့်စုံသည့် ဆေးနည်းမဟုတ်သော်လည်း သူ လိုချင်သည့်ဆေးလုံးများကို အခြားနည်းလမ်းများဖြင့် သန့်စင် နိုင်သေးသည်။

မနက်ခင်းက တတိယအဆင့် စိတ်ဝိညာဉ်ရတနာငါးခု အပြင် အခြား တတိယအဆင့်စိတ်ဝိညာဉ်ရတနာလေးခု၊ ဒုတိယအဆင့် စိတ်ဝိညာဉ်ရတနာ ၇၉ ခုနှင့် ပထမအဆင့် စိတ် ဝိညာဉ်ရတနာ ၁၈၇ ခုကိုလည်း ထည့်သုံးခဲ့သည်။

အခြေခံတည်ဆောက်ခြင်းဆေးလုံးငယ်တစ်အိုးကို သန့်စင်ရန်အတွက် ၎င်းတို့ကို အသုံးပြုခဲ့သည်။

အခြေခံတည်ဆောက်ခြင်းဆေးလုံးငယ်၏အကျိုး သက်ရောက်မှုမှာ အခြေခံတည်ဆောက်ခြင်းဆေးလုံးနှင့်ဆင် တူပြီး တစ်စုံတစ်ယောက်၏ခွန်အားကို တိုးတက်စေရန် အသုံးပြုနိုင်သည်။

ယွမ်ချင်သစ်သီးမှ သန့်စင်ထားသော အခြေခံ တည်ဆောက်ခြင်းဆေးလုံးသည် ကျန်းဟန်အား ချီသန့်စင်ခြင်း အစောပိုင်းအဆင့်မှ အခြေခံတည်ဆောက်ခြင်းအစောပိုင်း အဆင့်ထိ မြှင့်တင်ပေးခဲ့သည်။

၎င်းကလည်း ယွမ်ချင်သစ်သီးက စတုတ္ထအဆင့် စိတ်ဝိ ညာဉ်ရတနာနီးပါးဖြစ်သောကြောင့်ပင်။ အဆိုပါ တတိယအဆင့် စိတ်ဝိညာဉ်ရတနာများတွင် ကြီးမားသည့်အကျိုးသက်ရောက်မှု မရှိသေးသော်လည်း ၎င်းတို့ဖြင့် ပြုလုပ်သည့် အခြေခံ တည်ဆောက်ခြင်းဆေးလုံးငယ်မှာ လူတစ်ယောက်အား ချီ သန့်စင်ခြင်းနှောင်းပိုင်းအဆင့်မှ အခြေခံတည်ဆောက်ခြင်း အဆင့်သို့ ချိုးဖြတ်ဝင်ရောက်စေနိုင်သည်။

အတွင်းအားအဆင့်၏အထွတ်အထိပ်တွင် ရှိနေသည့် ကျောက်ဖုန်းကဲ့သို့လူများအတွက် ချီသန့်စင်ခြင်းအစောပိုင်း အဆင့်ထိ တိုးမြှင့်ပေးနိုင်သည်။

အသေးစိတ်သက်ရောက်မှုများမှာတော့ လူတစ်ဦးနှင့်တစ်ဦး ကွဲပြားနိုင်သည်။

ဆေးတစ်အိုးတွင် ဆေးလုံးတစ်လုံးသာ ထုတ်နိုင်မည် မဟုတ်ချေ။ စိတ်ဝိညာဉ်ဆေးပင်အမြောက်အများဖြင့် ဖော်စပ်ထားသည့်အတွက် ငါးလုံးထက်ပိုကာ အများဆုံး ၁၁ လုံးအထိ ရရှိနိုင်သည်။

ကျန်းဟန်က ရှစ်လုံး ကိုးလုံး မျှော်မှန်းထားသည်။၏

ဆေးလုံးရရှိရန် တတိယအဆင့်စိတ်ဝိညာဉ်ရတနာများ အားလုံး၊ ဒုတိယအဆင့်စိတ်ဝိညာဉ်ရတနာများ၏ ၉၀ ရာခိုင်နှုန်းနှင့် ပထမအဆင့်စိတ်ဝိညာဉ်ရတနာများ၏ တစ်ဝက်အောက်ကို အသုံးပြုခဲ့သည်။

ကျန်ရှိသည့် စိတ်ဝိညာဉ်ဆေးပင်များမှာ ပထမအဆင့် စိတ်ဝိညာဉ်ရတနာများနှင့် ဒုတိယအဆင့်အနည်းငယ်သာရှိတော့သည်။ တတိယအဆင့်ဆေးပင်များ မကျန်တော့ချေ။

-အပိုင်း(၁) အခန်း(၄၁၉-က) ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၂)] အခန်း(၄၁၉-ခ) အကျိုးသက်ရောက်မှု မရှိသော ဆေးလုံးများ(၂)

ကျန်းဟန်သည် ညနေ ငါးနာရီအထိ ဆေးလုံးသန့်စင်နေခဲ့သည်။

မီးတောက်များ ပေါက်ကွဲထက်လာချိန်တွင် မီးဖိုအတွင်းမှ ဆေးလုံးများ လွင့်ထွက်လာသည်။

ကျန်းဟန်က ၎င်းတို့အားလုံးကို ဖမ်းယူလိုက်ပြီး လက်ဖဝါးထဲ ထည့်လိုက်သည်။

"၁၀ လုံး။ မဆိုးပါဘူး”

ကျန်းဟန် ပြုံးကာ ရလဒ်အား ကျေနပ်သွား၏။

အချိန်ကို ကြည့်လိုက်ရာ ညစာချက်ပြုတ်ရန်အတွက် အိမ်ပြန်ဖို့အချိန်ကျပြီဖြစ်ကြောင်း သိလိုက်သည်။

ကျန်ရှိသည့် စိတ်ဝိညာဉ်ဆေးပင်များကို နောက်တစ်နေ့မှ သန့်စင်မည်ဖြစ်သည်။

ထိုနောက် ကျန်းဟန်သည် တောင်နောက်ဘက်သို့ သွားကာ အိမ်မပြန်ခင် မုန့်မုန့်နှင့် မိနစ်အနည်းငယ်လောက် ကစားလိုက်သည်။ ပြီးမှ အားလုံးနှင့်အတူ အိမ်ပြန်၏။

ကားတန်းမှာ တောင်ပေါ်မှ ထွက်ခွာသွားချိန်တွင် ရဟတ်ယာဉ်တစ်စင်းက လဆန်းတောင်ပေါ်သို့ ပျံသန်းလာခဲ့သည်။

ရဟတ်ယာဉ်၏အစွန်းတွင် တယ်လီစကုပ်ဖြင့် လူတစ်ယောက်ရှိနေ၏။ သူသည် အောက်ကို မှန်ပြောင်းဖြင့် ကြည့်လိုက်ပြီး နောက်ဆုံးတွင် ယန်မိုးကြိုးသစ်ပင်အောက်ရှိ စိတ်ဝိညာဉ်ဆေးပင်အပုံလိုက်ကို တွေ့ရှိသွားသည်။

"အဲဒါ မြေအဆင့်ရတနာ တုန်းရှိမြက်မလား"

"မြေအဆင့်ရတနာ လန်ချီပန်း"

"ဝိုး အများကြီးပဲဟ"

"ဘုရားရေ ဒြပ်စင်ငါးမျိုးဆေးမီးဖိုကလည်း တကယ်ဒီမှာပဲ"

မှန်ပြောင်းကိုင်ထားသူမှာ အလွန်စိတ်လှုပ်ရှားသွား၏။

ကောက်ရိုးပုံကဲ့သို့ ပစ်စလက်ခတ်ပုံထားသည့် စိတ်ဝိညာဉ်ဆေးပင်များစွာကို သူ ပထမဆုံးအကြိမ် မြင်ဖူးခြင်းဖြစ်သည်။

"မာစတာကျန်းက သူ့ဂုဏ်သတင်းနဲ့ ထိုက်တန်တယ်။ အံ့သြစရာပဲ"

ထိုလူသည် လေးစားစွာဖြင့် ရေရွတ်လိုက်ပြီး သူ၏ဖုန်းကို ထုတ်ကာ နံပါတ်တစ်ခုအား ခေါ်လိုက်သည်။

"အစ်ကိုဒူ။ ငါအဲဒါကို တွေ့ပြီ။ ဒြပ်စင်ငါးမျိုးဆေးမီးဖိုက တကယ်ကြီး လဆန်းတောင်ပေါ်မှာ။ ဒီမှာ ဆေးပင်တွေလည်း အများကြီးရှိတယ်”၏

"ငါသိပြီ”

"...”

စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အခါ အားလုံး ညစာ အတွက် ဟော့ပေါ့စားကြသည်။ ဟော့ပေါ့မှာ အများဆုံးစားကြ သည့်အရာဖြစ်သည်။ ၎င်းက လူအများကြားတွင် ရေပန်းစား သည်မဟုတ်ပါလား။

စားသောက်ပြီးနောက်တွင် အားလုံး ဒုတိယထပ်ရှိ ဆိုဖာ ပေါ်တွင်ထိုင်ကာ လက်ဖက်ရည်သောက်ကြသည်။

ယုံကျားရှင်းက မုန့်မုန့်နှင့် ကစားနေသည့် ဇီယန်ကို ကြည့် ပြီး ပြုံးလိုက်သည်။

ထိုနောက် သူမ ကျန်းဟန်အား ကြည့်ကာ မေးသည်။ "ရှောင်ဟန် မင်းက မင်းမိဘတွေပြန်ရောက်ပြီးမှ လက်ထပ်ချင်တာ။ ငါတို့အတွက်က အဆင်ပြေတယ်။ ဒါပေမယ့်...”

"မင်း အရင်ဆုံး လက်ထပ်စာချုပ်ကို လုပ်ထားသင့်တယ်မလား။ မင်းရဲ့အိမ်ထောင်စုပုံစံကိုလည်း မှတ်ပုံတင်ဖို့လိုတယ်။ ပြီးတော့ ဧယန်ရဲ့မိသားစုကိုလည်း မင်းအရင်ဆုံး လက်ထပ်ခွင့်တောင်းသင့်တယ်”

သူမပြောလိုက်သည်နှင့် အားလုံး တိတ်ဆိတ်သွားကြသည်။

ကျိုးဖေး၊ ကျန်းလီ၊ ဝမ်မင်နှင့် ဝမ်ရတို့အားလုံး ကျန်းဟန်အား ကြည့်နေကြ၏။

သူတို့အားလုံးလည်း သူတို့၏လက်ထပ်ပွဲကို စောင့်မျှော်နေကြသည်။

"ရှောင်ယန်။ အန်တီက ပွင့်လင်းတဲ့သူပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သမီးမှာ ထင်မြင်ချက်များရှိမလားလို့" ယုံကျားရှင်းက ဇီယန်ကို ပြုံး၍ကြည့်ကာ ပြောသည်။

"ကျွန်မ..." ဇီယန် နှုတ်ခမ်းကိုဖိလိုက်လိုက်ပြီး အနည်းငယ် ရှက်သွားသည်။ သူမ ကျန်းဟန်အား လှမ်းကြည့်ကာ အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "ကျွန်မ သူ့စကားကို နားထောင်မယ်"

ထိုနောက် အားလုံး၏မျက်လုံးများက ကျန်းဟန်ဆီ စုပြုံသွားပြန်သည်။

"အန်တီပြောတာ မှန်တယ်လို့ထင်တယ်။ ကျွန်တော် မကြာခင် လက်ထပ်ခွင့်တောင်းဖို့ ရည်ရွယ်ထားတယ်" ကျန်းဟန်က ဇီယန်အား နူးညံ့သိမ်မွေ့မှုများဖြင့် ကြည့်လိုက်ပြီး ပြုံး၍ ပြောသည်။ "ဒါဆို ကျွန်တော်တို့ စေ့စပ်ပြီး လက်ထပ်စာချုပ်လုပ်ထားကြတာပေါ့။ ကျွန်တော့်မိဘတွေကို ပြန်ခေါ်ပြီးမှ ကြီးကျယ်ခမ်းနားတဲ့မင်္ဂလာပွဲကို ကျင်းပကြမယ်"

"ဟုတ်တယ်။ အဲ့လိုဖြစ်သင့်တယ်" ယုံကျားရှင်း ဝမ်းသာအားရ ရယ်မောလိုက်သည်။

ဓီယန်၏မျက်လုံးများတောက် တောက်ပနေပြီး သူမ၏နှလုံးသားထဲ၌ အောက်ပါစကားလုံးများဖြင့် ပြည့်နေသည်။

လက်ထပ်ခွင့်တောင်းမယ်။ စေ့စပ်မယ်။ လက်ထပ်မယ်။ မင်္ဂလာပွဲကျင်းပမယ်...

ငါ သူနဲ့ လက်ထပ်စာချုပ် လက်မှတ်ထိုးရတော့မှာပေါ့...

ဓီယန် ရင်ထဲတွင် အလွန်ပျော်ရွှင်နေ၏။

"အမ်ဟမ်...." မုန့်မုန့်သည် တောက်ပသည့်မျက်လုံးဝိုင်းဝိုင်းများကို မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ပတ်ပတ်လည်အလား လိုက်ကြည့်နေ၏။

မင်းသမီးလေးမှာ သူတို့ပြောနေသည့်စကားများကို တစ်ခုမှ နားမလည်ချေ။

သို့သော် ကျုးန်ဟန်က "ပန်းတွေကိုင်ပြီး ခေါတ်ပုံလှလှလေးတွေရိုက်ရမယ်" ဟူ၍ ပြောထားသည်ကို နားထောင်ကြားယောင်လာသည်။

ကျန်းဟန် သူမလေးအား တစ်ခါပြောဖူးသည့် စကားကို မှတ်မိနေသေးသည်။ "ဖေဖေနဲ့ မေမေလက်ထပ်ရင် ငါ သူတို့အတွက် ပန်းတွေယူလာပေးမယ်"

ကိစ္စတစ်ခုလုံးကို ယာယီဆုံးဖြတ်ချက်ချပြီးနောက် အိမ်တွင်းရှိ လေထုမှာ ပိုမိုအသက်ဝင်လာသည်။

ကျိုးဖေး၊ ကျန်းလီနှင့် ဝမ်ရတို့သည် တစ်ခါတစ်ရံ ဇီယန်အား စနောက်ကြ၏။

ဇီယန်၏မျက်နှာလေးမှာ အမြဲတမ်း ရှက်သွေးဖြာနေတော့သည်။

၁၀ နာရီခန့်တွင် အားလုံး ပြန်သွားကြ၏။

အောက်ထပ်တွင် ကျန်းဟန်က ဆေးလုံးအချို့အား ထုတ်လိုက်သည်။

ကျန်းဟန်က အခြေခံတည်ဆောက်ခြင်းဆေးလုံးငယ်နှစ်လုံးကို ထုတ်ကာ ပေးလိုက်ပြီး "အန်တီ ဒီဆေးလုံးနှစ်လုံးက အန်တီနဲ့ ဦးလေးအတွက်ပါ။ အန်တီတို့ပြန်ရောက်ရင် စားလိုက်ကြ"

ဝမ်မင်မှာ အတော်လေးစိတ်လှုပ်ရှားနေသည်။ ယုံကျားရှင်းက ပြုံး၍ မေးသည်။ "ဒီဆေးလုံးတွေက ဘာတွေလဲ"

"အန်တီ စားပြီးရင် သိမှာပါ" ကျန်းဟန်က ပြုံးကာ ခေါင်းယမ်းလိုက်သည်။

သူတို့ကိုယ်တိုင်ပဲ တွေ့ကြုံခံစားကြပါစေပေါ့...

ထိုနောက် သူက ကျောက်ဖုန်းအား လှမ်းခေါ်လိုက်ပြီး "မင်းရယ်၊ ရှုယုံရယ်၊ အားဟူရယ်၊ မုံ့ကြီးနဲ့ လန်ယွဲ့တို့ တစ်

ယောက်တစ်လုံးစီ။ အိုး ဟုတ်သားပဲ နည်းပြလျှိုအတွက်လည်း တစ်လုံးပေးလိုက်ဦး”

ကျန်းဟန်က ဆေးလုံးခြောက်လုံး ထုတ်ကာ ပေးလိုက်သည်။

သူတို့ငါးယောက်မှာ လုံခြုံရေးအဖွဲ့၏ အစွမ်းအထက်ဆုံးသူများဖြစ်ပြီး အထွတ်အထိပ်အဆင့်နှင့် နီးကပ်နေကြသည်။ ထို့ကြောင့် ဆေးလုံးများ၏အာနိသင်ကို သူတို့ ကောင်းစွာ စုပ်ယူနိုင်ကြမည်ဖြစ်၏။

ဆေးလုံးများကို ရရှိပြီးနောက် လူစုမှာ ပျော်ရွှင်စွာဖြင့် ထွက်ခွာသွားကြသည်။

ကျန်းဟန်က တံခါးကို သော့ခတ်လိုက်ပြီး မီးပိတ်လိုက်သည်။ ညလင်းပုလဲများရှိနေ၍ အောက်ထပ်မှာ လင်းနေဆဲဖစ်၏။

အပေါ်ထပ်သို့ ပြန်တက်သွားသည့်အချိန်တွင် ဇီယန်နှင့် မုန့်မုန့်တို့က ကိုယ်လက်သန့်စင်ပြီးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"ဒီမှာ မင်းအတွက်တစ်လုံး"

ကျန်းဟန်က ဇီယန်၏ပါးစပ်နားသို့ ဆေးလုံးတစ်လုံး ယူလာပေးသည်။

ဇီယန်က ပါးစပ်ဟပြီး နာခံစွာဖြင့် စားလိုက်သည်။ သူမ ရုတ်တရက် ခန္ဓာကိုယ်အတွင်းမှ အနည်းငယ်အေးမြမှုကို ခံစားလိုက်ရ၏။

"ဟမ်" မုန့်မုန့်မှာ အံ့အားသင့်သွားသည်။ သူမလေးက ကျန်းဟန်အား ကြည့်ကာ စိတ်ရှုပ်ထွေးစွာဖြင့် မေးသည်။ "ဖေဖေ သမီးအတွက်ဘယ်မှာလဲ"

"သမီးက အရမ်းငယ်သေးတယ်။ သမီး အခု စားလို့မရသေးဘူး” ဇီယန်က မုန့်မုန့်၏မျက်နှာလေးကို ညှစ်ကာ ပြောသည်။

"ဖေဖေ နောက်ကျရင် သမီးအတွက် ပိုကောင်းတဲ့ဟာပေးမယ်နော်” ကျန်းဟန်က ပြုံးကာ ပြောသည်။

"ဟွန့်” မုန့်မုန့်က နှုတ်ခမ်းလေးစူလိုက်ပြီး စကားရပ်လိုက်သည်။

ဇီယန် စားလိုက်ပြီးနောက်တွင် ကျန်းဟန်က သူ၏ညာလက်ကို သူမ၏ခါးပေါ်သို့တင်ကာ သူမ၏ခန္ဓာကိုယ်အတွင်းပိုင်းပြောင်းလဲမှုများအား အဆက်မပြတ် အာရုံခံစားလိုက်သည်။

ဆေးလုံး ကျဆင်းသွားပြီးနောက်တွင် စွမ်းအင်များအဖြစ်ပြောင်းလဲသွားပြီး တစ်ကိုယ်လုံး ပျံ့နှံ့စိမ့်ဝင်သွား၏။ အကယ်၍ လူတစ်ယောက်သည် ကျင့်ကြံနိုင်ပါက စွမ်းအင်များ

မှာ မရှိဒျန်အတွင်းသို့ ဝင်ရောက်ပြီး ဒျန်တျန်က သန့်စင်သွားမည်ဖြစ်သည်။

သို့သော် ဧယန်၏ခန္ဓာကိုယ်ထဲတွင် ၎င်းက ပျောက်ကွယ်သွား၏။

"အဆင်ပြေပါတယ်။ အနည်းဆုံးတော့ ခန္ဓာကိုယ်ကို အားဖြည့်ပေးနိုင်တာပေါ့"

သို့သော် နောက်မြင်ကွင်းကို မြင်ပြီးနောက် ကျန်းဟန်၏မျက်လုံးထဲတွင် သံသယအချို့ပေါ်လာသည်။

စွမ်းအင်များသည် ခန္ဓာကိုယ်ကို အားဖြစ်စေသင့်သော်လည်း ၎င်းတို့က မွေးညှင်းပေါက်များမှတဆင့် အပြင်သို့ အဆက်မပြတ် ထွက်လာသည်။

စုပ်ယူလို့မရဘူးလား...

နည်းနည်းလေးတောင် စုပ်ယူလို့မရဘူးပေါ့...

ကျန်းဟန်သည် သူမ၏ခန္ဓာကိုယ်က ၎င်းစွမ်းအင်များကို သဘောမကျလက်မခံသည့်ပုံဖြင့် နောက်ဆုံးစွမ်းအင် လက်ကျန်အထိ ဖယ်ရှားစွန့်ထုတ်ပစ်သည်ကို စောင့်ကြည့်နေခဲ့သည်။ ၎င်းက သူ့အား စိတ်ရှုပ်ထွေးသွားစေ၏

"လုံး၀ စုပ်ယူလို့မရဘူး။ ဆေးလုံးက အကျိုးသက်ရောက်မှုမရှိဘူး။ ဘာဖြစ်တာလဲ”

-အခန်း(၄၁၉-ခ) ပြီး

## အခန်း(၄၂၀-က) လက်ထပ်ခွင့်တောင်းရန် စဉ်းစားခြင်း(၁)

"အဲဒါ....”

ကျန်းဟန်၏သူငယ်အိမ်များ ရုတ်တရက် ကျုံ့သွား၏။

သူ ယခင်က ဖတ်ခဲ့ဖူးသည့် အချက်အလက်တချို့ကို တွေးမိသွားသည်။

အချို့သောလူများသည် လူးခြားသည့်ရုပ်ပိုင်းဆိုင်ရာပင်ကိုယ်ပါရမီများဖြင့် မွေးဖွားလာခဲ့ကြသော်လည်း သူတို့၏ပင်ကိုယ်ပါရမီများမှာ အဆင့်အမျိုးမျိုးကွဲပြားသည်။

ဥပမာအားဖြင့် အင်ပါယာချင်တွင် ချင်နဂါးသွေးမျိုးဆက်ရှိပြီး အသေးစိတ်အချက်များကို မသိရသော်လည်း သူ၏သွေးက ချင်နဂါးသွေးမျိုးဆက်၏ အသန်မာအဆုံးအကိုင်းအခွဲတစ်ခုနှင့်ပင် သက်ဆိုင်နေစေဦးတော့ ၎င်းမှာ အက်ရှ်လွန်တတိယအဆင့်တွင်သာရှိလေသည်။

ကျန်းဟန်၏ အချိန်ကိုဖြတ်သန်း၍ခရီးသွားပြီး ပြန်လည်နိုးထလာခြင်းက အာကာသအမျိုးအစားတွင်ပါဝင်ပြီးပင်ကိုယ်ပါရမီက ထိပ်ဆုံးဒုတိယနေရာတွင်ရှိသည်။

ပထမတန်းစားပါရမီရှင်များမှာ လေ၊ ရေ၊ မီး၊ နေ၊ လ၊ ကြယ်၊ ယင်၊ ယန်၊ သေခြင်းနှင့် ရှင်ခြင်း အစရှိသော မူလရင်းမြစ်များနှင့် အနီးစပ်စပ်ဆုံးဖြစ်သည်။ မူလစွမ်းအားအကြီးဆုံးပင်ကိုယ်ပါရမီကို ပိုင်ဆိုင်ထားခြင်းသည် လူတစ်ယောက်

အတွက် သူ့ထက်ပို၍သန်မာသောသူများနှင့် အဆင့်ကျော် တိုက်ခိုက်နိုင်ရန် အထောက်အပံ့ပေးနိုင်သည်။

ဎင်းက ထောင်ပေါင်းများစွာသောနည်းလမ်းများထဲမှာ အဓိကနည်းလမ်းဖြစ်သည်။ ဎင်းတို့ထဲမှ တစ်ခုရှိသည့် ကျင့်ကြံသူသည် အတိဒုက္ခကို လွယ်ကူစွာ ကျော်ဖြတ်နိုင်ပြီး အင်မော်တယ်တစ်ယောက်ဖြစ်လာနိုင်၏။

အလွန်အမင်းထူးခြားသောသူများသည် ပထမတန်းစားပင်ကိုယ်ပါရမီများဖြင့် မွေးဖွားလာကြသည်ဟု ကောလဟာလရှိသည်။ ထိုလူများတွင် မြင့်မြတ်ခန္ဓာရှိကြ၏။ အချို့သော ကျင့်ကြံသူများမှာ အစောပိုင်းအဆင့်တွင် ကျင့်ကြံနိုင်ခြင်းမရှိသလို စွမ်းအင်လည်း စုပ်ယူနိုင်စွမ်းမရှိကြချေ။ သို့သော် သူတို့၏မြင့်မြတ်ခန္ဓာနိုးထလာပြီးနောက်တွင် သူတို့၏တိုးတက်မှုနှုန်းမှာ အလွန်မြန်ဆန်လာပြီး ရေသောက်သလိုမျိုး စွမ်းအင်ကို စုပ်ယူလာနိုင်ကြသည်။ သူတို့အား မည်သည့်အရာကမှ မ

တားဆီးနိုင်တော့ဘဲ အောင်မြင်မှုလမ်းကြောင်းကို လျှောက်လှမ်းနိုင်ကြသည်။

ဧယန်က မြင့်မြတ်ခန္ဓာနဲ့ မွေးဖွားလာတာလား...

ကျန်းဟန် အနည်းငယ် စိတ်ရှုပ်သွားသည်။

အဲ့လိုသာဆိုရင် ငါက သန်မာတဲ့နောက်ခံကို ကြိုးရထားပြီးသားမဟုတ်လား။ ငါက ငါ့ဘုရင်မရဲ့ စောင့်ရှောက်သူဖြစ်လာမှာပဲ...

မဟုတ်သေးဘူး။ အဲ့လိုမဟုတ်ဘူး။

သူမတွင် မြင့်မြတ်ခန္ဓာရှိလျှင်ပင် ၎င်းက စွမ်းအင်အတက်အကျရှိသေးသည်။ ထူးခြားဆန်းကြယ်သည့်စွမ်းအင်က သူ့အား ၁၀ လက်မ ဒျန်တျန်ကို ရရှိရန် ကူညီပေးသည့်အချိန်တုန်းက သူ ဘာကိုမှ မခံစားမိခဲ့ချေ။

အဲဒါက မြင့်မြတ်ခန္ဓာဖြစ်ရင်တောင် ၁၀ လက်မဒျန်တျန်ကို တိုက်ရိုက် ချိုးဖြတ်တက်ရောက်နိုင်စေမှာမဟုတ်ဘူး...

၁၀ လက်မ ဒျန်တျန်အကြောင်း ငါ အရင်က တစ်ခါမှမကြားခဲ့ဖူးဘူး...

အဲဒါဆို... ဇီယန်ရဲ့ခန္ဓာကိုယ်က မြင့်မြတ်ခန္ဓာထက်ကို ပိုပြီး အစွမ်းထက်နေတယ်မလား...

ကျန်းဟန် အချိန်အတော်ကြာ စဉ်းစားနေသော်လည်း နားမလည်နိုင်သေးချေ။

"ဖေဖေ ပုံပြင်ပြောဖို့အချိန်ရောက်ပြီ"

မုန့်မုန့်၏ချစ်စဖွယ်အသံလေးက ကျန်းဟန်အား လက်ရှိဘဝသို့ ပြန်လည်ရောက်ရှိလာစေသည်။

"ဟုတ်ပြီ သွားကြစို့။ ဖေဖေ ပုံပြင်ပြောပြမယ်"

ကျန်းဟန် ပြုံးကာ ဇီယန်၊ မုန့်မုန့်တို့နှင့်အတူ အိပ်ခန်းဆီသို့ ပြန်သွားကြသည်။

သူမတို့နှစ်ဦး စောင်ထဲကို အရင်ဝင်ပြီးနောက် ကျန်းဟန်အား စိုက်ကြည့်လိုက်ကြသည်။

ကျန်းဟန်က သူ၏အဝတ်အစားများကိုချွတ်ကာ အောက်ခံဘောင်းဘီဖြင့် အိပ်ရာထဲဝင်ခဲ့သည်။

ဇီယန် မျက်လုံးဝိုင်းဝိုင်းများ ပေကလပ်ပေကလပ်ဖြစ်သွား၏။ ကျန်းဟန်အတွက် ညဝတ်အင်္ကျီများ သူမ ဝယ်ပေးထားပြီးကတည်းက သူ တစ်ထည်မှ မဝတ်ရသေးချေ။

သို့သော်... ယခုတလော သူတို့အိပ်သည့်အချိန်တွင် သူမလည်း ညဝတ်အင်္ကျီမလိုတော့သည့်ပုံပင်။

"ဖေဖေတို့ အရင်တစ်ခါ ဘယ်နားလေးမှာ အဆုံးသတ်သွားတာလဲ မှတ်မိလား" ကျန်းဟန်က မုန့်မုန့်၏ဘယ်ဘက်ဘေးတွင် လှဲရင်း မေးသည်။

"သမီး မှတ်မိတယ်။ ငါးမန်းကြီးတွေအများကြီးရောက်လာပြီး လူပုလေးတွေနဲ့ နတ်သူငယ်လေးတွေထွက်ပြေးကြတော့မှာ" မုန့်မုန့်က တက်ကြွစွာပြောသည်။

ဖေဖေပြောပြတဲ့ ပုံပြင်တွေကို ညတိုင်းနားထောင်ရတာ ငါ အရမ်းပျော်တယ်.... မုန့်မုန့် တွေးလိုက်သည်။

"ဒါဆို ဖေဖေ ဆက်ပြောမယ်။ လူပုလေးတွေနဲ့ နတ်သူငယ်လေးတွေက ငါးမန်းအုပ်စုကြီးရဲ့ အလိုက်ခံရတယ်။ သူတို့ သင်္ဘောက မြုပ်တော့မယ့်အချိန်မှာ သူတို့ သိပ်မဝေးတဲ့ နေရာမှာ အရမ်းကြီးတဲ့ကျွန်းတစ်ကျွန်းကို တွေ့လိုက်ရတယ်။ ဒါနဲ့...."

မိနစ်နှစ်ဆယ်ခန့်ကြာတော့ မုန့်မုန့် အိပ်ပျော်သွားသည်။

ကျန်းဟန် ပြုံးလိုက်၏။ သူ၏ခေါင်းက နိမ့်ကပ်လာပြီး မုန့်မုန့်၏ချစ်စဖွယ်မျက်နှာလေးကို အကြိမ်အနည်းငယ် နမ်းလိုက်သည်။ ထို့နောက် မင်းသမီးလေးအား ညင်သာစွာပွေ့ချီကာ ဘယ်ဘက်ရှိ ကုတင်လေးပေါ်သို့ ရွှေ့လိုက်သည်။

ကုတင်ကြီးဆီသို့ ပြန်သွားကာ လှဲချလိုက်ပြီးနောက် ဇီယန်အား ကြည့်လိုက်ရာ သူမက မျက်လုံးများကိုမှိတ်၍ အသက်ဖြေးဖြေးရှူနေသည်ကို တွေ့လိုက်ရသည်။ သူမ

အိပ်ပျော်နေပုံရသည်။ သို့သော် သူမ၏မျက်တောင်များက လှုပ်နေ၏။

“အိပ်ချင်ယောင်ဆောင်နေပြန်ပြီလား”

ကျန်းဟန် သူမအား ပြုံး၍ကြည့်ကာ စောင်အောက်ထဲမှ လက်ကို ဆန့်တန်းလိုက်သည်။ သူ၏လက်က ညဝတ်အကျႌ၏အောက်မှ ပေါ်သို့ တဖြည်းဖြည်းတက်လာသည်။ အဓိကနေရာသို့ရောက်သည့်အခါ သူ အားပိုထည့်လိုက်၏။

"အင်း... ရှင်တော်တော် ဆိုးတာပဲ”

ဇီယန် မျက်လုံးဖွင့်လိုက်သည်။ မြွေတစ်ကောင်ပမာ ကျန်းဟန်၏ခန္ဓာကိုယ်အား ဖိလိုက်၏။

သူမ ကျန်းဟန်အား နူးညံ့သိမ်မွေ့စွာ စိုက်ကြည့်ရင်း တိုးတိုးလေးပြောသည်။ "ရှင်က ကျွန်မကို လက်ထပ်ခွင့်မတောင်းရသေးဘဲ ကျွန်မမိသားစုဆီမှာ တောင်းရမ်းချင်နေပြီ”

"အဲဒါကို အကြွေးမှတ်ထားလိုက် ဟုတ်ပြီလား။ ကိုယ်က အဲဒါကို ထူးခြားတဲ့အခိုက်အတန့်လေးမှာ လုပ်ချင်တာ" ကျန်းဟန်က နူးညံ့စွာပြောသည်။

-အပိုင်း(၂) အခန်း(၄၂၀-က) ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၃)] အခန်း(၄၂၀-ခ) လက်ထပ်ခွင့်တောင်းရန် စဉ်းစားခြင်း(၂)

"ဟွန့် ဒါဆို ကျွန်မကို ချစ်တယ်လို့ပြော" ဇီယန်က မျက်လုံးလှလှလေးများဖြင့် တလဲ့လဲ့ကြည့်ရင်း ပြောသည်။

"ကိုယ်မင်းကို ချစ်တယ်"

"မွ"

ဇီယန်က အနားတိုးကပ်ကာ ကျန်းဟန်အား နမ်းလိုက်သည်။

"နောက်တစ်ခေါက် ထပ်ပြောဦး”

"ကိုယ်မင်းကို ချစ်တယ်”

"မွ”

"မင်း ကိုယ့်ကို လက်ထပ်ချင်လား”

"ကျွန်မ အဲဒါကို မျှော်နေတာ”

"မွ”

ကျန်းဟန်က ဇီယန်၏ ခေါင်းကို နောက်ပြန်ဆုတ်ခွင့်မပေးတော့ဘဲ နှစ်ယောက်သား အနမ်းရှည်ကြီး ပြင်းပြစွာ နမ်းလိုက်ကြသည်။

သူတို့ အချိန်များကို မေ့သွား၏။ သို့သော် ၎င်းက အတော်ကြာသွားသည်ကိုတော့ သိကြသည်။ ဇီယန်၏ညဝတ်အင်္ကျီများ သူမ၏ခန္ဓာကိုယ်နှင့် ကင်းကွာသွားသည်နှင့် နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ဖက်တွယ်ထားကြရင်း ပို၍ပို၍ ပူလောင်လာကြသည်။

ကျန်းဟန်သည် ဇီယန်ကို ပွေ့ချီကာ ဒုတိယအိပ်ခန်းဆီသို့ သွားလိုက်ပြီး တံခါးကို ပိတ်လိုက်၏။

ဇီယန်၏ ချိုမြိန်၍ ဆက်ဆီကျဆွဲဆောင်မှုရှိသော ညည်း ညူးသံများကို တိုးညှင်းစွာ ကြားလိုက်ရသည်။ နောက်ဆုံးတွင် သူမကိုယ်သူမ မထိန်းချုပ်နိုင်တော့ဘဲ ကျယ်လောင်စွာ ညည်းညူမိတော့သည်။

တစ်ချိန်တည်းမှာပင် လဆန်းတောင်၏နောက်၌ ကားနှစ် စီး တိတ်ဆိတ်စွာ ရပ်ထားသည်။

ရှေ့ဆုံးတွင် ကောင်းကင်ဆေးလုံးဂိုဏ်းမှ ကာကွယ်သူတု က ဦးဆောင်ပြီး တပည့်အချို့က သူ့နောက်မှ လိုက်လာကြ သည်။

သူတို့သည် ဟောင်ကောင်သို့ ရောက်နေသည်မှာ သုံးနှစ် ကျော်ရှိပြီဖြစ်ပြီး သူတို့၏ပစ်မှတ်မှာ ဒြပ်စင်ငါးမျိုးဆေးမီးဖို ဖြစ်သည်။

တစ်ခါတစ်ရံ ကာကွယ်သူတုသည် ဒြပ်စင်ငါးမျိုးဆေးမီးဖို ကို ကြည့်ရှုရန် ရတနာစံအိမ်သို့ သွားလေ့ရှိ၏။ သို့သော် နောက်ဆုံးတစ်ခေါက် သူ ရောက်ရှိသွားချိန်တွင် ဆေးမီးဖိုမှာ မ ရှိတော့သည်ကို တွေ့လိုက်ရသည်။

"ဒြပ်စင်ငါးမျိုးဆေးမီးဖိုက ပျောက်သွားပြီလား”

သူ ထိတ်လန့်သွားပြီး လဲ့ထျန်းနန်အား အမြန်ဖုန်း ခေါ်သည်။ သို့သော် သူရရှိခဲ့သည့် သတင်းအချက်အလက်များ က သူ့အား စိတ်ပျက်သွားစေခဲ့သည်။

"ဒြပင်စပ်ငါးမျိုးဆေးမီးဖိုကို ယာယီအားဖြင့် လဲလှယ်ခွင့်မ ရှိသေးဘူး” ဟူ၍ပင်။

"အဲဒါကို ပယ်ဖျက်လိုက်တာလား”

ကာကွယ်သူတု ဒေါသထွက်သွား၏။ သူ စုံစမ်းမှုအချို့ ပြုလုပ်ပြီးနောက် ၎င်းကို ယူသွားသူမှာ ကျန်းဟန်ယန် ဖြစ်ကြောင်း တွေ့ရှိသွားခဲ့သည်။

"သူယူသွားတာလား"

ကာကွယ်သူတု အကူအညီမဲ့သွား၏။

ထူးဆန်းတောင်ထိပ်ကျွန်းမှ တိုက်ပွဲနှင့် ဟဲချင်းတန်၏ခန္ဓာကိုယ်ထဲမှ ပျံထွက်လာသည့် ကတ်ပြားများကို တွေးမိလိုက်တိုင်း သူ ကြောက်ရွံ့မိသည်။

သူ ၎င်းကို လက်မလွှတ်နိုင်သည့်အတွက် အခြားသူများကို စုံစမ်းခိုင်းခဲ့သည်။ ထိုနောက်တွင် ဒြပ်စင်ငါးမျိုးဆေးမီးဖိုက ထိုတောင်ပေါ်တွင်ရှိနေကြောင်း သိရှိခဲ့ပြီး ၎င်းအပြင် ရတနာများစွာလည်း ရှိနေသေးသည်။

သို့သော် တောင်ပေါ်တွင် စောင့်ကြပ်နေသည်က စိတ်ဝိညဉ်သားရဲနှစ်ကောင်သာရှိ၏။

"ငါ လုပ်ရမလား"

ကာကွယ်သူတု၏မျက်လုံးများမှာ လဆန်းတောင်ပေါ်ကို စိုက်ကြည့်နေသည်။

သူ၏လက်ဖဝါးများက တုန်ယင်နေသည်။

ငါ အဲဒါကို ယူပြီးရင် ဟောင်ကောင်ကနေ ထွက်သွားရင်ရော...

ဒါပေမယ့် အဲ့လိုဆို ငါ သူ့ရဲ့ရန်သူဖြစ်သွားလိမ့်မဘ်...

သူ ငါ့ကို ကလဲ့စားချင်ဖို့ရောက်လာရင် ဘယ်လိုဖြစ်မလဲ...

ငါ့ရဲ့ခွန်အားနဲ့ဆို ချက်ချင်းအသတ်ခံရမှာ...

ကောင်းကင်ဆေးလုံးဂိုဏ်းထဲမှာဆို စိုးရိမ်စရာမရှိပေမယ့် ငါ တစ်သက်လုံး ဂိုဏ်းထဲကနေ မထွက်ဘဲ နေမှာ မဟုတ်ဘူး...

ငါ ဘယ်လုပ်ရမလဲ...

ကာကွယ်သူတု မျက်တောင်ပင်မခတ်ဘဲ တုံ့ဆိုင်းနေပြီး သူ၏မျက်လုံးများ အနည်းငယ် နီလာသည်။

"စီနီယာ…" နောက်ဘက်မှ တပည့်ငယ်တစ်ယောက်က သတိပေးသည်။ "ကျွန်တော်တို့ လုပ်မှာလား"

"ငါ လုပ်သင့်လား မလုပ်သင့်ဘူးလား"

ကာကွယ်သူတို့၏တစ်ကိုယ်လုံး တုန်ယင်လာသည်။

သူ၏စိတ်မှာ နောက်ဆုံးအခိုက်အတန့်၌ လွန်ဆွဲနေဆဲ ဖြစ်သည်။

သို့သော် တဖြည်းဖြည်းနှင့် ထူးဆန်းတောင်ထိပ်ကျွန်း၌ ဟဲချန်းတန်၏ သေဆုံးသွားသည့် မြင်ကွင်းက သူ၏စိတ်ထဲတွင် မြင်ယောင်လာသည်။

၎င်းက သူ၏ကျောရိုးတစ်လျှောက် စိမ့်တက်သွားစေ၏။

"ဟူး…"

သူ အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး စိတ်ပျက်လက်ပျက်ဖြင့် "သွားကြမယ်။ နံပါတ်ရှစ်အကြီးအကဲကို.. ငါတို့မစ်ရှင်ကျရှုံးတယ်လို့ ပြောလိုက်တော့"

"အင်း သွားကြမယ်။ ဟဲချင်းတန်ကို သတ်နိုင်တဲ့သူကို ကျွန်တော်တို့ ရန်စလို့မရဘူး။ ဟုတ်တယ်မလား" အခြား တပည့်ငယ်တစ်ယောက်က အမြန်ပြောသည်။ "ကျွန်တော်တို့ ဒီမှာ ၁၀ မိနစ်လောက် ရပ်နေခဲ့တာ။ ကျွန်တော်တို့ကို တွေ့ သွားရင် အဆုံးသတ်ကောင်းမှာ မဟုတ်ဘူး"

အခြားသူများကလည်း ထောက်ခံသည်။ "သွားကြ ရအောင်"

သူတို့ ကားပေါ်တက်တော့မည့်အချိန်တွင် ရုတ်တရက် ရှေ့မှတောအုပ်ကို ကြည့်လိုက်ပြီး တုန်လှုပ်သွားသည်။

တောအုပ်ထဲမှ တစ္ဆေတစ်ကောင်ပမာ အနက်ရောင်အရိပ် တစ်ခု ထွက်လာသည်ကို တွေ့လိုက်ရသည်။

၎င်း၏အကြည့်က ဆာလောင်နေသည့်ဝံပုလွေပမာ ရက်စက်ကြမ်းကြုတ်နေပြီး ၎င်း၏ပါးစပ်ထဲရှိ အစွယ်များက အေးကစ်စက်အလင်းရောင်များ လက်နေသည်။

"ဘာ... ဘာကြီးလဲ"

"အရမ်းကြမ်းကြုတ်တာပဲ"

တပည့်ငယ်နှစ်ယောက်၏အမူအရာမှာ အနည်းငယ် တောင့်တင်းသွားသည်။

"သွားကြရအောင်။ အသာလေးနောက်ဆုတ်ကြ"

ကာကွယ်သူတုမှာ သူ့ရှေ့မလှမ်းမကမ်းရှိ ရှောင်ပေါးဆီမှ ခြိမ်းခြောက်မှုကို ခံစားလိုက်ရသဖြင့် စိုးရိမ်သွားသည်။

"ဒီစိတ်ဝိညာဉ်သားရဲက သေချာပေါက် မြေကမ္ဘာအဆင့်မာ စတာထက် ပိုပြီးသန်မာတယ်"

သူ ကြောက်လန့်သွားပြီး အသံတိုးတိုးဖြင့် ပြောလိုက် သည်။ ထိုနောက် ဖြည်းဖြည်းချင်း ကားဆီသို့ ပြန်လာပြီး ကား ပေါ်တက်ကာ ထွက်ခွာသွားခဲ့သည်။

ရှောင်ပေါးသည် ကားကို အေးစက်စွာဖြင့် ခဏလောက် စိုက်ကြည့်နေပြီးနောက် လှည့်ထွက်လာခဲ့သည်။ တောင်

နောက်ဘက်သို့ ပြန်ရောက်သည့်အခါ တာဟေးက ဟောက်နေဆဲဖြစ်ကြောင်း တွေ့လိုက်ရ၏။

"ဒီကောင့်ကို ကြည့်စမ်း။ လဆန်းတောင်မှာ တစ်ခုခုပျောက်သွားရင်တောင် ဘာမှသိမှာမဟုတ်ဘူး”

ကံကောင်းစွာဖြင့် ရှောင်ဟေးက အားကိုးရသည်။

ရှောင်ဟေးသည် တာဟေး၏ဘေးတွင် လှဲလိုက်ပြီး မျက်လုံးများကို မှိတ်ကာ အိပ်ပျော်သွားခဲ့သည်။

ကားနှစ်စီးထဲမှ တစ်စီးတွင် ကာကွယ်သူတုသည် အသက်ပြင်းပြင်းရှူလိုက်ပြီး ခေါင်းကိုအကြိမ်ကြိမ် ခါယမ်းနေသည်။

"ငါတို့ တောင်ပေါ်ကိုသွားခဲ့င်တောင် ဘာမှ ယူလာလို့မရမှာ စိုးမိတယ်။ ဒီလောက်အဆင့်မြင့်တဲ့ စိတ်ဝိညာဉ်သားရဲတစ်ကောင်ကို သူ ဘယ်ကရှာတွေ့တာလဲ။ မယုံနိုင်စရာပဲ”

"သူ့ကို စော်ကားလို့မရဘူး”

"သူ့ကို စော်ကားလို့မရဘူး"

ကာကွယ်သူတုသည် ဒြပ်စင်ငါးမျိုးဆေးမီးဖိုကို လဲလှယ်နိုင်ခဲ့လျှင်ပင် ၎င်းကို နံပါတ်ရှစ်အကြီးအကဲအား ပေးရန်လိုသေးသည့်အတွက် သူ၏အတွေးကို လုံးဝ လက်လျှော့လိုက်သည်။ ၎င်းကို ခိုးယူရန်အတွက် သူ့အသက်ကို စွန့်စားဖို့မလိုပဲဟု ထင်သည်။

နံပါတ်ရှစ်အကြီးအကဲ၏တပည့်မှလွဲ၍ အခြားသူများအားလုံး သူနှင့်အတွေးတူကြောင်း သိရှိသည်။

အမှတ်တွေအတွက် အကြွင်နာမဲ့တဲ့မာစတာကျန်းကို ရန်စရမှာလား...

အဲ့ဒါ မတန်ဘူး။ နံပါတ်ရှစ်အကြီးအကဲရဲ့ခွန်အားက ဟဲချင်းတန်နဲ့အတူတူလောက်ပဲ။ သူ့ကို မာစတာကျန်းက ချက်ချင်းသတ်ပစ်နိုင်တယ်။ ဒီနေ့ ခိုးတဲ့ကိစ္စအောင်မြင်ရင်တောင် သူက ခေါင်းရှောင်ပြီး ငါ့ပေါ် အပြစ်ပုံချရင် ဘယ်လိုလုပ်မလဲ...

သေသေချာချာစဉ်းစားပြီးနောက် မစွန့်စားရန် ဆုံးဖြတ်လိုက်သည်။

ကာကွယ်သူတုသည် အမှတ် ၈၀၀,၀၀၀ ကို သူ့ကိုယ်ပိုင်အသုံးပြုရန် အရင်းမြစ်များစွာဖြင့် လဲလှယ်နိုင်မည်ဟု တွေးခဲ့သည်။

နံပါတ်ရှစ်အကြီးအကဲထံမှ မှော်ဆေးလုံးများနှင့်ဆေးညွှန်းကို မရနိုင်လျှင်ပင် သူ့အတွက် များစွာအကျိုးရှိနေဆဲဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

ခဏလောက်စဉ်းစားပြီးနောက် သူတို့ စိတ်အေးလက်အေးဖြင့် သူတို့၏နေထိုင်ရာသို့ တန်းတန်းမတ်မတ်ပြန်မောင်းလာကြသည်။

ထိုအချိန်အတွင်း၌ စားသောက်ဆိုင်တွင်...

တိုးလျှန်းညှံ့သည့်အသံများက ည ၁၂ နာရီထိ အရပ်သေးချေ။ အသံများ ရုတ်တယ်ကျယ်လောင်လာပြီးနောက် ဒုတိယအိပ်ခန်းမှာ တိတ်ဆိတ်သွားသည်။

သို့သော် မိနစ် ၂၀ ခန့်ကြာပြီးနောက် ဒုတိယအိပ်ခန်းထဲမှ စည်းချက်ကျကျ အသံတချို့ ထပ်မံထွက်ပေါ်လာပြန်သည်။

သူတို့ နောက်တစ်ကြိမ် ထပ်လုပ်နေကြသည့်ပုံပင်။

...

နောက်တစ်နေ့ မနက်ခြောက်နာရီခွဲတွင်...

ကျန်းဟန်က မနက်စာချက်ပြုတ်ရန် အော်ကထပ်သို့ ဆင်းသွားပြီး ဧည့်ခန်းမှာအိပ်ပျော်နေဆဲဖြစ်သည်။

သို့သော် သိပ်မကြာလိုက် ၇ နာရီထိုးတွင် မုန့်မုန့်ကြောင့် သူမ နိုးလာခဲ့သည်။

သူတို့ အိပ်ရာထကာ မျက်နှာသစ်သွားတိုက်ကြသည်။ ထိုအချိန်တွင် စားသုံးသူများ တစ်ယောက်ပြီးတစ်ယောက်

ရောက်လာကြ၏။ မိနစ်အနည်းငယ်ကြာပြီးနောက် ဝမ်မင်၊ ကျန်းလီနှင့် အခြားသူများလည်း ရောက်လာကြသည်။

ဝမ်မင်နှင့် ယုံကျားရှင်းတို့နှစ်ဦးစလုံးသည် မနက်စောစော ထလေ့ရှိကြ၏။ ခြောက်နာရီထိုးတွင် သူတို့ ကုမ္ပဏီ၏ဒုတိယ ထပ်၌ လေ့ကျင့်ခန်းခဏလုပ်ကြသည်။ အားလုံးအိပ်ရာထ သည့်အချိန်တွင် အဝတ်အစားလဲကာ စားသောက်ဆိုင်သို့ လာ ခဲ့ကြ၏။

သို့သော် ယနေ့တွင် သူတို့နှစ်ဦး စောစောထကြခြင်း မဟုတ်ချေ။ ၎င်းက... သူတို့ တစ်ညလုံး အိပ်မပျော်ခဲ့ခြင်းပင်။

မနေ့ညက သူတို့ ပြန်လာပြီးနောက် ဆေးလုံးကို စားခဲ့ကြ သည်။

ဝမ်မင် ရုတ်တရက် တစ်စုံတစ်ရာ တွေ့ရှိသွား၏။

"ငါ အဆင့်ချိုးဖြတ်ပြီး ဝူတာအိုဂရန်းမာတစာဖြစ်လာပြီ"

"ဂရန်းမာစတာ"

"ဝူတာအိုဂရန်းမာစတာ"

"ကြောက်ဖို့ကောင်းတဲ့ဝူတာအိုဂရန်းမာစတာ"

ဝမ်မင်မှာ အိပ်မက်ထဲရောက်နေသလို ခံစားနေရပြီး အလွန်စိတ်လှုပ်ရှားနေ၏။

ယုံကျားရှင်းသည် နက်နဲအဆင့်မှ ကောင်းကင်အဆင့် နောက်ပိုင်းသို့ ချိုးဖြတ်ဝင်ရောက်သွားသည်။ ဝမ်မင်မှာ မယုံကြည်နိုင်လောက်အောင်ဖြစ်နေ၏။ ၎င်းက အလွန်ကြောက်ဖို့ကောင်းသည်။

ညသန်းခေါင်အချိန်တွင် သူ့အဖေ ဝမ်ကျန်းဇုန်၏ဖုန်းကို ခေါ်လိုက်သည်။ ပထမအကြိမ်တွင် မည်သူမျှ ဖုန်းမကိုင်သဖြင့် နောက်တစ်ကြိမ် ထပ်ခေါ်သည်။

နောက်ဆုံးတွင် ပဉ္စမအကြိမ်၌ ဖုန်းကိုင်လာသည်။

"ကောင်စုတ်လေး ဒီလောက်ညနက်မှ ဘာလို့ ငါ့ကို ဖုန်းခေါ်တာလဲ။ ငါ ဝက်ပေါက်ပါတစ်ခုကို လေ့လာနေတာ"

"အဖေ ကျွန်တော်အခု ဂရန်းမာစတာဖြစ်နေပြီ"

"ဘာဂရန်းမာစတာလဲ" ဝမ်ကျန်းဇုန်က စိတ်ရှုပ်ထွေးစွာဖြင့် မေးသည်။

"ဝူတာအိုဂရန်းမာစတာလေ။ ကျွန်တော်အခု ဝူတာအိုဂရန်းမာစတာတစ်ယောက်ဖြစ်နေပြီ။ ကျွန်တော် အဆင့်ချိုးဖြတ်နိုင်ခဲ့တယ်။ အခု ကျွန်တော်က ဝမ်မိသားစုရဲ့ စတုတ္ထမြောက် ဂရန်းမာစတာပဲ" ဝမ်မင်က စိတ်လှုပ်ရှားစွာ ပြောသည်။

"ဘာ"

"ကလောက်...."

ဖုန်းထဲမှာ အသံတစ်ခု ကြားလိုက်ရသည်။ ကြည့်ရတာ ဖုန်းလွတ်ကျသွားပုံရ၏။

ထိုနောက် ဝမ်ကျန်းဇုန်က အမြန်မေးသည်။ "မင်းဘာပြောလိုက်တယ်။ ထပ်ပြောစမ်း"

"ကျွန်တော် အဆင့်ချိုးဖြတ်ပြီး ဂရန်းမာစတာဖြစ်လာပြီလို့။ အဲဒါအကုန်လုံး ရှောင်ဟာန်ရဲ့ ကျေးဇူးကြောင့်ပဲ။ သူက မှော်ဆေးပညာကိုလည်း တတ်တယ်။ အရမ်းကိုအစွမ်းထက်တာ။ သူ့ရဲ့ဝက်ပါစွမ်းရည်ထက်တောင် ပိုအစွမ်းထက်သေးတယ်။ ကျွန်တော်...”

ဝမ်မင်က ခဏကြာအောင် ရှင်းပြပြီးနောက် ဝမ်ကျန်းဇုန်မှာ မိနစ်အနည်းငယ်ကြာ တိတ်ဆိတ်သွားပြီး နောက်ဆုံးတွင်သူ စိတ်လှုပ်ရှားမှုများဖြင့် သက်ပြင်းချလိုက်သည်။

"သူက တကယ့်ပါရမီရှင်တစ်ယောက်ပဲ။ မယုံနိုင်စရာကောင်းလွန်းတာဘဲ။ သူက ကမ္ဘာပေါ်က ပါရမီရှင်အားလုံးကို အနိုင်ယူပြီး ကုန်းမြေတစ်ခုလုံးရဲ့ဘုရင်ဖြစ်လာမှာ ငါ မြင်ယောင်နေတယ်...”

သူနှင့် ယုံကျားရှင်းတို့ အလွန်စိတ်လှုပ်ရှားနေခဲ့ပြီး တစ်ညလုံး အိပ်မပျော်ခဲ့ကြချေ။

သူတို့သာမက အခြားသူများလည်း အိပ်၍မပျော်ကြ။

ငင်းတို့မှာ ကျောက်ဖုန်း၊ နည်းပြလျို၊ အားဟူ၊ လန်ယွဲ့နှင့် အခြားသူများဖြစ်သည်။

တတိယထပ်၏ လေ့ကျင့်ရေးခန်းမတွင် သူတို့ ဆေးလုံးများကို စားခဲ့ကြသည်။ ထိုနောက်...

"ဝိုး ဟားဟားဟား.. ချီစွမ်းအားမာစတာ။ အံ့သြစရာပဲ။ ငါ ချီစွမ်းအားမာစတာဖြစ်လာပြီ။ ငါအခု ဖုန်းခေါ်ရမယ်။ ဟဲလို ဦးလေး။ ကျွန်တော် ဦးလေးကို သတင်းကောင်းတစ်ခု ပြောစရာရှိတယ်။ ကျွန်တော် ချီစွမ်းအားမာစတာဖြစ်လာပြီ..."

"ချီစွမ်းအားမာစတာ။ မိုက်လိုက်တာ" အားဟူ၏မျက်လုံးများမှာ စိတ်လှုပ်ရှားမှုများဖြင့် တောက်ပနေသည်။ သူက မုံ့ကြီးအား ကြည့်ကာ ရယ်မော၍ ပြောသည်။ "ငါတို့ တစ်ပွဲလောက် တိုက်ခိုက်ကြမလား"

"ငါမင်းကို ကြောက်နေမှာမဟုတ်ဘူး" မုံ့ကြီးက နှာခေါင်းရှုံ့လိုက်သည်။

ထိုနောက် သူတို့နှစ်ယောက် တိုက်ခိုက်ကြ၏။

ကျန်သည့်သုံးယောက် ကျောက်ဖုန်း၊ လန်ယွဲ့နှင့် ရှုယုံတို့လည်း အလွန်စိတ်လှုပ်ရှားနေကြသော်လည်း သူတို့ နေရာတွင်ပင် ထိုင်နေကြဆဲဖြစ်၏။ သူတို့ အတော်လေး တည်ငြိမ်နေကြ၏။

"ချီစွမ်းအားမာစတာ…" ကျောက်ဖုန်း လက်သီးဆုပ်လိုက်သည်။

ကြီးမားသည့်စွမ်းအားကိုခံစားမိပြီးနောက် သူ မှင်တက်သွားသည်။

လွန်ခဲ့သည့်နှစ်လကျော်က သူသည် မြေအောက်လောက၏ခေါင်းဆောင်ငယ်တစ်ဦးသာဖြစ်သည်။ အမှန်ပင် သူသည် ခေါင်းဆောင်ငယ်တစ်ဦးသာဖြစ်သည်။ သို့သော် လက်ရှိတွင် သူသည် သူ့ဆရာ၏အကူအညီကြောင့် ချီစွမ်းအားမာစတာအဆင့် သိုင်းပညာရှင်တစ်ယောက်ဖြစ်လာခဲ့သည်။

"ဆရာက ငါ့ကို ဒုတိယအသက်ပေးခဲ့တယ်။ ငါ ကျောက်ဖုန်း ငါ့အသက်ကို သူ့အတွက် ပြန်ပြီးပေးဆယ်သွားမယ်"

ကျောက်ဖုန်းသည် မျက်ဝန်းများတွင် ခိုင်မာမှုများဖြင့် သူ၏ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်။ သူ လျင်မြန်စွာ ထရပ်လိုက်ပြီး မဟာရာနတ်ဆိုးအရိပ်၏ ရိုးရှင်းသည့်ပုံစံကို ပြုလုပ်လိုက်သည်။ ကျန်ရှိနေသည့်လှုပ်ရှားမှုများအားလုံးကို သူ ကျွမ်းကျင်လုနီးပါးဖြစ်နေသည်ကို တွေ့လိုက်ရ၏။

လန်ယွဲ့နှင့် ရှုယုံတို့လည်း ၎င်းကိုမြင်ပြီးနောက် စတင်လေ့ကျင့်ကြသည်။

သူတို့ကိုယ်တိုင် ကြိုးစားအားထုတ်ခဲ့မှုများကြောင့် ဤအခွင့်အရေးများ ရရှိလာခြင်းဖြစ်ကြောင်း သူတို့ သိကြသည်။ ချီစွမ်းအားမာစတာအဆင့်သို့ အဆင့်တက်ခဲ့ခြင်းကြောင့် သူတို့ ပျင်းရိနေကြမည်မဟုတ်ချေ။ သူတို့နှင့် သူ့ဌေးကြားရှိ ကွာဟချက်မှာ အလွန်ကြီးမားကြောင်း သိကြသည်။ သူတို့လည်း ရည်မှန်းချက်ကြီးကြီးထားကြ၏။ တစ်နေ့တွင် သူ

တို့သည် သူဌေး၏အရည်အချင်းအရှိဆုံး လက်ထောက်များ ဖြစ်လာနိုင်မည်ဟု မျှော်လင့်ကြသည်။

ထို့ကြောင့် သူတို့သည် သူတို့၏ခွန်အားနှင့် ရင်းနှီးကျွမ်းဝင်ရန် တစ်ညလုံး လေ့ကျင့်ခဲ့ကြသည်။ အထွတ်အထိပ် အဆင့်မှ ချီစွမ်းအားအဆင့်သို့ တက်ရောက်လာပြီး ခွန်အားကို ထိန်းညှိနိုင်ရန် အချိန်အနည်းငယ် လိုအပ်သည်။

မနက်မိုးလင်းသည့်အချိန်မှ နောက်ဆုံး၌ သူတို့ တည်ငြိမ်သွားခဲ့ကြသည်။ ကျောက်ဖုန်းနှင့် အခြားသူများ စားသောက်ဆိုင်သို့ ရောက်သည့်အခါ ကျန်းဟန်က အစားအသောက်များကို ဒုတိယထပ်သို့ သယ်သွားတော့မည့် အချိန်ဖြစ်သည်။

အဆင့်တက်ခြင်းနှင့်ပတ်သက်၍ သူတို့ ဘာမှမပြောခဲ့ကြချေ။ ဆိုင်ထဲတွင် စားသုံးသူများစွာ ရှိနေသေးသည်မဟုတ်ပါလား။ သို့သော် သူတို့၏အာရုံကို စွဲဆောင်သွားသည့် အခြားအရာများ ရှိနေခဲ့သည်။

-အပိုင်း(၃) အခန်း(၄၂၀-ခ) ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၄)] အခန်း(၄၂၀-ဂ) လက်ထပ်ခွင့်တောင်းရန် စဉ်းစားခြင်း(၃)

ဝမ်မင်နှင့် ယုံကျားရှင်းအပါအဝင် မနက်စာအား မကြည့်ဘဲနေနိုင်သည့်သူ တစ်ယောက်မှ မရှိချေ။

"ဝိုး ငါတို့ ပေါက်စီလေးတွေ ထပ်ပြီး စားရဦးမှဦးပေါ့။ အစ်ကို အစာသွတ်က ဘာလဲ" ကျန်းလီက ပြုံးကာ မေးသည်။

"အသီးအရွက်အစာသွတ် ပေါက်စီလေးတွေနဲ့ ဖက်ထုပ်စွပ်ပြုတ်" ကျန်းဟန်က ပြန်ဖြေပြီး ဒုတိယထပ်သို့ ဦးဆောင်တက်သွားသည်။

ပေါက်စီများအပြည်င် နွားနို့၊ ဆိတ်နို့၊ ကြက်ဥပြုတ်၊ ဆန်ပြုတ်၊ အာလူးသတ်နှင့် ရုံးပတီသီးသုတ်လည်းရှိသေးသည်။

မနက်စာက အလွန်လန်းဆန်း၏။

"လန်းဆန်း” ဆိုသည့် စကားလုံးမှာ အလွန်တိကျသည်။

ပေါက်စီလေးများမှာ အလွန်မွေး၏။ တစ်ကိုက်ကိုက်လိုက်ပြီးနောက် နူးညံ့သည့်အပြင်သားနှင့် လက်ဆတ်သည့် အသီးအရွက်အစာသွပ်ကို ခံစားရပေလိမ့်မည်။ အချို့သော ဟင်းခတ်အမွှေးအကြိုင်များဖြင့် သားသက်လွတ်အစားအစာကို ကြိုက်နှစ်သက်သူများ စွဲလန်းသွားပေလိမ့်မည်။

အသားကြိုက်သူများအတွက်တော့ ဖက်ထုပ်စွပ်ပြုတ်ကာ ပို၍ ဆွဲဆောင်မှုရှိပေမည်။ တစ်ကိုက်ကိုက်ပြီးနောက်တွင် အရသာရှိသည့် စွပ်ပြုတ်ဟင်းရည်အရသာက သွားများကို ဖြတ်၍ အာခံတွင်းတစ်ခုလုံးကို သိမ်းပိုက်သွားသည်။ ၎င်းက

အသား၏ထူးခြားမှုနှင့်အတူ လတ်ဆတ်မှုနှင့် ပြင်းပြသည့်ရနံ့ရှိသည်။

တစ်ကိုက်စားလိုက်သည်နှင့် မုန့်နှစ်နှင့် အသား အံ့သြဖွယ်ပေါင်းစပ်ထားမှုကို ခံစားရမည်ဖြစ်သည်။ ထိုအရသာ လူတစ်ယောက်၏ဝိညာဉ်ကိုပင် ဖမ်းစားနိုင်သည်။

ဟင်းခတ်အမွှေးအကြိုင်အချို့ဖြင့် ၎င်း၏အရသာကိုသင့်တင့်သွားစေပြီး ပိုမိုပြင်းထန်သည့်အရသာဖြစ်သွားစေသည်။

အောက်ထပ်တွင် အသက်ကြီးကြီးစားသုံးသူများမှာပေါက်စီအနည်းငယ်ကို စားလိုက်သည့်အချိန်တွင် စိတ်ခံစားချက်များဖြင့် သက်ပြင်းချရင်း ခေါင်းယမ်းကြသည်။

"ဒီပေါက်စီက ငါငယ်ငယ်က စားခဲ့ရတဲ့ အသားပေါက်စီစစ်စစ်နဲ့တူတယ်။ တစ်ကိုက်ကိုက်လိုက်တာနဲ့ ဆီတွေထွက်လာတာ”

"ဒါပေမယ့် ဒီပေါက်စီက ငါ့မှတ်ဉာဉ်ထဲကပေါက်စီထက် ပို ပြီး အရသာရှိတယ်"

မနက်စာ၏မွှေးရနံ့က တစ်ခန်းလုံးကို လွှမ်းခြုံသွားသည်။

မနက်စာစားပြီးနောက် အားလုံး ထိုင်ကာ စကားပြောရင်း အနားယူကြသည်။

ကျန်းဟန် မီးဖိုချောင် သန့်ရှင်းရေးလုပ်နေစဉ် တံခါးဝမှ လူတစ်ယောက် ဝင်လာသည်။

စွန်းဒုန်ဟမ်၏ဘေးနားတွင် ထိုင်နေသည့် ကျောက်ဖုန်းက သူ့အား စိုက်ကြည့်လိုက်၏။

ထိုလူသည် ဂူချန်းဒုန်ဖြစ်ကြောင်း သူသိသည်။

သူသည် နွေးထွေးသည့်အပြုံးဖြင့် ကျန်းဟန်ဆီသို့ လျှောက်သွားသည်ကို မြင်လိုက်ရသောကြောင့် ကျောက်ဖုန်း မတ်တပ်မရပ်တော့။

"မင်္ဂလာပါ မစ္စတာကျန်း။ ကျုပ်က တော်ဝင်အန်တာတိတ်မန့်ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ ဝူချန်းဒုန်ပါ။ ခင်ဗျား ကျုပ်ကို ရှောင်ဝူလို့ ခေါ်လို့ရပါတယ်”

ကျန်းဟန်က စကားမပြောဘဲ သူ့အား တည်ငြိမ်စွာဖြင့် တစ်ချက်ကြည့်ရုံကြည့်လိုက်သည်။

"ဂလု...”

ဒီလိုအကောင်ကြီးကြီးနဲ့စကားပြောရတာ တကယ်အဆင်မပြေဘူး...

ဝူချန်းဒုန် တံတွေးမျိုချလိုက်ပြီး အသံတိုးတိုးဖြင့် ပြောသည်။ "အဲ ကျုပ် အယ်လ်ဘမ်အကြောင်းပြောချင်လို့ ခင်ဗျားရဲ့ဇနီးကို လာတွေ့တာပါ”

"အင်း အပေါ်တက်သွားလိုက်” ကျန်းဟန်က တုံ့ပြန်လိုက်ပြီး အလုပ်ဆက်လုပ်နေသည်။

ဘာအလုပ်လဲ။

သူ ပန်းကန်များ ဆေးနေခြင်းဖြစ်သည်။

ချက်ပြုတ်ခြင်း၊ စားသောက်ခြင်းနှင့် ပန်းကန်ဆေးခြင်းတို့က ကျန်းဟန်အား သာမန်ဘဝနှင့် အလွန်နီးစပ်သည်ဟု ခံစားရစေသည်။ ဤကဲ့သို့သောဘဝမျိုးကို သူ သဘောကျ၏။

ဤကဲ့သို့ ရိုးရှင်းသည့်ဘဝမျိုးကို သူ တောင့်တသည်။

ဝူချန်းဒုန်သည် သူ၏စကားကိုကြားပြီးနောက် ခေါင်းညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါ.. ကျုပ်... ကျုပ် အပေါ်တက်သွားလိုက်ပါ့မယ်"

ပြောပြီးနောက် ပြုံး၍ ဒုတိယထပ်သို့ တက်သွားသည်။

"အားလုံး မင်္ဂလာပါ"

ဝူချန်းဒုန်သည် ဒုတိယထပ်သို့ ရောက်ရှိသည့်အခါ လူများစွာကိုမြင်လိုက်ရသဖြင့် ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်လိုက်သည်။ ထို့နောက် ဇီယန်ကို ကြည့်ကာ ပြောသည်။ "ငါ အယ်လ်ဘမ်အကြောင်း ပြောဖို့လာတာပါ"

"ထိုင်ပါ သူဌေးဝူ"

ဇီယန်က ပြုံး၍ ကျိုးဖေးနှင့်အတူ ရှေ့ရှိ ဆိုဖာငယ်ဆီသို့ လျှောက်သွားသည်။

ယုံကျားရှင်းနှင့် အခြားသူများက သူတို့ အလုပ်ကိစ္စပြောမည်ဖြစ်ကြောင်း သိနေသဖြင့် အသံလျှော့လိုက်ကြသည်။ မုန့်မုန့်က ဆိုဖာပေါ်တွင် ထိုင်ကာ ကာတွန်းကားကို ဂရုတစိုက်ကြည့်နေပြီး ဆူဆူညံညံမလုပ်ချေ။

ဇီယန်နှင့် ကျိုးဖေးတို့ ထိုနေရာသို့ လျှောက်သွားသည်ကို မြင်ပြီး ဝူချန်းဒုန်လည်း နောက်မှလိုက်သွားသည်။

သူ ခဏလောက်စဉ်းစားပြီးနောက် ပြောသည်။ "နောက်ဆုံး MV အတွက် ဇာတ်ဝင်ခန်းတစ်ချို့လိုနေပေမယ့် တခြားဟာတွေထဲကနေ တည်းဖြတ်ပြီးလုပ်ထားလိုက်တယ်။ ၁၅ ရက်နေ့မှာ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ မှန်းထားတာမလား။ ငါးရက်ပဲ လိုတော့တာ။ ဒါကြောင့် မင်း ဘယ်လိုအတွေးရှိလဲလို့ လာမေးတာ"

"အစီအစဉ်အတိုင်းပဲ သွားလိုက်ရအောင်" ဇီယန်က ခဏလောက်စဉ်းစားပြီးနောက် ရုတ်တရက် သူမ၏မျက်လုံးများ တောက်ပသွားသည်။ "ဟုတ်သားပဲ။ နှစ်ရက်အတွင်း ကျွန်မ သီချင်းသစ်တစ်ပုဒ် အပြီးသတ်ဖို့ရှိတယ်။ အဲဒါကို အတူတူ ထုတ်လိုက်လို့ရတယ်။ MV ကိုတော့ ရိုးရိုးရှင်းရှင်း အန်နီမေးရှင်းပဲ လုပ်ချင်တယ်"

"ကောင်းပြီ။ ငါပြန်သွားပြီးရင် အဲဒါကို စီစဉ်လိုက်မယ်" ဝူချန်းဒုန်က သူမ၏လက်အောက်ငယ်သားပမာ ခေါင်းညိတ်သည်။

လူတစ်ယောက်၏ခွန်အားက သူ၏အဆင့်အတန်းကို သတ်မှတ်သည်။ ထိုစကားက အဓိပ္ပာယ်ရှိ၏။

"ငါးရက်ပဲလိုတော့တာ။ ကျွန်မ ဒီနေ့ နောက်ခံတီးလုံးကို လုပ်မယ်။ မနက်ဖြန် အသံသွင်းပြီးရင်တော့ သီချင်းက အဆင်သင့်ဖြစ်မှာပါ" ဇီယန်က ပြောသည်။

"သုံးရက်ကျန်သေးပါတယ်။ သိပ်နောက်မကျပါဘူး" ဝူချန်းဒုန်က ခေါင်းညိတ်သည်။

MV အတွက် နှစ်ရက်ခန့် အချိန်ပိုဆင်းရန် ဌာနမှအဖွဲ့ဝင်များကို ခိုင်းမည်ဟု စီစဉ်ထားသည်။

"ကောင်းပြီ။ အဲဒါပါပဲ" ဇီယန်က ပြောသည်။

"နောက်တစ်ခုရှိသေးတယ်။ ဒီအယ်လ်ဘမ်နဲ့ ပတ်သက်တဲ့ အစည်းအဝေးတစ်ခုလုပ်ခဲ့ပြီး မင်းအတွက် အခမဲ့ ကြော်ငြာပေးဖို့ ဆုံးဖြတ်ခဲ့တယ်။ အကျိုးအမြတ်အားလုံးက မင်းအတွက်ပါ" ဝူချန်းဒုန်က ပြောသည်။

"အဲ့လိုလုပ်ဖို့မလိုပါဘူး။ အဲဒီကအရောင်းပိုင်းကို ကျွန်မရှင်တို့ဆီပဲ ထားခဲ့ပါမယ်။ ကျွန်မ တော်ဝင်အန်တာတိတ်မန့်မှာ နောက်ဆုံးနှုတ်ဆက်ခြင်းအနေနဲ့ ယူထားလိုက်ပါ" ဇီယန်က ပြုံး၍ ပြောသည်။

သူမ၏သီချင်းတော်တော်များများမှာ အဆင့်စာရင်း အားလုံး၏ ထိပ်ဆုံးတွင်ရှိနေသည်။ ပရိသတ်များက သူမ၏သီချင်းသစ်များကို စောင့်မျှော်နေသောကြောင့် အယ်လ်ဘမ်အသစ်၏ရောင်းအားကို မှန်းဆနိုင်ပြီး အောင်မြင်မှုရမည်ဖြစ်ကြောင်း သေချာနေသည်။ ဇီယန်သည် တော်ဝန်အန်တာတိတ်မန့်ကုမ္ပဏီအား ပိုက်ဆံရရှိစေချင်သည်။ ဆရာမားနှင့် အခြားသူများက အလွန်အလုပ်ကြိုးစားခဲ့ကြသည့်အတွက် သူမက ယခုလို ကျေးဇူးသိတတ်မှုကို ပြသလိုက်ခြင်းဖြစ်သည်။ ထို့ပြင် သူမ ၎င်းကို အခွင့်အရေးမယူချင်ပေ။

"ဒါက..” ဝူချန်းဒုန် ဇီယန်အား ကြည့်လိုက်၏။ သူမ အလေးအနက်ပြောနေကြောင်း သိလိုက်သည်။ ထိုေနာက် သူ ခါးသီးစွာပြုံးကာ ခေါင်းညိတ်သည်။ "ကောင်းပြီ။ မူပိုင်ခွင့်စာချုပ်တွေလည်း အဆင်သင့်ဖြစ်နေပြီ။ ကုမ္ပဏီတော်တော်များများက ငါတို့ကို ဆက်သွယ်လာတယ်။ သူတို့က မင်းရဲ့သီချင်းတွေကို သူတို့ရဲ့ရုပ်ရှင်တွေ တီဗီစီးရီးတွေမှာ အဖွင့်

သီချင်းအနေနဲ့ သုံးချင်နေတာ။ ဒီအကြောင်းကိုတော့ အများကြီးမပြောတော့ဘူး”

"အဲဒါကို ကျွန်မနဲ့ထားခဲ့လိုက်ပါ” ကျိုးဖေးက ပြောသည်။

"ကောင်းပြီ။ အနာဂတ်မှာ အလုပ်တွေအဆင်ပြေပြီး ပျော်ရွှင်တဲ့ဘဝကိုပိုင်ဆိုင်ပါစေလို့ ဆုတောင်းပေးပါတယ် ဇီယန်။ ငါ ပြန်တော့မယ်။ သတင်းစာရှင်းလင်းပွဲကျမှ တွေ့တာပေါ့” ဝူချန်ဒုန်က မတ်တပ်ရပ်ကာ ပြုံး၍ဆိုသည်။

"နှုတ်ဆက်ပါတယ်”

ဇီယန်နှင့် ကျိုးဖေးက မတ်တပ်ရပ်ကာ နှုတ်ဆက်သည်။

ထိုနောက် ဝူချန်းဒုန်က နှုတ်ဆက်စကားပြောကာ ပြန်သွားသည်။

ခဏကြာပြီးနောက် ကျန်းဟန် တက်လာ၏။ မုန့်မုန့် ကာကွန်းကားကြည့်ပြီးသွားပြီးနောက် အားလုံး လဆန်းတောင်သို့ ထွက်လာခဲ့ကြသည်။

ကျန်းဟာန်နှင့် အခြားသူများက လဆန်းတောင်သို့ရောက်ရှိပြီးနောက် ထုံးစံအတိုင်း တောင်နောက်ဘက်၌ ခဏတာကစားကြသည်။ ထိုနောက် ကျန်းဟာန်က ဆေးလုံးများကို စတင်သန့်စင်သည်။

ဆေးတစ်အိုးတွင် ဆေးလုံး ၁၀ ကျော် ထွက်ရှိသည့်အတွက် ဆေးလုံးအရေအတွက် ပိုများသည်။ အဆင့်နိမ့်ဆေးများဖြစ်သည့်အတွက် ထိန်းချုပ်ရ ပို၍လွယ်ကူသည်။

မနက်ပိုင်းတွင် ကျန်းဟာန်သည် ဆေးသုံးအိုးဖော်စပ်ခဲ့ပြီး စိတ်ဝိညာဉ်ဆေးပင်များ၏ တစ်ဝက်ခန့်ကျန်နေကာ နေ့လယ်ခင်းတွင် အပြီးသတ်မည်ဖြစ်သည်။

-အခန်း(၄၂၀-ဂ)ပြီး

## အခန်း(၄၂၁-က) ညီမလေးလာမည်(၁)

ကျန်းဟန် မနက်ပိုင်းတွင် ဆေးလုံးများသန့်စင်နေစဉ် ကျောက်ဖုန်းက နောက်ဘက်မှ ခဏလောက် ကြည့်နေပြီး ထို နောက် ကျန်းဟန်ဆီသို့ လျှောက်သွားသည်။

သူ အလွန်စိတ်လှုပ်ရှားနေပုံဖြင့် ပြောသည်။ "ဆရာ ကျွန်တော် ချီစွမ်းအားမာစတာအဆင့်ကိုရောက်ပြီ။ အတွင်း ပိုင်းမရီဒျန်တွေရဲ့ လှုပ်ရှားမှုတွေကို ကျွန်တော် ခံစားနိုင်တယ်။ ရိုးရှင်းတဲ့ဗားရှင်းရဲ့ လှုပ်ရှားမှုတချို့ကိုလည်း ကျွန်တော် လုပ် နိုင်တယ်။ ဒါပေမယ့် နောက်ဆုံးလှုပ်ရှားမှုနည်းနည်းကျရင် အချိန်အကြာကြီး မလုပ်နိုင်ဘူး”

"အင်း”

ကျန်းဟန်က ခေါင်းညိတ်၏။ သူ ပေါ့ပေါ့ပါးပါး ပြုံးလိုက် ပြီး သူ၏မျက်လုံးများက တောက်ပသွားကာ စိတ်ဝိညာဉ်အာရုံ အချို့က ကျောက်ဖုန်း၏စိတ်ထဲသို့ ဝင်ရောက်သွားသည်။

ကျောက်ဖုန်း ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းသွားသလို ခံစားလိုက်ရပြီး သူ၏ရှေ့တွင် မှုန်ဝါးဝါး

ပုံရိပ်တစ်ခုပေါ်လာသည်။ ၎င်းက မဟူရာနတ်ဆိုး အရိပ်၏အသေးစိတ်ရှင်းလင်းချက်များနှင့် လှုပ်ရှားမှုများ အားလုံးကို လုပ်ပြနေသည်။

လှုပ်ရှားမှုများ တစ်ကွက်ပြီးတစ်ကွက်ဖြင့် အားလုံးပြီးသွားသည့်အခါတွင် နားလည်နိုင်စွမ်းမရှိသည့်စွမ်းအားတစ်ခုက သူ၏ခန္ဓာကိုယ်ထဲမှ စိတ်ဝိညာဉ်စွမ်းအားကို ခေါ်ဆောင်သွားပြီး ရှုပ်ထွေးသည့်လမ်းကြောင်းများဖြင့် စက်ဝန်းတစ်ပတ်ပြည့်အောင် လှည့်ပတ်သွားသည်။ ကျောက်ဖုန်းသည် ၎င်းက ဆက်လက်လှည့်ပတ်နေသည်ကို ရှင်းရှင်းလင်းလင်းခံစားနိုင်ပြီး ချီကို အနည်းငယ်ပို၍ ထိန်းချုပ်လာနိုင်ကြောင်း တွေ့ရှိလိုက်သည်။ သူ၏ခန္ဓာကိုယ်အား အားဖြည့်ပေးသည့် နှုန်းမှာလည်း အနည်းငယ် တိုးလာခဲ့သည်။

ဘယ်လောက်ပြင်းထန်လိုက်တဲ့စွမ်းရည်လဲ

ကျောက်ဖုန်း ရင်ထဲတွင် အလွန်စိတ်လှုပ်ရှားနေ၏။ စက်ဝန်းနှစ်ပတ်ပြီးနောက်တွင် ကျောက်ဖုန်းမှာ ၎င်းကို မှတ်မိသွားပြီဖြစ်သည်။

ကျန်းဟန်က သူ၏စိတ်ဝိဉာဉ်စွမ်းအားကို ပြန်လည်သိမ်းဆည်းလိုက်သည်။ ခဏလောက်စဉ်းစားပြီးနောက် သူ့အား သိုင်းကွက်စွမ်းရည်အချို့ကို ထပ်မံသင်ပေးလိုက်သည်။

ကျောက်ဖုန်းသည် လူခန္ဓာကိုယ်၏မရီဒျန်များပါရှိသော ပုံရိပ်တစ်ခု သူ၏စိတ်ထဲတွင် ရှိနေသည်အား ခံစားမိသည်။ ကျန်းဟန်၏အသံနှင့်အတူ ရှုပ်ထွေးသည့်လမ်းကြောင်းများကို ဖြတ်ကာ မရီဒျန်များ၌ အလင်းတန်းအချို့ တောက်ပသွားသည်။

"အဲဒါ မိုးကြိုးကျားစွမ်းရည်ပဲ။ ရှယ့်ုံနဲ့ တခြားသူတွေကို အဲဒါ လေ့ကျင့်ဖို့ ပြောလိုက်။ သူတို့ ဒီစွမ်းရည်နဲ့ ရင်းနှီးသွားရင် တခြားသူတွေနဲ့တိုက်ခိုက်တဲ့အခါ သူတို့ရဲ့ခွန်အားက နှစ်ဆတိုးလာလိမ့်မယ်”

ထိုနောက် လမ်းကြောင်းမှာ ပြောင်းလဲသွားပြီး အလင်းရောင်က ၎င်း၏ပုံစံ ပြောင်းလဲသွားသည်။

"ဒါက အေးစက်သောနှင်းကိုးပါးစွမ်းရည်။ လန်ယွဲ့ကို အဲ ဒါသင်ပေးလိုက်"

ထိုနောက်တွင် ကျောက်ဖုန်း နောက်ဘက်၌ ငါးမိနစ်ခန့် ရပ်နေခဲ့သည်။ အသိပညာအားလုံးကို ကျေညက်သွားပြီး နောက် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့။ ကျွန်တော် ပြန်သွားပြီးရင် ညကျ သူတို့ကို သင်ပေးလိုက်ပါမယ်"

စကားပြောနေရင်းဖြင့် ကျောက်ဖုန်း၏မျက်နှာမှာ စိတ်လှုပ်ရှားမှုများဖြင့် တောက်ပနေသည်။

သူ တာပေးကို တစ်ချက်ခိုးကြည့်လိုက်ပြီး အသံတိုးတိုး ဖြင့် ပြောသည်။ "ဆရာ ကျွန်တော် အခု မာစတာတစ်ယောက် ဖြစ်နေပြီ။ နေ့လယ်ကျရင် တာပေးနဲ့ ပြိုင်ချင်တယ်"

ကျန်းဟန် အံ့အားသင့်သွားပြီး သူ၏မျက်နှာတွင် ထူးဆန်းသည့်အပြုံးတစ်ခု ပေါ်လာသည်။ ထိုနောက် သူ ပြောလိုက်၏။ "ကောင်းပြီ”

"ဒါဆို ကျွန်တော် ခဏလောက် လေ့ကျင့်လိုက်ဦးမယ်” ကျောက်ဖုန်း တောင်ရှေ့ဘက် ရေကန်ဆီသို့ အမြန် ပြန်သွား၏။ ထိုနောက် တင်ပျဉ်ခွေထိုင်ကာ စွမ်းရည်များကို စတင်လေ့ကျင့်သည်။

အချိန်အတော်ကြာပြီးနောက် ကျန်းဟန်ဆီသို့ ဝမ်မင် လျှောက်လာသည်။

သူ၏မျက်နှာထက်တွင် ရှုပ်ထွေးသည့်အမူအရာများဖြင့် "ရှောင်ဟန်”

"အင်း” ကျန်းဟန်က သူ့အား ကြည့်လိုက်၏။

"ငါ…" ဝမ်မင်၏မျက်နှာကြွက်သားများမှာ အနည်းငယ်တုန်ခါသွားပြီး သူ၏ပုံစံက အလွန်ရိုးသားသည်။ "ငါ ဘာပြောရမှန်းမသိဘူး။ ဒါပေမယ့် ကျေးဇူးတင်ပါတယ်။ ငါ….”

၎င်းကိုမြင်တော့ ကျန်းဟန် ပြုံးကာ ခေါင်းကိုအသာယမ်းလိုက်သည်။

"အဲဒါတွေမပြောပါနဲ့။ ဒါက ဦးလေးနဲ့ ထိုက်တန်ပါတယ်။

အရင်က ကျွန်တော် ပြောဖူးတယ်လေ။ ဝမ်မိသားစုက ကျွန်တော့်ရဲ့အပေါ်ကို ကောင်းကောင်းဆက်ဆံတာ ကျွန်တော်တွေ့ရတယ်။ သူက ကျွန်တော့်ရဲ့ဆွေးမျိုးနည်းနည်းလေးထဲက တစ်ယောက်ပါ။ ဒါကြောင့် ဂျူနီယာတစ်ယောက်အနေနဲ့ ကျွန်တော် ကူညီပေးဖို့ ဆန္ဒရှိပါတယ်”

အစွမ်းထက်သည့်ယောကျ်ားတစ်ယောက်နှင့်ဆိုလျှင် သူ၏မိသားစုတစ်ခုလုံး ကြီးပွားတိုးတက်မည်ဖြစ်သည်။ ထိုစကားက ရှေးခေတ်မှ ယနေ့ထိတိုင် တည်ရှိလာပြီး အလွန်ကျိုးကြောင်းသင့်လေသည်။

"ဒါက အစပဲရှိသေးတယ်" ကျန်းဟန်က ဒြပ်စင်ငါးမျိုး ဆေးမီးဖိုကို ကြည့်လိုက်ရင်း ပြောသည်။ "ဦးလေး တခြား ဘယ်သူမှမရှိတဲ့နေရာတစ်ခုရှာပြီး လက်ရှိခန်အားကို ကျင့် သားရအောင် လေ့ကျင့်သင့်တယ်ထင်တယ်။ ဦးလေးရဲ့ခွန်အား က အခု ဂရန်းမာစတာအဆင့်ကိုရောက်နေပြီဆိုတာ ကျွန်တော် ခန့်မှန်းမိတယ်"

"ဟားဟားဟား... မှန်တယ်" ဝမ်မင် ခေါင်းယမ်းကာ ရယ်မောလိုက်သည်။ သူ ရင်ထဲထိသွားပြီး ကျန်းဟန်အား ကြည့်ကာ ပြောလိုက်သည်။ "ငါ လေ့ကျင့်ဖို့ နေရာရှာလိုက်ဦး မယ်"

"အရှေ့ဘက်က တောင်ကုန်းမှာ နေရာကောင်းတယ်" ကျန်းဟန်က ထိုဘက်သို့ မေးငေါ့ပြသည်။

"ကောင်းပြီ"

ဝမ်မင် ခေါင်းညိတ်ပြပြီး ထိုနေရာသို့ လျှောက်သွား၏။ တောအုပ်ထဲသို့ ဝင်ပြီးသည့်အချိန်တွင် သူ အရှိန်ပြင်းစွာ

ပြေးလွှားပြီး စွမ်းအားကြီးမားမှုမှ ဆောင်ယူလာပေးသော ခံစားချက်ကို ခံစားကြည့်သည်။

ကျန်းဟန်က ဆေးလုံးများကို ဆက်လက်သန့်စင်နေခဲ့သည်။

သူသန့်စင်သည့်ဆေးလုံးများမှာ အဆင့်နိမ့်သဖြင့် ကျန်းဟန်သည် စိတ်အေးလက်အေးရှိနေပြီး ရံဖန်ရံခါ မုန့်မုန့်အား သွား၍ ကြည့်ရှုသည်။

မင်းသမီးလေးမှာ အရပ် ၁.၂ မီတာသာရှိပြီး ဧယန် ဝတ်ဆင်ပေးထားသည့်ပုံစံမှာ အလွန်ချစ်စရာကောင်းနေသည်။ အရောင်စုံအဝတ်အစားဖြင့် သူမလေးသည် တောင်နောက်ဘက်၌ ပြေးလွှားခုန်ပေါက်နေပြီး သူမလေး၏ရယ်မောနေသည့်အသံများကို မကြာခဏ ကြားနေရသည်။

ကျန်းဟန် သူမလေးအား ကြည့်လိုက်တိုင်း သူ၏မျက်ဝန်းထဲတွင် နူးညံ့မှုနှင့် သူ၏မျက်နှာပေါ်တွင် သိမ်မွေ့သည့်အပြုံးတစ်ခု ရှိနေသည်။

-အပိုင်း(၄) အခန်း(၄၂၁-က) ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၅)] အခန်း(၄၂၁-ခ) ညီမလေးလာမည်(၂)

ယုံကျားရှင်း၊ ဝမ်ရနှင့် ကျန်းလီတို့မှာ သူမလေး၏ဘေး တွင်ရှိနေပြီး အဓိကအားဖြင့် သူမလေး တာဟေး၊ ရှောင်ဟေး တို့နှင့် ကစားနေသည်ကို စောင့်ကြည့်နေခြင်းဖြစ်သော်လည်း သူတို့ကိုယ်တိုင်လည်း အခြားခွေးများဖြင့် ကစားနေကြသည်။

ဝမ်ရသည် တိတ်ဆိတ်နေခဲ့သော်လည်း အမြဲတမ်း ခပ်တုံး တုံးအရာများကိုလုပ်တတ်သည့် ဟတ်စကီအား နှစ်သက်သည်။

သူမ ၎င်းအား ထိုင်ခိုင်းလိုက်၊ လက်ဆန့်ခိုင်းလိုက်လုပ် နေသည်။ သို့သော် တုံးအသည့်ခွေးလေးမှာ သူ၏နောက် ခြေထောက်ကို ဆန့်ထုတ်နိုင်ရန် အကောင်းဆုံးကြိုးစားနေ၏။

သူတို့ ပျော်ရွှင်စွာ ကစားနေကြပြီး ကျန်းဟန်ကလည်း ဆေးလုံးများကို သန့်စင်နေခဲ့သည်။

၎င်းက အတော်လေးထိရောက်၏။ မနက်ပိုင်းတစ်ပိုင်းလုံးတွင် ဆေးအိုးသုံးအိုး သန့်စင်ခဲ့ပြီး စုစုပေါင်း ဆေးလုံဂ ၅၁ လုံး ရရှိခဲ့သည်။

ထိုဆေးလုံးများသည် ကုသရေးဆေးလုံဂများဖြစ်ပြီး ခွန်အားတိုးစေရန်အတွက် သုံးနိုင်သော်လည်း အကျိုးအာနိသင် သိပ်ပြီး မပြင်းထန်ချေ။

ကျန်းဟန်သည် ဒုတိယအသုတ်ကို မသန့်စင်တော့။ အခြေခံအားဖြင့် ပထမအသုတ် ဆေးလုံးများကို အလယ်အလတ်အဆင့်ပစ္စည်းများအဖြစ် ရည်ရွယ်၍ သန့်စင်ခဲ့သည်။ ထိုသို့ဆိုလျှင် ကုမ္ပဏီရှိ လူ ၁၀၀ နီးပါးကို အထွတ်အထိပ်အဆင့်သို့ တိုးမြှင့်ပေးနိုင်မည်ဖြစ်၏။

ဝံပုလွေခေါင်းတပ်ခွဲ၏ တပ်ဖွဲ့ဝင်တိုင်းကိုလည်း တစ်လုံးစီ ပေးမည်ဖြစ်သည်။ အကြောင်းအရင်းမှာ ယခုတလောအတွင်း သူတို့ တာဝန်များဖြင့် အလုပ်များနေခဲ့သောကြောင့်ပင်။

အထွတ်အထိပ်အဆင့်စစ်သည်အဖွဲ့နှင့်ဆိုလျှင် နည်းပြ လျိုတစ်ယောက် လကိုပင် ကျော်တက်သွားမလား သူမသိချေ။ *(ဘဝင်မြင့်သွားတာကိုပြောချင်တာဖြစ်မယ်)*

ဆေးအိုးသုံးအိုး သန့်စင်ပြီးသည့်အချိန်တွင် ၁၁ နာရီ ၃၀ မိနစ် ရှိနေပြီဖြစ်သည်။

ဝမ်မင်သည် လွန်ခဲ့သည့်တစ်နာရီလောက်က ပျော်ရွှင်စွာ ပြန်လာခဲ့၏။ ကျန်းဟန် ဆေးလုံးသန့်စင်ပြီးသည့်အချိန်တွင် ကျောက်ဖုန်းမှလွဲ၍ လူတိုင်း တောက်ပေါ်မှ ဆင်းလာကြ သည်။

ကျောက်ဖုန်းက တမင်သက်သက် နေခဲ့ခြင်းဖြစ်သည်။ ကျန်းဟန်နှင့် အခြားသူများ တောထဲသို့ ဝင်ရောက်သွားပြီး

နောက်တွင် သူ ပြုံးရွှင်စွာဖြင့် ပြန်လှည့်ကာ တောင်နောက်ဘက်ရှိ တာပေါ်ဆီသို့ လျှောက်သွားသည်။

သူ ဘယ်လက်ကို ညာလက်ဖြင့် ဖိပွတ်ကာ အသံတစ်ချို့ပြုလုပ်လိုက်ပြီး စိတ်လှုပ်ရှားစွာပြောသည်။ "တာပေါ် ငါအခုမာစတာတစ်ယောက်ဖြစ်နေပြီ။ ငါမင်းကို ငါ့ရဲ့ခွန်အားကို မြည်းစမ်းခွင့်ပေးမယ်။ စိတ်မပူပါနဲ့ ငါ မင်းကို ပြင်းပြင်းထန်ထန်မရိုက်ပါဘူး”

"ဝူး”

တာပေါ် အံ့အားသင့်သွားပြီး မျက်လုံးပြူးသွား၏။ သူ ကျောက်ဖုန်းကို လက်ခလယ်ထောင်ပြကာ သူ၏တိုက်ခိုက်မှုအား စောင့်ဆိုင်းနေ၏။

ရှောင်ပေါ်မှာ ပို၍ တဲ့တိုးဆန်သည်။ သူ သွားများထွက်လာသည့်အထိ ပြုံးလိုက်ကာ မျက်လုံးကို လက်သည်းများဖြင့် ကာလိုက်၏။ "ဒီကောင်က ယုံကြည်မှုလွန်ကဲနေတာပဲ”

ထိုသို့ဖြင့် ကျန်းဟန်နှင့် အခြားသူများ ကားပေါ်တက်ခါနီး တွင်…

"အား….”

"အု…”

တောင်ပေါ်မှ ကျောက်ဖုန်း၏အော်သံကို တိုးတိုးလေး ကြားလိုက်ရသည်။

နှစ်မိနစ်ခန့်အကြာတွင် လုံး၀ အရိုက်ခံလာရသည့် ကျောက်ဖုန်းသည် ခေါင်းပေါ်တွင် မြက်ပင်များကပ်ငြိစွာဖြင့် ပြေးထွက်လာ၏။

သူ ကားပေါ်ရောက်ပြီးနောက်…

"ဟမ်”

မုန့်မုန့် အံ့အားသင့်သွားသည်။ သူမ ကျောက်ဖုန်းအား စိတ်ရှုပ်ထွေးစွာဖြင့် ကြည့်လိုက်ပြီး "ဦးဦး.. ဘာဖြစ်လာတာ လဲ”

"ငါ..."

"ငါ.. ပြုတ်ကျသွားလို့ပါ..."

ကျောက်ဖုန်း ဘယ်လိုရှင်းပြရမှန်းမသိသဖြင့် ကားကိုအမြန်စက်နှိုးကာ လဆန်းတောင်မှ ထွက်လာတော့သည်။

တစ်ချိန်တည်းမှာပင် သူ၏စိတ်ထဲ၌ ညည်းညူနေခဲ့၏။

တာဟေးက သူ့လိုပင် ချီသန့်စင်ခြင်းအစောပိုင်းအဆင့်သို့ တက်ရောက်သွားခဲ့မည်ဟုသာ သူထင်ခဲ့သည်။ မဟူရာနတ်ဆိုးအရိပ်၏အမျိုးမျိုးသောအကွက်များဖြင့်ဆို သူ တာဟေးအား အလွယ်တကူအနိုင်ယူနိုင်မည်ဖြစ်သည်။

ထိုသို့ လုံးဝ မဖြစ်ခဲ့ကြောင်း မည်သူက သိမည်နည်း။ တာဟေးသည် ချီသန့်စင်ခြင်းအစောပိုင်းအဆင့်တွင် မဟုတ်ခဲ့ချေ။

ရလဒ်အနေဖြင့်... တာဟေး၏ရှေ့တွင် ထိုအကွက်များက လုံးဝအသုံးမဝင်တော့ကြောင်း သူ သိလိုက်ရသည်။

သူ မည်သည့်အကွက်ကိုပဲ သုံးနေပါစ တာဟေးက သူ့အား ရိုက်နှက်နေဦးမည်ဖြစ်သည်။

စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အခါ ကျန်းဟန်က နေ့လယ်စာ စတင်ချက်ပြုတ်သည်။

ယုံကျားရှင်း၊ မုန့်မုန့်နှင့် အခြားသူများက ဒုတိယထပ်သို့ သွားကြသည်။

ချက်ပြုတ်နေရင်းဖြင့် ကျန်းဟန်သည် ဇီယန်၏နံပါတ်ကို ခေါ်လိုက်သည်။

"မိန်းမ ကိုယ်အခု ဟင်းချက်နေတာ။ မင်းဘယ်အချိန် ပြန်လာမှာလဲ"

"ကျွန်မ... ကျွန်မ နေ့လယ်စာမစားတော့ဘူး။ နှစ်နာရီ သုံးနာရီလောက်မှ ပြီးမှာဆိုတော့ ပြီးမှပဲ ကျွန်မ ရှင့်ကို လဆန်းတောင်မှာ လာရှာမယ်"

"နေ့လယ်စာ မစားလို့မရဘူးလေ။ ကိုယ် နောက်မှ ချက်လိုက်ရမလား"

"ရှင်အရင်စားနှင့်ပါ။ ကျွန်မ ရှင့်တပည့်တွေနဲ့ အပြင်သွားစားလိုက်မယ်။ လုပ်စရာလေးရှိသေးလို့ ရှင်နဲ့မပြောတော့ဘူး ဒါပဲနော်"

"ဒါဆိုလည်း ကောင်းပါပြီ" ကျန်းဟန်က ပြန်ဖြေသည်။

ခဏလောက်စဉ်းစားပြီးနောက် သူ စတင်ချက်ပြုတ်သည်။ နေ့လယ်စာအတွက် အဓိကဟင်းလျာမှာ ကြက်သားနှပ်ဖြစ်သည်။

ကျန်းဟန် ၎င်းကို အလွန်ကြိုက်နှစ်သက်၏။ ကြက်သားနှပ်ကို အဝါရောင်ကြက်စတူးနှင့် ကြက်သားရစ်စတိုဟုလည်းခေါ်သည်။ ၎င်းမှာ ရှန်းတုန်ဟင်းလျာဖြစ်သည်။ အဓိကပါဝင်ပစ္စည်းများမှာ ကြက်ပေါင်၊ ငရုပ်သီးစိမ်း၊ အာလူးနှင့် အခြားပါဝင်ပစ္စည်းများဖြစ်သည်။ ၎င်းက နူးညံ့၍ အရသာရှိသည်။

ယေဘုယျအားဖြင့် ကြက်သားနှပ်တွင် စွပ်ပြုတ်၊ ကြက်သားနှင့် ထမင်းဟူ၍ အဓိကအပိုင်းသုံးပိုင်းရှိသည်။

သို့သော် လဆန်းတောင်မှ ပါဝင်ပစ္စည်းများဖြင့်ဆိုလျှင် ၎င်းသည် အကောင်းဆုံး စွပ်ပြုတ်၊ ကြက်သားနှင့် ထမင်းတို့၏ ပေါင်းစပ်မှုဖြစ်ပေလိမ့်မည်။

အရသာ အလွန်ထူးခြားထိပ်တန်းဖြစ်ပေမည်။

ကြက်သားနှပ်အပြုတ် ခရမ်းသီးနှပ်၊ အာလူးအစပ်နှင့် ရုံးပတီသီးသုတ်လည်းပါရှိသည်။

နေ့လယ်စာ အဆင်သင့်ဖြစ်တော့မည့်အချိန်၌ ကျန်းဟန်က ကျောက်ဖုန်းအား လက်ပြလိုက်၏။ "ရှောင်ဖုန်း”

ကျောက်ဖုန်းမှာ စွန်းဒုန်ဟမ်၏ဘေးတွင် ထိုင်နေပြီး အစောပိုင်းက လျှန်မုန့်ချီနှင့် စကားပြောနေခဲ့သည်။ ကျန်းဟန်၏ခေါ်သံကို ကြားပြီးနောက် အမြန်ထကာ လျှောက်သွားလိုက်၏။

"ထမင်းဘူးနှစ်ဘူးသွားဝယ်ပေးပါဦး။ ကြီးတာဝယ်ခဲ့” ကျန်းဟန်က တန်း၍ပြောသည်။

"ဟုတ်ကဲ့”

ကျောက်ဖုန်း ခေါင်းညိတ်ကာ ထွက်သွားသည်။ ခဏလောက်စဉ်းစားပြီးနောက် သူ အိမ်နီးချင်းစားသောက်ဆိုင်သို့ တည့်တည့်သွားလိုက်၏။

နှစ်မိနစ်ခန့်ကြာပြီးနောက် လေးထောင့်ထမင်းဘူး ဘူးကြီးနှစ်ဘူးဖြင့် ပြန်လာခဲ့သည်။

ကျန်းဟန်က ထမင်းဘူးနှစ်ခုစလုံးတွင် ကြက်သားနှပ်နှင့် အခြားဟင်းအနည်းငယ်ကို ထည့်လိုက်သည်။ ထမင်းအလုံအလောက်ထည့်ပြီးနောက်တွင် အဖုံးဖုံးကာ အစားအသောက်ထည့်သည့်အိတ်ထဲသို့ ထည့်လိုက်သည်။

ထိုနောက် ကျန်းဟန်နှင့် ကျောက်ဖုန်းတို့ ထမင်းဟင်းပန်းကန်များကို ဒုတိယထပ်သို့ သယ်သွားကြသည်။ ထိုအချိန်

တွင် ကျန်းဟန်က လန်ယွဲ့ကို သူတို့၏တည်နေရာမေးမြန်းရန် ကျောက်ဖုန်းအား ခိုင်းလိုက်သည်။

"မုန့်မုန့် သမီး ဒီမှာ စားနေခဲ့နော်။ ဖေဖေ အပြင်သွားလိုက်ဦးမယ်" ကျန်းဟန်က မုန့်မုန့်၏ချစ်စရာကောင်းသေးသေးလေးကို ပုတ်၍ ပြောသည်။

"ဟုတ်ကဲ့ ဖေဖေ မြန်မြန်ပြန်လာခဲ့နော်" မုန့်မုန့်က နာခံစွာပြောသည်။

"အင်း"

ကျန်းဟန် ပြုံးကာ အောက်ထပ်သို့ဆင်းပြီး အစားအသောက်အိတ်ကို ယူလိုက်သည်။ ကျောက်ဖုန်းက သူ့အား နေရာပြောပြပြီးနောက် ပန်ဒါကားပေါ်တက်ကာ ဖြည်းညှင်းစွာ မောင်းထွက်သွားသည်။

တည်နေရာမှာ လဆန်းပင်လယ်ကွေ့နှင့် ကျူးကန်းခရိုင်အနီးရှိ ရုံးအဆောက်အဦးတစ်ခု၏ နဝမထပ်မှ ဝါးပရင့်မြူးဇစ် စတူဒီယိုဖြစ်သည်။

ထိုစတူဒီယို၏သူဌေး ဝေအန်းသည် ဇီယန်နှင့် အကြိမ်အနည်းငယ် အလုပ်အတူတူလုပ်ဖူးသည်။

အချိန်မှာ ၁၂ နာရီခွဲ ဖြစ်ပြီး ဇီယန်နှင့် အခြားသူများမှာ တူရိယာခန်းထဲတွင် ရှိနေကြသည်။

လန်ယွဲ့နှင့် အခြားသူများက တံခါးဘေးတွေ ထိုင်နေကြ၏။ အခန်းထဲ၌ ဇီယန်နှင့် ကျိုးဖေးအပြင် ဝေအန်းနှင့်သူ၏ဝန်ထမ်းခုနစ်ယောက်လည်း ရှိနေသည်။

သူတို့ နောက်ခံတေးသွား၏ ပထမဆုံးဗားရှင်းကို ယခုလေးတင် အသံသွင်း၍ ပြီးသွားခဲ့သည်။၏

"နေ့လယ်စာထမင်းဘူးတွေ ရောက်ပြီ”

ဝန်ထမ်းတစ်ယောက်က နေ့လယ်စာအထုပ်နှစ်ထုပ်ဖြင့် ဝင်လာသည်။

ဝေအန်းက လက်ခုပ်တီးကာ "အားလုံး ခဏနားကြမယ်။ နေ့လယ်စာအရင်စားကြ။ ပြီးမှ ဆက်လုပ်ကြတာပေါ့”

သူ၏ဝန်ထမ်းခုနစ်ယောက်က လက်ထဲမှ တူရိယာများကို ချလိုက်ပြီး ရုံးခန်းတစ်ဖက်သို့ သွားကြသည်။ သူတို့ ထမင်းဘူး တစ်ဘူးစီ ယူကြ၏။

"ဇီယန် ကျိုးဖေး ငါတို့နဲ့အတူလာစားလေ” ဝေအန်းက ပြုံး၍ ပြောသည်။

"မစားတော့ဘူး။ ကျွန်မ ဒီဟာနားထောင်ပြီး နောက်တစ်ခေါက် ပြန်စစ်ကြည့်ဦးမယ်။ ပြီးခါနီးပြီဆိုတော့။ အသေးစိတ် အချက်နည်းနည်းပါးပါးပဲ ပြင်ဖို့လိုတော့မယ်ထင်တယ်” ဇီယန် က ခေါင်းယမ်းကာ ပြောလိုက်သည်။ သူမ ကျိုးဖေးအား ကြည့် ကာ "ဖေးဖေး နင် နည်းနည်းလောက် သွားစားလိုက်ပါလား”

"ငါလည်း မစားတော့ဘူး။ မနက်က စားတာများသွားလို့ အခု သိပ်ပြီး ဗိုက်မဆာဘူး” ကျိုးဖေးက ပြန်ဖြေသည်။

"ဒါဆိုလည်း ငါတို့ စားတော့မယ်” ဝေအန်းက ပြုံးလိုက်၏။

သူတို့ ထမင်စားကြရင်း အချင်းချင်း တီးတိုးပြောနေကြသည်။

ဇီယန်နှင့် ကျိုးဖေးတို့ သူတို့၏စကားသံများကို တိုးတိုးလေးကြားနေရသည်။

"ဒီသီချင်းက တော်တော်ကောင်းတယ်။ ဇီယန်ရဲ့အသံက အရမ်းကောင်းတာပဲ”

"သူမက အသံချိုချိုလေးနဲ့ ရုပ်လည်းလှတယ်။ သူမ ပေါ်ပြူလာဖြစ်တာ မဆန်းပါဘူး”

"...”

"ငါ နောက်တစ်ခေါက် ထပ်နားထောင်မယ်" ဇီယန်က အရည်အသွေးမြင့် နားကြပ်ကို တပ်တော့မည့်အချိန်။

ထိုအချိန်မှာပင် စကားပြောနေသည့်လူများ၏အသံများက ရုတ်တရက် ရပ်တန့်သွားကာ တစ်ခန်းလုံး တိတ်ဆိတ်သွားသည်။

ဇီယန်နှင့် ကျိုးဖေးတို့ သိချင်စိတ်ဖြင့် လှမ်းကြည့်လိုက်ရာ သူတို့အားလုံး တံခါးဝကို ကြည့်နေသည်အား တွေ့လိုက်ရ၏။

ဇီယန် လှည့်ကြည့်လိုက်ရာ သူမ၏မျက်ဝန်းလှလှလေးများတွင် အံ့သြမှုများဖြင့် ပြည့်သွား၏။

ကျိုးဖေးမှာ ပို၍ တိုက်ရိုက်ကျသည်။

သူမ ထခုန်က ကျယ်လောင်စွာဖြင့် "ဝိုး ခဲအို နင် နေ့လယ်စာလာပို့တယ်ပေါ့။ ဘာစားစရာတွေလဲ"

ပြောနေရင်းဖြင့် သူမ ကျန်းဟန်၏လက်ထဲမှ အစားအသောက်အိတ်ကို ပြေးယူလိုက်သည်။

"ခဲအိုလား"

ဝေအန်းနှင့် အခြားသူများ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး အနည်းငယ် ခေါင်းရှုပ်သွားကြ၏။

"ဘယ်လိုအခြေအနေလဲ... သူက ဇီယန်ရဲ့ကောင်လေး လား"

ဇီယန်က ပြုံးရွှင်စွာဖြင့် မတ်တပ်ထရပ်ပြီး သူနှင့် ရင်းရင်း နီးနီးဆက်ဆံသည်ကို မြင်လိုက်ရသည့်အခါ သူတို့၏စိတ်ထဲမှ အတွေးများကို အတည်ပြုသွားသည်။

အမှန်ပဲဟ...

ဘုရားရေ သူမက သူ့ကို ယောက်ျားလို့ခေါ်လိုက်တယ်...

ဇီယန်က အိမ်ထောင်ရှိတယ်ပေါ့...

ဒါဆို သူမ အရင်က လူရှေ့ကနေပျောက်သွားတာ သူမ လပ်ထပ်သွားလို့ပေါ့...

ဇီယန်နဲ့လက်ထပ်ခွင့်ရတာ ဒီလူ အရမ်းကံကောင်းတာပဲ...

"ဝိုး ကြည့်ဦး။ သူတို့ တစ်ယောက်ကိုတစ်ယောက် ခွံ့ကျွေးနေကြတယ်။ ကြည့်ရတာ သူတို့ အဲ့လိုမျိုးလုပ်နေကြထင်တယ်"

ဝေအန်း စိတ်ခံစားချက်များဖြင့် ပြုံးလိုက်၏။ သူတို့ အသံကို လျှော့ကာ တိတ်တိတ်လေး စားသောက်ကြပြီး အနှောင့်အယှက်မပြုကြ။

ကျိုးဖေး အတော်လေး စိတ်လှုပ်ရှားနေ၏။ တကယ်တမ်းတွင် သူမ အနည်းငယ် ဗိုက်ဆာနေခဲ့သည်။ သို့သော် ခဲအိုချက်ပြုတ်ပေးသည့် အစားအသောက်ကိုသာ စားချင်နေသဖြင့် ထိုလူများနှင့် အတူမစားခဲ့ခြင်းဖြစ်သည်။ သူက သူတို့အတွက် နေ့လယ်စာယူလာပေးမည်ဟု သူမ မမျှော်လင့်ထားချေ။

ဇီယန်နှင့် ကျန်းဟန်သည် တစ်ယောက်ဘေးတွင်တစ်ယောက် ကပ်ထိုင်နေကြ၏။ ထမင်းဟင်းများ အများကြီးရှိနေ

သဖြင့် သူတို့နှစ်ယောက် အတူတူစားကြသည်။ *(ခင်ဗျားတို့ အားကျနေကြပြီမလား ဟဲဟဲ)*

၁၀ မိနစ်ခန့်ကြာသည့်အခါ သူတို့ စားသောက်ပြီးသွားသည်ကို မြင်လိုက်ရသဖြင့် ဝေအန်း သူတို့ဆီ လျှောက်သွားသည်။

"မင်္ဂလာပါ ဆရာ၊ ဇီယန် ငါတို့ ဆက်လုပ်ကြမလား"

သူ အများကြီးမမေးဘဲ သူ့အား နှုတ်ဆက်စကားပြောပြီး အလုပ်လုပ်ရန် အသင့်ပြင်လိုက်သည်။

ထိုအချိန်တွင် ကျန်းဟန်ကလည်း ကွန်ပြူတာစခရင်အား ကြည့်လိုက်၏။ စာသားကိုမြင်သည့်အခါ ၎င်းက ထိုသီချင်းဖြစ်ကြောင်း သူသိလိုက်သည်။

ကျန်းဟန်အား ကြည့်လိုက်ပြီး ဇီယန် နှုတ်ခမ်းကို ကိုက်လိုက်သည်။

သူ နည်းနည်းလောက်မြင်သွားတာတော့ အဆင်ပြေပါတယ်။ သီချင်းပြီးမှပဲ ငါသူ့ကို နားထောင်ခိုင်းမယ်...

"အစ်မယန် နင် ခဲအိုကို နောက်ခံတေးသွား နားထောင်ကြည့်စေချင်လား" ကျိုးဖေးက စဉ်းစားကာ မေးသည်။

ကျိုးဖေးက ကျန်းဟန်အား "ခဲအို" ဟု တိုက်ရိုက်ခေါ်ဆိုခဲ့ပြီး အခြားသူများ သိရှိသွားမည်ကို ဂရုမစိုက်ခဲ့ချေ။ ဇီယန်၏တုံ့ပြန်မှုအရ သူမအိမ်ထောင်ရှိကြောင်း အခြားသူများကို ပြောပြရသည့်အတွက် စိတ်ထဲမထားကြောင်း သူမ သိရှိသည်။

"ဒါဆို နားထောင်ကြည့်လိုက်လေ" ဇီယန်က ပြန်ဖြေသည်။

"ကောင်းပြီ။ ဒါဆို ကိုယ် နားထောင်ပေးမယ်"

ကျန်းဟန် ပြုံးကာ ကျိုးဖေးပေးသည့် နားကြပ်ကို ယူလိုက်၏။

ဝေအန်း အနည်းငယ် အံ့သြသွားသည်။

ဒီလူကလည်း ပရော်ဖက်ရှင်နယ်ဂီတပညာရှင်တစ်ယောက်လား...

မကြာခင်တွင် ကျန်းဟန် နောက်ခံတေးသွားကို စတင်နားထောင်သည်။

ထိုနောက် သူ၏ခံစားချက်အတိုင်း သူ့အမြင်ကို ပြောပြသည်။

"အလယ်ပိုင်းက ဟာမိုနီတွေ၊ ဖင်းဂါးစင်ပယ်တွေ၊ ရက်စ်ဲလင်တွေနဲ့ နည်းနည်း ရှုပ်နေတယ်...”

ထိုနောက် အသံအချို့ကို ဖယ်ရှားလိုက်ပြီး ဂစ်တာမယ်လိုဒီနည်းနည်းပါးပါးထည့်လိုက်သည်။

၎င်းကို နောက်တစ်ခေါက် ပြန်နားထောင်ကြည့်သည့်အချိန်တွင် လူတိုင်း အံ့အားသင့်သွားကြ၏။ ၎င်းက ယခင်ကထက် ပိုကောင်းလာသည်ဟု သူတို့ခံစားမိကြသည်။

၄င်းကို ထပ်မံဆွေးနွေးပြီးနောက် အသေးစိတ်အချက်တချို့ကို ပြင်ဆင်ခဲ့ကြသည်။ ထိုနောက် အပြီးသတ်တေးသွားကို အသံသွင်းခဲ့ကြသည်။

ထိုနောက်တွင် သူတို့ ဝေအန်း၏စတူဒီယိုမှ ထွက်လာခဲ့ကြသည်။

-အပိုင်း(၅) အခန်း(၄၂၁-ခ) ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၆)] အခန်း(၄၂၁-ဂ) ညီမလေးလာမည်(၃)

တံခါးဝမှ ထွက်လာပြီးနောက် ကျိုးဖေးက သိချင်စိတ်ပြင်းစွာဖြင့် ပတ်ပတ်လည်အား လိုက်ကြည့်သည်။ "လန်ယွဲ့နဲ့တခြားသူတွေ ဘယ်ရောက်သွားတာလဲ”

"ငါဒီကိုရောက်လာတော့ သူတို့ကို နေ့လည်စာပြန်စားဖို့ပြောလိုက်တာ” ကျန်းဟန်က ပြန်ဖြေသည်။

"ဩော်"

အောက်ထပ်သို့ ဆင်းလာပြီးနောက် ပန်ဒါကားပေါ် တက်လိုက်ကြသည်။ သူတို့ စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အချိန်တွင် နှစ်နာရီထိုးပြီဖြစ်သည်။

မင်းသမီးလေးမှာ သူတို့အား စိတ်မရှည်စွာဖြင့် မျှော်နေခဲ့၏။ သူတို့အား မြင်သည့်အခါ သူမလေး မကျေမနပ်ဖြင့်ပြောသည်။ "ဖေဖေ မြန်မြန်ပြန်လာမယ်ဆိုပြီး ဘာလို့နောက်ကျနေတာလဲ"

ကျန်းဟန်နှင့် ဇီယန်တို့ သူမလေးအား မိနစ်အတော်ကြာချော့မော့ပြီးနောက် မုန့်မုန့်သည် သူတို့နှင့်အတူ လဆန်းတောင်သို့ ပျော်ရွှင်စွာ ထွက်လာခဲ့သည်။

နေ့လယ်ခင်းတွင် ကျန်ရှိသည့်ဆေးပင်များကို ဆေးအိုးသုံးအိုး သန့်စင်သည်။

စုစုပေါင်း ဆေးလုံး ၁၀၁ လုံးနှင့် အခြေခံတည်ဆောက်ခြင်းအဆင့်ဆေးလုံးငယ် တစ်ခုံး ရရှိသည်။

ခြောက်နာရီထိုးခါနီးဖြိုဖြစ်သဖြင့် သူတို့အားလုံး စားသောက်ဆိုင်သို့ ပြန်လာကြသည်။

လမ်းတွင် ဇီယန်နှင့် ကျိုးဖေးက ကျန်းဟန်ချက်ပြုတ်နေစဉ် သူတို့ လဆန်းပင်လယ်ကွေ့ရှိ အသံသွင်းစတူဒီယိုသို့သွားကြပြီး သီချင်းကို အပြီဂသတ်အသံသွင်းရန် စီစဉ်ခဲ့သည်။

သူတို့ သီချင်းသွင်းရန် စတူဒီယိုသို့သွားမည်ဖြစ်ကြောင်း သိရှိသည်နှင့် ကျန်းဟန်က သာမန်စားသုံးသူများအတွက် အစားအသောက်ကို အရင်ဆုံး ချက်ပြုတ်လိုက်သည်။

ခုနစ်နာရီထိုးခန့်တွင် ဟော့ပေါ့အတွက် ပါဝင်ပစ္စည်းအများအပြားကို ကျောက်ဖုန်း လာပို့၏။ ဗီအိုပီအဖွဲ့ဝင်များမှာ ဟော့ပေါ့စားရသည်ကို အလွန်ကျေနပ်ကြသည်။

ညရှစ်နာရီထိုးခန့်တွင် ဇီယန်နှင့် ကျိုးဖေးတို့ ပြန်လာ၏။

ညစာစားပြီးနောက် လူတိုင်း နေရာတွင်ထိုင်ကာ စကားပြောကြပြီး ထုံးစံအတိုင်း ည ၉ နာရီမထိုးမချင်း မပြန်ကြချေ။

ကျန်းဟန်က ကျောက်ဖုန်းအား ဆေးလုံးအိတ်ကြီးတစ်အိတ်ပေးပြီး ပြန်ရောက်လျှင် အခြားသူများအား ဝေပေးရန် ပြောသည်။

တံခါးသော့ခတ်ပြီး အပေါ်ထပ်တက်ခါနီးတွင် ဇီယန်၏ဖုန်းက မြည်လာ၏။

"ဟဲလို ညီမလေး နင်လား။ အမ်... နင်လာမလို့လား။ အင်း ငါ့မှာ အချိန်ရှိပါတယ်။ နင် ဘယ်တက္ကသိုလ်မှာတက်နေတာလဲ။ တောင်ပိုင်းနည်းပညာတက္ကသိုလ်လား။ နင် အမှတ်ကောင်းတာပဲ။ အရမ်းကောင်းတယ်...."

ငါးမိနစ်ခန့် ဖုန်းပြောပြီးနောက် ဇီယန် ကျန်းဟန်အား ကြည့်ကာ ပြောသည်။

"ကျွန်မညီမက မနက်ဖြန် ဒီကနေ ဖြတ်သွားလိမ့်မယ်။ ကျွန်မကို တွေ့ချင်လို့တဲ့။ သူက ရှန်းကျန်းတောင်ပိုင်းနည်းပညာတက္ကသိုလ်မှာ တက်နေတာ။ သန်ဘက်ခါကျရင် ကျောင်းကို ပြန်သွားလိမ့်မယ်။ မနက်ဖြန် သူ့အတန်းဖော် သူငယ်ချင်းနှစ်ယောက်နဲ့ ဟောင်ကောင်ကို လာမှာ"

"ဒါဆို ကိုယ်တို့ မနက်ဖြန် သူ့ကို သွားကြိုကြမယ်လေ" ကျန်းဟန်က ပြုံးကာ ပြောသည်။

"အင်း"

ဇီယန်က နာခံတတ်သည့်မိန်းကလေးပမာ ခေါင်းညိတ်သည်။

သူမ၏ညီမ ဒီကိုရောက်လာသည့်အချိန်တွင် သူမ အိမ်ထောင်ကျသည့်သတင်းက ပျံ့သွားမည်ဖြစ်ကြောင်း သူမ သိရှိသည်။

ဒါပေမယ့် သူက လက်ထပ်ခွင့်တောင်းဖို့ စီစဉ်ထားတာပဲ။ သူမအဲဒါကို အနေးနဲ့အမြန် သိသွားမှာဆိုတော့ ကိစ္စမရှိပါဘူး...

ငင်းကိုတွေးရင် ဇီယန် မျှော်လင့်ချက်များဖြင့် အနည်းငယ် စိတ်လှုပ်ရှားစိုးရိမ်လာသည်။

-အခန်း(၄၂၁-ဂ)ပြီး

## အခန်း(၄၂၂-က) ဟင်းလင်းပြင်ကျောက်တုံးကို လဲလှယ်ရန်(၁)

"အမ်....”

မုန့်မုန့်က သူတို့ဘေးတွင် ဝင်ထိုင်သည်။ သူမလေးသည် တောက်ပသည့်မျက်လုံးဝိုင်းဝိုင်းများဖြင့် သူတို့အား ခဏလောက် စိုက်ကြည့်ရင်း "မေမေ ဘယ်သူလာမှာလဲဟင်”

"အဲဒါ... မေမေ့ရဲ့ ညီမလေးပါ။ သမီး သူ့ကို အန်တီလို့ခေါ်ရမယ်” ဇီယန်က ပြန်ဖြေသည်။

"အမ် နောက်ထပ်အန်တီတစ်ယောက်ရှိသေးတာလား" မုန့်မုန့်မှာ သူမ၏လက်ချောင်းလေးများဖြင် ရေတွက်ရင်း ရေရွတ်သည်။ "အန်တီလီလီ၊ အန်တီရ၊ ဘိုးဘိုး၊ ဘွားဘွား၊ အန်တီဖေးဖေး၊ ဦးလေးဖုန်း။ အများကြီးရှိတာ။ အခု နောက်ထပ်အန်တီတစ်ယောက်လာနေပြီ။ မုန့်မုန့် သူတို့ အားလုံးကို မမှတ်မိတော့ဘူး"

"ခစ်ခစ်..." ဇီယန် ရယ်မောလိုက်သည်။

သူမ စိတ်ထဲတွင် ခံစားချက်များဖြင့် သက်ပြင်းချလိုက်၏။ သူမနှင့် မုန့်မုန့် ဆန်ဒီရေဂို နှစ်ယောက်တည်းရှိချိန်က သူမ ရံဖန်ရံခါ အပြင်ထွက်လည်သည့် သူငယ်ချင်းနှစ်ယောက်သာရှိ သည်။ သူမ လူများစွာဖြင့် အဆက်အဆံမရှိခဲ့ချေ။ တကဘ် တမ်းတွင် သူမသည် အနည်းငယ် စကားနည်းပြီး ရှက်ကြောက် တတ်သူဖြစ်၏။

လက်ရှိ မိသားစုတစ်ခုလုံး ပြန်လည်စုံစည်းပြီး မုန့် မုန့်၏ပတ်ဝန်းကျင်တွင် လူများ ပိုမိုများပြားလာသည်။

အထူးသဖြင့် သူမ၏ဖခင်ဖြစ်သူရောက်လာပြီးနောက်တွင် မင်းမသီးလေးမှာ ပို၍တက်ကြွလာပြီး ၎င်းက ဇီယန်ကို အလွန်ပျော်ရွှင်စေသည်။

သို့သော် ပြဿနာလေးတစ်ခုတော့ရှိ၏။ ကျန်းဟန်က မုန့်မုန့်အား အလွန်အမင်း အလိုလိုက်ပြီး သူမလေးအား အကျင့်ဆိုးများ ဖြစ်ပေါ်လာစေနိုင်သည်။ ထိုကိစ္စကို သူမကိုယ်တိုင် ဂရုစိုက်ရန်လိုအပ်သည်ဟု ဇီယန် ထင်သည်။

သူမ ဝင်ရောက်စွက်ဖက်သည့်အချိန်တွင်း မုန့်မုန့်မှာ အမြဲတမ်း နှုတ်ခမ်းလေးစူ၍ "သမီးလုပ်ဖို့ရတယ်လို့ ဖေဖေက ပြောတယ်" ဟု ပြောတတ်၏။

ထိုသို့ဖြစ်သည့်အချိန်တိုင်း သူမ အနည်းငယ် ကွန်ပလိန်းတက်သည်။

"အချိန်တွေကြာလာတာနဲ့အမျှ ငါ့သမီးလေးရဲ့ရင်ထဲမှာ ငါက စည်းကမ်းတင်းကြပ်တဲ့မိခင်တစ်ယောက် ဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

အဲဒါ အကုန်လုံး သူ့အပြစ်ချည်းပဲ...

ဟွန့်

ကံကောင်းထောက်မစွာဖြင့် ဇီယန်သည် ယခင်က သူမအား ကောင်းစွာသွန်သင်ဆုံးမထားခဲ့ပြီး မင်းသမီးလေးမှာ ယခုအချိန်ထိ လိမ္မာရေးခြားရှိနေဆဲဖြစ်သည်။ ထိုသို့မဟုတ်ပါက ဤသို့အလိုလိုက်တတ်သည့်ဖခင်၏လမ်းညွှန်မှုအောက်တွင် သူမ၏သမီးက အကျင့်စာရိတ္တမဲ့သည့် ကလေးဆိုးဖြစ်သွားပေလိမ့်မည်။

၎င်းကို တွေးပြီး ဇီယန် ကျန်းဟန်အား ဒေါသတကြီး စိုက်ကြည့်လိုက်၏။

ကျန်းဟန် အနည်းငယ် ခေါင်းရှုပ်သွား၏။

သူမ ဘာဖြစ်နေတာလဲဟ...

ထိုနောက် ဇီယန်သည် မုန့်မုန့်အား ရင်ခွင်ထဲ ထွေးပွေ့ရင်း "သမီးရဲ့အန်တီတင်မဟုတ်ဘူး။ သမီးရဲ့ ဘိုးဘိုးနဲ့ ဘွားဘွားကို လည်း ရက်နည်းနည်းကြာရင် တွေ့ရတော့မှာ"

"အမ်... ဘိုးဘိုး ဘွားဘွား..." မုန့်မုန့်မှာ ခဏလောက် စဉ်းစားရင်း ရေရွတ်သည်။ "ဖေဖေရဲ့ဖေဖေက သမီးရဲ့ ဘိုးဘိုး၊ ဖေဖေရဲ့မေမေက သမီးရဲ့ဘွားဘွား၊ မေမေရဲ့ဖေဖေကလည်း သမီးရဲ့ဘိုးဘိုး၊ မေမေရဲ့မေမေကလည်း သမီးရဲ့ဘွားဘွား။ အင်း သူတို့ပေါ့"

"ဟုတ်တယ်။ သူတို့က သမီးရဲ့အဘိုးအဘွားတွေ" ဇီယန် က ပြုံး၍ ပြောသည်။

"ဒါဆို သူတို့က မုန့်မုန့်ကို သဘောကျမှာလား"

"ဒါပေါ့ သူတို့က မုန့်မုန့်ကို အရမ်းချစ်ကြမှာ"

"ဒါဆို သူတို့ သမီးအတွက် အာလူးကြော်တွေ၊ ခရမ်းချဉ်သီးအရသာအာလူးကြော်တွေ၊ ပုဇွန်ကြော်တွေ၊ ဘီစကစ်တွေ၊ ရေညှိတွေ ဝယ်ပေးမှာပေါ့…"

မုန့်မုန့်မှာ သရေစာမျိုးစုံအကြောင်းကို ပြောသည့်အချိန်တွင် ဇီယန်မှာ မရယ်ဘဲမနေနိုင်တော့။

မုန့်မုန့်သည် ထိုမုန့်ပဲသရေဆာအမျိုးမျိုးကို ရှင်းရှင်းလင်းလင်း မှတ်မိနေသည်။ ကျန်းဟန်က သူမလေးအာဘယ်နှကြိမ်များ ခိုးကြောင်ခိုးဝက် ဝယ်ပေးနေသလဲဟု တွေးလိုက်မိသည်။

ဇီယန် ကျန်းဟန်အား မျက်စောင်းထိုးလိုက်၏။

"အမ်…"

ကျန်းဟန် ဖျစ်ညှစ်ပြုံးလိုက်ပြီး "ကိုယ် ဖုန်းဆက်လိုက်ဦးမယ်"

သူမတို့သားအမိ စကားပြောနေစဉ် ကျန်းဟန်က လက်ဖက်ရည်စားပွဲဆီသို့ လျှောက်သွားကာ ဖုန်းကိုထုတ်၍ လဲ့ထျန်းနန်၏နံပါတ်ကို နှိပ်လိုက်သည်။

"ဟဲလို ဒါရိုက်တာကျန်း။ မင်း မကြာသေးခင်က သဘာဝပစ္စည်းတွေအများကြီး ရခဲ့တယ်လို့ ငါကြားတယ်။ ဒြပ်စင်ငါး မျိုးဆေးမီးဖိုက ဘယ်လိုနေလဲ" လဲ့ထျန်းနန်က ရယ်မောကာ မေးသည်။

"မဆိုးပါဘူး" ကျန်းဟန်က ပြန်ဖြေသည်။

လဲ့ထျန်းနန် ၁၀ စက္ကန့်လောက် ထပ်၍ စောင့်နေလိုက်၏။ ထိုနောက် စိတ်ရှုပ်ထွေးစွာဖြင့် တွေးလိုက်သည်။

မဆိုးဘူးလား။ အဲဒါပဲလား...

ကျေးဇူးတင်ကြောင်းလေး မပြောတော့ဘူးလား။ သူ့မှာ ရတနာတွေများကြီးရှိနေတာ။ ငါ့ကို နည်းနည်းပါးပါး မပေးဘူးလား...

"မင်းငါ့ကို ဘာလို့ခေါ်တာလဲ" လဲ့ထျန်းနန် တိုက်ရိုက်မေးလိုက်သည်။

"ငါ မင်းနဲ့ လဲစရာရှိလို့"

"မင်း ဘာလိုချင်တာလဲ"

"ဟင်းလင်းပြင်ကျောက်တုံး"

"အဟွတ်...အဟွတ်... ကျန်းဟန် တော်လိုက်တော့" လဲ့ထျန်းနန် အနည်းငယ် ဒေါသထွက်သွား၏။

"ရတနာစံအိမ်မှာ ကောင်းကင်အဆင့်ရတနာ သုံးခုပဲရှိတာ။ ငါမင်းကို တစ်ခုပေးပြီးပြီလေ။ မင်း နောက်တစ်ခု ထပ်ယူသွားရင် ငါ့ရဲ့ရတနာစံအိမ်က အနုပ်စုတ်ကုပ်စုတ်ဖြစ်သွားမှာပေါ့ဟ"

ထိုနောက် လဲ့ထျန်းနန်က ဆက်၍ မေးသည်။ "မင်း အဲဒါကို တစ်ခုခုနဲ့ လဲပေးမှာလား။ မင်းငါ့ကို ဘာပေးမှာလဲ"

"ဆေးလုံးတစ်လုံး"

"ဘာဆေးလုံးလဲ"

"ဆေးလုံးတွေက ကောင်းကင်အဆင့်မာစတာတစ်ယောက်ကိုကို ဝူတာအိုဂရန်းမာစတာအဆင့်ဖြစ်အောင် မြှင့်တင်ပေးနိုင်တယ်။ အဲဒါတွေက ကောင်းကင်အဆင့်ရတနာတွေပဲ"

"ဟူး... ကောင်းကင်အဆင့်ဆေးလုံးတွေလား" လဲ့ထျန်းနန် မျက်ခုံးပင့်လိုက်ပြီး "ဘယ်နှလုံးလဲ"

"တစ်လုံး"

"မင်းက ဟင်းလင်းပြင်ကျောက်တုံးတစ်ခုလုံးကို ဆေးလုံးတစ်လုံးနဲ့ လဲချင်တာလား။ မရဘူး မရဘူး။ အဲဒါနဲ့ မလောက်ဘူး။ အနည်းဆုံး နှစ်လုံးပေးရမဘ်"

"ဒါဆို ငါ တစ်ဝက်ပဲယူမယ်"

"အပေးအယူဖြစ်ပြီ။ မင်း ဘယ်တော့လာယူမှာလဲ"

"မနက်ဖြန်"

"ဒါဆို ငါမင်းကို စောင့်နေမယ်"

ရိုးရှင်းသည့်စကားဝိုင်းမှတဆင့် ထိုကိစ္စ ပြေလည်သွားသည်။

ထိုနောက် ကျန်းဟန် ဖုန်းချလိုက်ပြီး ဆိုဖာဆီ ပြန်လျှောက်သွားကာ ဇီယန်၏ဘေးတွင် ထိုင်လိုက်သည်။ သူတို့ မုန့်မုန့်နှင့်အတူ ကာတွန်းကားကြည့်နေပြီး ည၁၀ နာရီကျော်အထိ နာရီဝက်ကြာအောင် ကြည့်ခဲ့ကြသည်။

ဇီယန်၏ရင်ခွင်ထဲမှ မုန့်မုန့်သည် သူမ၏ကိုယ်လုံးလေးကို လှုပ်ရှားလိုက်ရင်း မော့ကြည့်ကာ "ကာတွန်းကားပြီးသွားပြီ။ မေမေ သမီးတို့ ဖေဖေပုံပြင်ပြောတာ နားထောင်ကြရအောင်လေ"

"ကောင်းပြီ။ သွားကြစို့။ မေမေတို့ မျက်နှာသစ်သွားတိုက်ပြီး အိပ်ရာဝင်ကြမယ်" ဇီယန်က ပြောရင်းဆိုရင်းဖြင့် မုန့်မုန့်အား ပွေ့ချီကာ ရေချိုးခန်းထဲသို့ ဝင်သွားသည်။

"သွားကြမယ်" မုန့်မုန့်က သူမ၏လက်ကလေးကို ဆန့်တန်းဝှေ့ယမ်းလိုက်၏။

"အမလေး မုန့်မုန့်က ပိုပြီးလေးလာပြီ။ သမီးဒီထက်ကြီးလာရင် မေမေ ချီနိုင်မှာ မဟုတ်တော့ဘူး" ဇီယန်က သူမလေး၏ဖင်ကို ပုတ်ကာ ပြောသည်။

"မဟုတ်ပါဘူး။ ဖေဖေ သမီးကိုချီရင် သမီးက အရမ်းပေါ့တယ်လို့ပဲ ပြောတာ" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြောသည်။

"အဲဒါ သမီးဖေဖေက အရမ်းသန်မာလို့လေ။ မေမေက အားနည်းတယ်"

"ဒါဆို မေမေ ပိုပြီးသန်မာလာအောင်လုပ်ရမယ်"

ဇီယန် ရယ်မောလိုက်ရင်း "ကောင်းပြီ။ မေမေ လေ့ကျင့်ခန်းပိုလုပ်ပြီး နောက်လည်း သမီးကို ချီပါ့မယ်"

သူတို့ စကားပြောရင်းဖြင့် ရေချိုးခန်းထဲ ဝင်သွားကြသည်။

သူတို့၏နောက်ကျောကိုကြည့်ရင်း ကျန်းဟန် နူးညံ့စွာပြုံးလိုက်၏။

သိုလှောင်လက်စွပ်*ကို သန့်စင်လိုသည့်အတွက်ကြောင့် ဟင်းလင်းပြင်ကျောက်တုံးကို လဲရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ နေရာလပ်ရတနာနှင့်ဆိုလျှင် မည်သည့်ပစ္စည်းကိုမဆို သယ်ဆောင်လာရန် ပို၍ အဆင်ပြေသွားပေမည်။

(*နေရာလပ်လက်စွပ် space ring လို့ သုံးထားပေမယ့် သိုလှောင်လက်စွပ်လို့ ပဲ သုံးသွားပါမယ်နော်။ စီနီယာတွေရဲ့ ဘာသာပြန်လက်ရာတွေဖတ်ပြီး သိုလှောင်လက်စွပ်ကို နှုတ်ကျိုးနေလို့ပါ)

ယခုအချိန်ထိ သူသည် နေရာလပ်ရတနာရှိသည့်လူများစွာကို မြင်တွေ့ခဲ့ပြီးဖြစ်သည်။

ကာကွယ်သူလန်သည် နေရာလပ်ရတနာတစ်ခုဖြစ်သည့် အစိမ်းရောက်လက်မလက်စွပ်ကို ဝတ်ဆင်ထားသည်။ လဲ့ထျန်းနန်၊ ဝမ်ကျန်းဖန်းနှင့် ဆန်းကြယ်မြူခိုးဂိုဏ်းမှ ရှန်းချီတျန်တို့အားလုံးတွင် သိုလှောင်လက်စွပ်တစ်ကွင်းစီရှိကြသည်။ သိသာ

စွာပင် ဟင်းလင်းပြင်ကျောက်တုံးသည် ဤနေရာတွင် အလွန်ရှားပါးသည့် ရတနာတစ်ခု မဟုတ်ချေ။

ထိုကျောက်တုံးကို အမှတ်များဖြင့် လဲလှယ်နိုင်သဖြင့် ၎င်းက သိသာပေသည်။

ခဏအကြာတွင် ဇီယန်နှင့် မုန့်မုန့်တို့ ရေချိုးခန်းထဲမှ ပြန်ထွက်လာပြီး အဓိကအိပ်ခန်းသို့ သွားကြသည်။ ကျန်းဟန်က ဂျာကင်အင်္ကျီကို ချွတ်နေစဉ် သူတို့က ညဝတ်အင်္ကျီများကို လဲလိုက်ကြသည်။

အိပ်ရာဝင်ပြီးနောက် ကျန်းဟန်က ပုံပြင်ဆက်ပြောပြ၏။

မိနစ်နှစ်ဆယ်ခန့်ကြာတော့ မင်းသမီးလေး အိပ်ပျော်သွားသည်။

သို့သော် ဇီယန်၏မျက်လုံးဝိုင်းဝိုင်းများက ပုတ်ခတ်ပုတ်ခတ်ရှိနေဆဲပင်။ သူမ နိုးကြားနေဆဲရှိပုံရ၏။

ကျန်းဟန် သူမအား ပြုံးဖြီးဖြီးကြည့်ရင်း ကုတင်ပေါ်တက်သွားပြီး သူမအား အမြန်ပွေ့ဖက်လိုက်သည်။

"အိုး ခဏနေဦး။ တစ်ခုရှိသေးတယ်" ဇီယန်က သူမ၏ခန္ဓာကိုယ်ကို တွန်းလိုက်ပြီး တိုးတိုးလေးပြောသည်။

"ဘာလဲ" ကျန်းဟန်က ပြုံးကာ မေးသည်။

"ခဏလေးစောင့်"

ဇီယန်၏မျက်လုံးဝိုင်းဝိုင်းများက တောက်ပလာသည်။ သူမ နှုတ်ခမ်းကို ကိုင်လိုက်ပြီး တစ်ဖက်မှ ဖုန်းကို ယူလိုက်သည်။ ဖုန်းကို နားကြပ်ထိုးပြီးနောက် ကျန်းဟန်အား နားကြပ်တစ်ဖက်ပေးကာ သူမကိုယ်တိုင်လည်း တစ်ဖက်တပ်လိုက်သည်။ ထို့နောက် ဖုန်းပေါ်ရှိ ဖိုင်ကို ဖွင့်လိုက်ပြီး နှိပ်လိုက်သည်။

နောက်ခံတေးသွားက စတင်လာ၏။

နေ့လယ်က နားထောင်ခဲ့ကြသည့် နောက်ခံတေးသွားပင်။

စက္ကန့်အနည်းငယ်ကြာပြီးနောက် ဇီယန်၏ချိုမြိန်သာယာ သောအသံကို ကြားလိုက်ရသည်။

"ကျွန်မမျက်လုံးတွေ မှိတ်ထားပြီး ရှင့်နှလုံးသားရဲ့ဘေးမှာ အသက်ရှူမယ်... ဒီကမ္ဘာပေါ်မှာ ကျွန်မတို့ပဲ ရှိတယ်... ရှင့်ရဲ့ နှုတ်ခမ်းကအပြုံးတွေ ကျွန်မနှလုံးသားမှာ စွဲထင်နေတယ်... စက္ကန့်တိုင်း မိနစ်တိုင်းမှာ ကျွန်မ ရှင့်ကို နမ်းချင်တယ်။ ကျွန်မ ရှင့်ကို ချစ်တယ်။ ကျွန်မ ရှင့်ကို ချစ်တယ်။ ရှင်နဲ့ပဲ အမြဲတမ်းရှိ ချင်တယ်။ ရှင့်ရဲ့ရင်ခွင်ထဲမှာနေရတာကို ကျွန်မနှစ်ခြိုက်တယ်. ..." *(တေးရေးဆရာမဟုတ်တော့ rhyme တွေ ကာရံတွေနဲ့တော့ မ ရေးတတ်ဘူးပေါ့ ဟီးဟီး)*

ချိုမြိန်သည့်သီချင်းက ပျော်ရွှင်မှု၏အရသာကို အဓိပ္ပာယ် ဖွင့်ဆိုသည်။ ၎င်းမှတဆင့် ယောက်ျားတစ်ယောက်အပေါ် သူမ၏နက်ရှိုင်းသည့်ချစ်ခြင်းမှ ဆောင်ယူလာသော သူမ၏ပျော်ရွှင်မှုကို သင့်အနေဖြင့် ခံစားမိနိုင်သည်။

ကျန်းဟန်က သူမအတွက် ဘုရားသခင်က ပေးထားသည့် ဆွဲဆောင်မှုရှိသောမင်းသားလေးဖြစ်ကြောင်း သူမ ခံစားမိသည်။

သူသည် အင်မော်တယ်တစ်ယောက်ဖြစ်နေပြီဖြစ်သင့်သော်လည်း သူ ပြန်လည်မွေးဖွားလာခဲ့ရသည်။

သူ၏ယခင်အတိတ်ဘဝတွင် သူမ မရှိခဲ့။

သို့သော် ကျန်းဟန် ပြန်လာခဲ့၏။

လက်ရှိဘဝတွင် သူမနှင့်အတူ မုန့်မုန့်နှင့်အတူ သူ ရှိနေပေးခဲ့သည်။

သူက ငါ့ဆီကို ဘုရားသခင်က စေလွှတ်လိုက်တဲ့ မင်းသားလေးပဲမဟုတ်လား...

ဧယန်သည် နူးညံ့သိမ်မွေ့သည့် နှလုံးသားရှိ၏။ ချိုမြိန်သည့်ချစ်ခြင်းမေတ္တာက ဆောင်ယူလာပေးသည့် ပျော်ရွှင်မှုက သူမအား လှုံ့ဆော်မှုများစွာ ပေးခဲ့သည်။ ထို့ကြောင့်

သူမ၏ခံစားချက်များကို ဖော်ပြရန် ဤသီချင်းကို နှစ်ရက်အတွင်း ရေးသားခဲ့သည်။

ထိုအတိုင်းပင် သူမတို့နှစ်ဦးသည် သီချင်းတစ်ပုဒ်လုံးကို ငြိမ်သက်စွာ နားထောင်နေကြသည်။

ထိုနောက် ကျန်းဟန်သည် ဇီယန်အား စိုက်ကြည့်နေ၏။ ၎င်းက ဇီယန်၏နှလုံးသားကို အရည်ပျော်ကျသွားလုမတတ်ပင်။

"သီချင်းနာမည်ကို ရှင်သိလား" ဇီယန်က နှုတ်ခမ်းကိုကိုက်ကာ တိုးတိုးလေးပြောသည်။

ကျန်းဟန်က ပြုံးကာ ခေါင်းကိုအသာယမ်းပြလိုက်၏။

"ရှင့်ကိုချစ်တယ် လို့ခေါ်တယ်"

ဇီယန်၏မျက်လုံးလှလှလေးများမှာ တလက်လက်ဖြစ်နေ၏။ သူမ ကျန်းဟန်အား စိုက်ကြည့်ရင်း တိုးတိုးလေးပြောသည်။ "ရှင် ကျွန်မကို ပြောချင်တာ တစ်ခုခုရှိလား"

"ကိုယ်လည်း မင်းကို ချစ်တယ်" ကျန်းဟန်က ညင်သာစွာ ပြုံးလိုက်၏။

-အပိုင်း(၆) အခန်း(၄၂၂-က)ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၇)] အခန်း(၄၂၂-ခ) ဟင်းလင်းပြင် ကျောက်တုံးကို လဲလှယ်ရန်(၂)

သူ၏နှလုံးသားမှာ အလွန်အမင်းကို နူးညံ့လာ၏။ ဇီယန်၊ မုန့်မုန့်၊ သူ၏မိသားစုနှင့်အတူ ရိုးရှင်းသည့်ဘဝဖြင့် နေထိုင်ပြီး ကျင့်ကြံခြင်းကိုစွန့်လွှတ်ရန်ပင် သူ တွေးမိသည်။

၎င်းက လုံလောက်ပေသည်။

သူသည် ကိုယ်ချစ်သည့်မိန်းမအတွက်ဖြင့် တိုင်းပြည်တစ်ခုလုံးကို စွန့်လွှတ်ခဲ့သည့် ရှေးခေတ်ရှင်ဘုရင်တစ်ပါးကဲ့သို့ပင်။

သူတို့၏အတွေးများက ဆင်တူ၏။

ကျန်းဟန်လည်း အလွန်စိတ်လှုပ်ရှားခဲ့သည်။ သူမ သူ့အား ထိုသို့လုပ်ပေးကတည်းက သူမအား ဘဝတစ်လျှောက်လုံး စိတ်မပျက်သွားစေရဘူးဟု သူ့ကိုယ်သူ အခိုင်အမာဆုံးဖြတ်ထားခဲ့သည်။

မုန့်မုန့်တစ်ဦးတည်းသာ သူ၏မင်းသမီးလေးမဟုတ်ချေ။ သူမသည်လည်း သူ၏မင်းသမီးတစ်ပါးဖြစ်သည်။

ကျန်းဟန်၏အကြည့်မှ ချစ်ခြင်းမေတ္တာကို ဇီယန် ခံစားမိသည်။ သို့သော် သူမ နှုတ်ခမ်းလေးစူကာ "အဒါ အရမ်းရိုးလွန်းတယ်" ဟု ပြောလိုက်သေး၏။

"ဟားဟားဟား..."

ကျန်းဟန် ရယ်မောလိုက်သည်။ ခဏလောက်စဉ်းစားပြီးနောက် ဇီယန်အား စိုက်ကြည့်ရင်း ကတိသစ္စာပြုသလိုမျိုး သူဖြည်းညှင်းစွာ ပြောလိုက်သည်။

"ကိုယ် ဒီဘဝကို ပြန်ရောက်လာခဲ့တာက... မင်းကို ချစ်ဖို့ အတွက်ပဲ...

ကိုယ်မင်းကို ဘယ်တော့မှ စိတ်မပျက်စေရဘူးလို့ ကိုယ် ကတိပေးတယ်"

"ရှင် စာမေးပွဲအောင်သွားပြီ" ဇီယန် ပြုံးလိုက်သည်။

ကျန်းဟန်က ဇီယန်ကိုယ်လုံးပေါက်ကို ဘေးတစောင်းဖိမှီ လိုက်ရင်း မေးသည်။ "ဆုမချတော့ဘူးလား"

သူ၏ယောက်ျားဆန်မှုကြောင့် ဇီယန် အနည်းငယ် ယစ်မူး သွားသည်။ သူမ၏မျက်နှာလှလှလေးတွင် ရှက်သွေးဖြာသွား ပြီး အောက်နှုတ်ခမ်းကို အသာလေးကိုက်ကာ "ရှင် ဘာဆိုလို ချင်လဲ"

"မနက်ဖြန်ကျ ကိုယ် အနက်ရောင်ဆက်စီစတော်ကင် သွားဝယ်...."

"ဟွန့် အိပ်မက်မက်နေလိုက်။ တော်တော်နှာဘူးထချင်တယ်။ ဒုတိယအိပ်ခန်းကို သွားတော့”

"...”

နောက်တစ်နေ့တွင် ကောင်းကင်မှာ ကြည်လင်တောက်ပနေ၏။

စကျင်္ကာပူအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မိန်းကလေးသုံးယောက် လေယာဉ်စောင့်နေကြသည်။

ထိုအထဲတွင် မိန်းကလေးနှစ်ယောက်မှ ကိုယ်ခန္ဓာအချိုးအစားလှပပြီး ချစ်စရာမျက်နှာလေးရှိကြသည်။ တစ်ယောက်က အရပ် ၁.၆၈ မီတာခန့်ရှည်ပြီး အဝါရောင်ဆံပင်ဘဲဥပုံမျက်နှာပေါက်ရှိသည်။ သူမ၏မျက်လုံးများက အပေါက်ဘက်သို့အနည်းငယ်ပင့်နေပြီး အလွန်ဆွဲဆောင်မှုရှိကာ ဆက်စီကျသည်။

နောက်တစ်ယောက်မှာ ရှည်လျားသည့် အညိုရောင်ဆံပင်ကောက်ကောက်၊ မျက်တောင်မွေးရှည်ရှည်နှင့် မျက်လုံးဝိုင်းဝိုင်းရှိသည်။ သူမ၏မျက်ခုံးများက ဇီယန်၏မျက်ခုံးနှင့် ဆင်တူ၏။ သူမကတော့ ဇီယန်၏ညီမလေး ဇီရှီးယာဖြစ်သည်။

ကျန်မိန်းကလေးမှာတော့ ရုပ်ရည်သိပ်မလှချေ။ ထိုမိန်းကလေးအတွက်တော့ သူမ၏လှပသည့်အသားအရေသူမ၏အားနည်းချက်များကို ဖုံးကွယ်ပေးထားပြီး ဝဖိုင့်သည့်ခန္ဓာကိုယ်က သူမ၏အားသာချက်များကို ဖျက်ဆီးသွားမည်ဟု လူများက မကြာခဏပြောလေ့ရှိကြသည်။ ထိုမိန်းကလေးမှာ အနည်းငယ်ဝသည်။ သူမသည် အရပ် ၁.၆ မီတာခန့်ရှည်သော်လည်း သူမ၏ကိုယ်အလေးချိန်က... ကီလို ၇၀ ကျော်ရှိသည့်ပုံပေါ်သည်။

"ငါ့မှာ ရွေးချယ်စရာမရှိဘူး။ အဲဒါ ငါ့ကောင်လေးရဲ့မွေးနေ့လေ။ ငါ သူနဲ့မွေးနေ့ပွဲလုပ်ဖို့ သွားမှဖြစ်မယ်" လျိုရှားရှားက မျက်လုံးပင့်လိုက်သည်။ ထိုနောက် သူမ အနည်းငယ်ဝသည့်

ကောင်မလေးကို ကြည့်ကာ "ယုဝေ နင်အမြဲတမ်း နာမည်ကြီး ဆယ်လီတွေရဲ့ပါတီတစ်ခု တက်ချင်ခဲ့တာမလား။ ဒီတစ်ခေါက် ငါတို့မှာ အချိန်မရှိတော့ဘူး။ အဲဒီအတွက် စိတ်မရှိပါနဲ့နော်"

"အိုး အဆင်ပြေပါတယ်" ယုဝေက သဘာဝဆန်စွာ ပြုံးလိုက်သည်။ ထိုနောက် သူမ ပြောသည်။ "ငါတို့ ခုတလော နေ့တိုင်းဒီလိုမျိုးဖြစ်နေတာ။ ရှီးယာရဲ့မိသားစုက ဒီလောက်ချမ်းသာလိမ့်မယ်လို့ ငါမမျှော်လင့်ထားဘူး။ ဝေါင်း... နင်တို့ခြံဝန်းက ငါတို့ တက္ကသိုလ်ဝန်းလောက်ကို ကျယ်တယ်ထင်တယ်။ ဟုတ်တယ်မလား။ အစားအသောက်ကလည်း အရမ်းကောင်းတယ်။ ကျောက်ပုဇွန်က အရမ်းအရသာရှိတာ။ တကယ့်အံ့မခန်းပဲ"

သဘောထားကြီးတဲ့သူတွေက အဝလွယ်တယ်တဲ့။

ထိုစကားက အဓိပ္ပာယ်တော့ရှိသည်။ ယုဝေက လုံးဝဂရုမစိုက်သည်ကိုမြင်တော့ ဇီရှီးယာနှင့် လျိုရှားရှားတို့ နှစ်ယောက်လုံး ရယ်မောလိုက်ကြသည်။

သူမသည် သူမ၏သူငယ်ချင်းနှစ်ယောက်နှင့် ရက်အနည်းငယ် လည်ပတ်၍ ဇီမိသားစု၏အင်အားကြီးမားပုံကို သူတို့အား ပြသခဲ့သော်လည်း သူမ ထိမ်ရှု ဂုဏ်ယူခြင်းမရှိချေ။ သူမ၏မိသားစု ချမ်းသာသည်မှာ သူမ ချမ်းသာသည်ဟု မဆိုလိုချေ။ သူမ၏တစ်နှစ်တာ မုန့်ဖိုးက ယွမ်တစ်သန်းကျော်သာ ရှိသည်။ ယုဝေ၏မိသားစုကလည်း အလွန်ချမ်းသာသည်။ သူမ၏အဖေက သူမအား ကျောင်းလိုက်ပို့သည့်အခါ Bentley သုံးစီးဖြင့် လိုက်ပို့သည်။ သို့သော် သူမ ဂရုမစိုက်ဆုံးအရာမှာ အစားအသောက်ဖြစ်ပြီး အဝတ်အစားနှင့် အခြားအရာများက နောက်မှလိုက်သည်။

လျိုရှားရှားအတွက်တော့... သူမက မချမ်းသာသော်လည်း ဟောင်ကောင်တွင် တက္ကသိုလ်တက်နေသည့် သူမ၏ရည်းစားရှိသဖြင့် သူမတွင် ဘာမျှ ချို့တဲ့မနေချေ။ ၎င်းက ရှန်းကျန်းနှင့် အလွန်နီးသဖြင့် သူတို့ အပတ်တိုင်းတွေ့ဖြစ်ကြသည်။

"ရှာရှာ နင်နဲ့ ယွမ်လဲ့ တွဲလာတာ နှစ်လပဲရှိသေးတယ်။ ပြီးတော့ နင်တို့က နေရာလည်းမတူကြဘူး။ သူ ရှုပ်ပွေမှာ မစိုးရိမ်ဘူးလား” ဇီရှီးယာက ရုတ်တရက် ပြောသည်။

သူမသည် လျိုရှားရှား၏ ချစ်သူကို သုံးကြိမ်တွေ့ဖူးပြီး သူ၏အမည်မှာ ယွမ်လဲ့ဖြစ်သည်။ သူတို့ချိန်းတွေ့တိုင်း သူသည် ယွမ်၂ သောင်း ၃ သောင်း သုံးဖြုန်း၏။ ထို့ကြောင့် သူမသည် သူ့အား အချစ်ကို သစ္စာရှိသူမဟုတ်ဘဲ ကစားကွင်းတစ်ခုလို သဘောထားသည့်ယောက်ျားဟု ထင်ခဲ့သည်။

"သူက အဲ့လိုမဟုတ်ပါဘူး။ သူတို့တက္ကသိုလယ်မှာ သူနဲ့ ဌာနတူတဲ့ ငါ့အတန်းဖော်တစ်ယောက်ရှိတယ်။ သူတို့ ခဏတိုင်း တွေ့ဖြစ်ကြတယ်။ တစ်ခုခုလွဲနေတာရှိရင် သူ ငါ့ကို ပြောမှာပါ” လျိုရှားရှားက ပြုံးကာ ပြောသည်။ "ရှီးယာ ငါ့အကြောင်းပဲ ပြောမနေနဲ့။ နင်ရော။ နင့်ကို လိုက်နေတဲ့ကောင်လေးတွေရှိတယ်မလား။ နင် သူတို့ထဲက တစ်ယောက်မှ မကြိုက်ဘူးလား”

"ဟုတ်တယ်" ယုဝေက ထိုအကြောင်းကို စိတ်ဝင်တစား ဖြင့် ဝင်ပြောသည် "လူချောလေးနှစ်ယောက်ပါတယ်။ နှစ် ယောက်လုံးက ကျောင်းသားသမဂ္ဂရဲ့ဥက္ကဋ္ဌနဲ့ ငါတို့ဌာနရဲ့ အချောဆုံးတွေပဲ။ သူတို့က အရမ်းချစ်ဖို့ကောင်းပြီ လိမ္မာကြ တယ်။ ငါသာ နင့်နေရာမှာဆို သူတို့နဲ့ ဒိတ်ပြီးနေပြီ"

"တော်စမ်းပါ။ နင် ကိုရီးယားဒရာမာတွေ ကြည့်တာများ နေပြီ။ နင် အဲ့လိုကောင်လေးတွေကို ကြိုက်တာ" ဇီရှီးယာက နှုတ်ခမ်းကို တွန့်ကာ ပြောသည်။ "ငါတော့ အဲ့လိုချစ်ဖို့ကောင်း တဲ့ကောင်လေးတွေ မကြိုက်ပါဘူး။ ငါက ယောကျ်ားပီသပြီး အေးစက်စက် ခက်ထန်ထန်နေတဲ့သူမျိုးကို ကြိုက်တာ။ သူက ငါကလွဲရင် အပြင်လူတွေကိုဆို လုံးဝ ပြုံးတောင်မပြဘူး" ဇီရှီး ယာက ပြောသည်။

ပြောပြောဆိုဆိုဖြင့် ဇီရှီးယာ ရယ်မောလိုက်သည်။

သူမ သူတို့အား မပြောပြသည့် အချက်တစ်ချက်ရှိသည်။ ဇီမိသားစု၏တရားဝင်သမီးတစ်ယောက်အနေဖြင့်

သူမ၏အိမ်ထောင်ရေးကိစ္စသည် မိသားစု၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိစေရမည်ဖြစ်သည်။ ၎င်းက စာရွက်ပေါ်မှာ ချမရေးထားသည့် စည်းမျဉ်းဖြစ်၏။

သူမ ချစ်မိသွားသည့်ယောက်ျားသည့် ကျော်ကြားပြီး ဩဇာကြီးမားသည့် မိသားစုမှ ဖြစ်ပါက အဆင်ပြေသည်။ သို့သော် ထိုသို့မဟုတ်ပါက အလွန်ခက်ခဲပေလိမ့်မည်။ အတိတ်က သင်ခန်းစာများစွာရှိနေ၍ သူမ ဆက်ဆံရေးတစ်ခု စတင်ရမည်ကို ကြောက်ရွံ့နေခဲ့သည်။

သို့သော် ယောက်ျားပီသ၍ အေးစက်စက်ရှိသောရင့်ကျက်သည့်ယောက်ျားတစ်ယောက်နှင့် ရိုမန့်တစ်ဆန်သည့် အချစ်ရေးတစ်ခုရှိရန်လည်း သူမ မျှော်လင့်မိသည်။ သူမ၏မိသားစုက သဘောမတူလျှင်ပင် သူမ၏အစ်မကဲ့သို့ပင် အပြင်ထွက်ကာ အမှီအခိုကင်းကင်းနေထိုင်နိုင်မည်ဟု ထင်သည်။ ထိုသို့ဆိုလျှင်လည်း ကောင်းပေမည်။

၎င်းကို စဉ်းစားပြီးနောက် ဇီရှီးယာက ပြုံး၍ ပြောသည်။ "ငါတို့ ပါတီမတက်နိုင်ပေမယ့် နင်တို့ကို ငါ့အစ်မနဲ့တွေ့ဖို့ ခေါ်သွားပေးမယ်။ နင်တို့ လုံးဝအံ့သြသွားစေရမယ်လို့ ငါအာမခံတယ်”

"နင့်အစ်မက ငါတို့ကို အံ့သြသွားစေမှာလား” ယုဝေက ခေါင်းကိုအကြိမ်ကြိမ်ယမ်းလိုက်ပြီး "ငါတော့ မထင်ဘူး။ ကျောက်ပုဇွန်အကြီးကြီးတွေကပဲ ငါ့ကို အံ့သြစေနိုင်တာ”

"တော်စမ်းပါ။ ငါ နင်တို့ကို နောက်နေတာမဟုတ်ဘူး။ တကယ်ပြောတာ။ ငါ သူ့ကို ဖုန်းဆက်ထားပြီးပြီ။ လေယာဉ်ဆင်းရင် သူ ငါတို့ကို လာကြိုလိမ့်မယ်” ဇီရှီးယာက ပြောသည်။

"နင့်အစ်မက ဘယ်သူလဲ” လျို့ရှားရှားက သိချင်စိတ်ပြင်းစွာဖြင့် မေးသည်။

ဇီရှီးယာ အနည်းငယ် တုံ့ဆိုင်းသွား၏။ ထိုနောက် သူမခြေထောက်ကို အသာလေးဆောင့်ကာ "ငါတို့ လေယာဉ်ပေါ်

ကဆင်းမှ နင်တို့ကို ပြောပြမယ်လို့ စိတ်ကူးထားတာ။ ဟမ့် အခုပဲ ပြောလိုက်တော့မယ်။ နင်တို့ ငါ့အစ်မရဲ့နာမည်ကို ကြား ဖူးကြမှာပါ။ ဘာလို့လဲဆိုတော့ ခုတလော သူသီဆိုထားတဲ့ သီချင်းတော်တော်များများကို ငါတို့ နားထောင်ဖြစ်ကြတယ် လေ”

"သီချင်းတွေ။ သူ့သီချင်းတွေလား။ ငါတို့ သူ့သီချင်းတွေ နားထောင်တယ်။ မျိုးရိုးက ဇီ...” လျိုရှားရှားက ရေရွတ်လိုက် သည်။ သူမ မျက်လုံးများ ပြူးကျယ်သွားပြီး ပါးစပ်ကို လက်ဖြင့် အုပ်ကာ အံ့ဩတကြီးပြောသည်။ "နင် ဇီယန်ကို ပြောနေတာ လား”

"ဟမ် သူက နင့်အစ်မလား” ယုဝေလည်း တံတွေးသီး မတတ်ဖြစ်သွားသည်။

"ဟုတ်တယ်လေ”

ဇီရှီးယာ၏မျက်လုံးများမှာ လေးစားမှုများဖြင့် တောက်ပ လာသည်။ "ဇီယန်က ငါ့ဦးလေးရဲ့သမီး။ ငါယယ်က သူနဲ့

အမြဲတမ်းကစားလေ့ရှိတယ်။ လွန်ခဲ့တဲ့ငါးနှစ်က အရမ်းနာမည်ကြီးခဲ့ပြီးတော့ ရုပ်ရှင်ဘုရင်မဖြစ်လုနီးပါးပဲ။ နင်တို့ သူ့ကို သိမှာပါ။ ဟုတ်တယ်မလား"

"ဒါပေါ့ ငါတို့ သူ့ကို သိတာပေါ့" ယုဝေက ခေါင်းကို တဆတ်ဆတ်ညိမ့်သည်။

"ခုတလော နင် သူ့သီချင်းတွေနားထောင်ရင် ဘာလို့အမြဲတမ်း ထူးဆန်းနေတာလဲဆိုတာ ငါအခုသိသွားပြီ" လျို့ရှားရှားက ပြောသည်။ ထိုနောက် သူမ အမြန်မေး၏။ "လွန်ခဲ့တဲ့ငါးနှစ်က သူ ဘာလို့ ပျောက်သွားတာလဲ။ အကြောင်းအရင်းကို နင်သိလား"

"သူ မြောက်အမေရိကကို သွားနေတာ။ ဖျော်ဖြေရေးအသိုင်းအဝိုင်းမှာ အလုပ်လုပ်ရတာ ပင်ပန်းပြီး သူမ အဲဒီမှာ တစ်ခုခုလေ့လာဖို့လည်း ရှိတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ငါ သူ့ဆီ တစ်ခေါက် သွားတွေ့ဖူးတယ်။ အသေးစိတ်တော့ ငါလည်းမသိဘူး။ မကြာခင်ကမှ သူ ကမ်းဘက်လုပ်ခဲ့ပြီး ဘာဖြစ်

ခဲ့လဲ။ သူ နောက်တစ်ကြိမ် ပေါ်ပြူလာဖြစ်ဖို့ သိပ်မကြာလိုက်ဘူးလေ” ဇီရှီးယာက ဂုဏ်ယူစွာပြောသည်။

"လေယာဉ်တက်ဖို့အချိန်ရောက်ပြီ။ သွားရအောင်” ယုဝေက သူတို့အား သတိပေးသည်။

ထိုနောက် သုံးယောက်သား လေယာဉ်ပေါ် တက်ခဲ့ကြ၏။

ခုံတန်းတွင် ဝင်ထိုင်ပြီးနောက် လျိုရှားရှားက ဇီရှီးယာကို မီကာ တိုးတိုးလေးပြောသည်။ "နင့်အစ်မက စူပါစတားတစ်ယောက်ဆိုတော့ ငါတို့ နောက်ကျရင် သူနဲ့ ဓာတ်ပုံတွဲရိုက်လို့ရမလား”

"ရတာပေါ့။ ငါတို့က ဆက်ဆံရေးကောင်းတယ်။ ငါ တောင်းဆိုရင် သူ ငြင်းမှာမဟုတ်ဘူး” ဇီရှီးယာက ခေါင်းညိတ်ကာ ပြောသည်။

"ကောင်းလိုက်တာ။ တကယ့်အံ့သြစရာအကြီးကြီးပဲ" ယုဝေက ပျော်ရွှင်စွာ ပြောသည်။ "ရှာရှာ နေ့လယ်ခင်းကို နင့်ရည်းစားနဲ့ မတွေ့နဲ့တော့။ ငါတို့ ညဘက်ကျမှ သွားကြမယ်လေ ဘယ်လိုလဲ"

"မရဘူး။ ငါတို့ သဘောတူပြီးသွားပြီ။ ယွမ်လဲ့က စားသောက်ဆိုင်တစ်ခုမှာ နေ့လယ်ခင်း ဘွတ်ကင်လုပ်ပြီးပြီ။ သူ့အခန်းဖော်တွေနဲ့ သူငယ်ချင်းတွေလည်း လာမှာ။ ညနေခင်းကျရင် တခြားလုပ်စရာတွေလည်း ရှိသေးတယ်" လျိုရှားရှားက ခေါင်းယမ်းသည်။

"အဆင်ပြေပါတယ်။ ငါတို့ ကိုးနာရီလောက် ဟိုကိုရောက်မှာ။ အဲဒါဆို ငါ့အစ်မဆီမှာ နှစ်နာရီလောက် အနားယူပြီးနောက်မှ စားသောက်ဆိုင်ကို သွားကြမယ်လေ။ ညနေခင်းကျရင် ရှာရှာက သူ့ရည်းစားနဲ့အတူနေမယ်ထင်တယ်။ ယုဝေနဲ့ငါက ငါ့အစ်မဆီကို ပြန်လာကြမယ်။ နောက်တစ်နေ့ ကျောင်းကို

ပြန်ရောက်မှ တွေ့ကြတာပေါ့” ဇီရီးယာက ခဏလောက် စဉ်းစားပြီး ပြောသည်။

"အိုကေ အဲ့လိုပဲ လုပ်ကြတာပေါ့” လျိုရှားရှားက ခေါင်းညိတ်သည်။

"ရီးယာ ငါ သူနဲ့ ဓာတ်ပုံတွဲရိုက်ချင်တယ်။ သူ့လက်မှတ်လည်း လိုချင်တယ်။ ငါ့အင်္ကျီပေါ်မှာလည်း လက်မှတ်တိုးပေးစေချင်တယ်။ ငါ နင့်အစ်မကို အရမ်းကြိုက်တာ။ အနုပညာ အသိုင်းအဝိုင်းမှာ သူက လုံးဝ အတင်းအဖျင်းမထွက်ဘူး။ သူက ညွှန်ထဲက ကြာဖြူလေးလိုပဲ အရမ်းဖြူစင်တယ်” ယုဝေက ထပ်ခါထပ်ခါပြောသည်။

"အေးပါ နင်လိုချင်တာတွေ အကုန်လုံးရမှာပါ” ဇီရီးယာက ရယ်မောကာ ဖြေသည်။

သုံးနာရီကျော်ကြာ ပျံသန်းပြီးနောက် လေယာဉ်သည် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်လာခဲ့သည်။

လေယာဉ်ပေါ်ကဆင်းပြီးနောက် ဇီရှီးယာသည် ဇီယန်ကို အရင်ဆုံး ဖုန်းဆက်သည်။ စကားအနည်းငယ်ပြောပြီးနောက် သူမ ဖုန်းချလိုက်၏။

"သွားရအောင်။ သူ ကားပါကင်ရဲ့ ညာဘက်အစွန်ဆုံး လမ်းဆုံမှာတဲ့"

ထိုသို့ပြောပြီးနောက် ဇီရှီးယာ ဦးဆောင်က လေဆိပ်ထဲမှ ထွက်လာခဲ့သည်။

"အမလေး ငါ့ရဲ့အိုင်ဒေါ်ကို တွေ့ရတော့မယ်။ ငါအရမ်း စိတ်လှုပ်ရှားတာပဲ" ယုဝေက ပြုံးကာ ပြောသည်။

"နင့်ကိုယ်နင်ပြန်ကြည့်ပါဦး" လျိုရှားရှားက သူမအား မျက်စောင်းထိုးလိုက်၏။ ထိုနောက် သူမ ဇီရှီးယာကို အမြန် မေးသည်။ "ရှီးယာ နင့်အစ်မက စိတ်ထားကောင်းလား။ သူက ခပ်တန်းတန်းနေတတ်တယ်လို့ ငါကြားဖူးတယ်"

"ခပ်တန်းတန်းနေတာလား။ အဲဒါက အပြင်လူတွေနဲ့မှလေ။ စိတ်မပူပါနဲ့။ ငါ့အစ်မက အရမ်းစိတ်သဘောထားကောင်းတယ်" ဇီရှီးယာက ပြုံး၍ ပြောသည်။ သူမ လေဆိပ်ထဲမှ ဦးဆောင်ထွက်လာပြီး ညာဘက်သို့ လျှောက်သွားသည်။

လမ်းဆုံးသို့ ရောက်သည့်အချိန်တွင် သူတို့သုံးယောက် ပတ်ဝန်းကျင်အား လိုက်ကြည့်သည်။

"သူ ဘယ်မှာလဲ" ယုဝေက ဟိုဟိုဒီဒီကြည့်ရင်း မေးသည်။

"သူပြောတာတော့ ညာဘက်အစွန်ဆုံးမှာတဲ့။ ငါ သူ့ကို ဖုန်းထပ်ခေါ်လိုက်မယ်" ဇီရှီးယာက ဖုန်းကိုထုတ်လိုက်ရင်း စိတ်ရှုပ်ထွေးစွာ ပြောသည်။

"အဲ ရှီးယာ။ နင် သူ့ကို ဖုန်းခေါ်ဖို့မလိုလောက်ဘူးထင်တယ်။ ဟို ငါတို့နဲ့မျက်နှာချင်းဆိုင်က နင့်အစ်မမဟုတ်လား" လျိုရှားရှားက ရှေ့ကိုကြည့်ရင်း စိတ်ရှုပ်ထွေးစွာမေးသည်။

ရှေ့တွင် လူအချို့ ရပ်နေကြသည်။ နေကာမျက်မှန်တပ်ထားသည့် အရပ်ရှည်ရှည်အမျိုးသမီးမှာ ဇီယန်ဖြစ်ကြောင်း သူမ ခပ်ရေးရေးခံစားမိသည်။ သူမ မသေချာသော်လည်း အနောက်ရှိ Rolls-Royce Phantom နှစ်စီးအကြောင်းကိုတော့ သူမ သိသည်။ သူမ အလွန်အံ့အားသင့်သွားပြီး စိတ်ရှုပ်ထွေးသွား၏။

ဘာလို့ ကလေးချီထားတဲ့ယောကျ်ားတစ်ယောက် သူ့ဘေးမှာ ရပ်နေတာလဲ...

"အဲဒါ ဇီယန် မဟုတ်လား"

ထို့ကြောင့် လျိုရှားရှားက သူမအား သတိပေးလိုက်သည်။

ထိုနောက် ဇီရှီးယာ လှမ်းကြည့်လိုက်သည်။

"အဲဒါ ငါ့အစ်မပဲ"

သို့သော် ထိုနောက်တွင် သူမ အံ့အားသင့်သွား၏။

"သူ့ဘေးမှာ ကလေးချီထားတဲ့လူက ဘယ်သူလဲ"

ထိုအချိန်တွင် ဇီရှီးယာ စိတ်ရှုပ်ထွေးသွား၏။

"ဘာတွေဖြစ်နေတာလဲ”

-အပိုင်း(၇) အခန်း(၄၂၂-ခ)ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၈)] အခန်း(၄၂၃) အံ့အားသင့်နေသည့် ဇီရှီးယာ

ဇီရှီးယာ အနည်းငယ် စိတ်ရှုပ်ထွေးသွားပြီး ရှေ့သို့ လျှောက်သွားလိုက်၏။

"အစ်မ” ဇီရှီးယာ ဇီယန်ကို အဝေးမှ လှမ်းနှုတ်ဆက်သည်။

"ညီမလေး မတွေ့တာကြာပြီနော်” ဇီယန်က သူမအား ပြန်ပြုံးပြသည်။

"သူက ဘယ်လူလဲ” ကျန်းဟန်ကိုမြင်သည့်အခါ ဇီရှီးယာက မေးသည်။

ယုဝေနှင့် လျိုရှားရှားတို့ သိချင်စိတ်ပြင်းစွာ ဇီယန်ကို စိုက်ကြည့်ရင်း တုံ့ဆိုင်းနေကြသည်။ နေကာမျက်မှန်အောက်မှ ပါးပြင်နှင့် မိုးမခနူတ်ခမ်းလေးများမှနေ၍ နှာများသွယ်သွယ်နှာတံမြင့်မြင့်အထိ နတ်သမီးတစ်ပါး၏ဖော်ပြချက်များအားလုံးကို သူတို့ တွေ့လိုက်ရသည်။

သူတို့ရှေ့မှ အမျိုးသမီးက တကယ်ပဲ ဇီယန်ဖြစ်ကြောင်း သိကြသည်။

ဒါဆို... သူ့ဘေးက ကလေးမလေးကိုချီထားတဲ့သူက ဘယ်သူလဲ...

ဇီရှီးယာ၏မေးခွန်းကြောင့် သူတို့လည်း ကျန်းဟန်ကို ကြည့်လိုက်ကြသည်။

"သူက သမီးရဲ့ဖေဖေ” မုန့်မုန့်က နှုတ်ခမ်းလေးဟကာ ပြောသည်။

"ဒီနှစ်ယောက်က ညီမရဲ့အတန်းဖော်တွေပဲဖြစ်မယ်” ဇီယန်က ယုဝေနှင့် လျိုရှားရှားကို ကြည့်လိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ် အစ်မဇီယန်။ ညီမက လျိုရှားရှားပါ”

"တွေ့ရတာဝမ်းသာပါတယ် အစ်မဇီယန်။ ညီမက ယုဝေပါ”

ကောင်မလေးနှစ်ယောက်သည် ကမန်းကတမ်းပြုံးကာ ဇီယန်အား နှုတ်ဆက်လိုက်သည်။

"တွေ့ရတာဝမ်းသာပါတယ်” ဇီယန်က ခေါင်းညိတ်ကာ ပြန်ပြုံးပြပြီး "ကားပေါ်တက်ကြလေ။ ပြန်ကြရအောင်”

ဇီယန်သည် သူမ၏ညီမကို Rolls-Royce Phantom ကားရှည်ပေါ် ခေါ်သွားပြီး လျိုရှားရှားနှင့် ယုဝေတို့သည်တော့ အား

ဟူမောင်းသည့် Rolls-Royce Phantom ပေါ် တက်ပြီး သူတို့ နောက်မှ လိုက်လာခဲ့ကြသည်။

ကားနှစ်စီးသည် လဆန်းပင်လယ်ကွေ့သို့ ဖြည်းညှင်းစွာ မောင်းနှင်လာခဲ့သည်။

ရှေ့မှ Rolls-Royce Phantom ကားရှည်ပေါ်တွင် ဇီရှီးယာ သည် စိတ်ရှုပ်ထွေးစွာ ဘယ်ညာကြည့်လိုက်သည်။

သူမ မမေးရသေးခင်တွင် ဇီယန်က ဖြေလိုက်၏။ "သူက ငါ့ယောက်ျား။ သူမလေးက ငါ့သမီး"

"တကယ်ကြီးလား" ဇီယန်က သူမ ခန့်မှန်းထားသည့် အမှန်တရားကို ပြောပြလိုက်ပြီးနောက် ဇီရှီးယာ အေးခဲသွား လေသည်။

အစ်မဇီယန်က လက်ထပ်ပြီးပြီလား...

မဖြစ်နိုင်ဘူး...

သူက ဘယ်သူလဲ...

သူ့ရဲ့အထောက်အထားက ဘာလဲ။ သူ့အဆင့်အတန်းက ဘာလဲ။ သူက ငါ့အစ်မနဲ့ လိုက်ဖက်ရဲ့လား..

မဟုတ်သေးဘူး...

သူက တကယ်ပဲ အဆင့်အတန်းမြင့်တဲ့သူဆိုရင် အစ်က သူ့ကို မိသားစုဆီ သေချာပေါက် အသိပေးမှာပဲ။ သူတို့ တိတ်တိတ်လေး လပ်ထပ်ခဲ့တာဆိုတော့ အစ်မလည်း အချစ်မှာကျရှုံးခဲ့တာလား...

သူမက အရမ်းထူးချွန်တဲ့သူပဲ သူမက လူမှုအဆင့်အတန်းမြင့်ပြီး အရည်အချင်းရှိတဲ့သူတစ်ယောက်နဲ့ လက်ထပ်ရမှာ...

ဒီလူက ဘယ်ကလူလဲ...

ဇီရှီယာ စိတ်မချမ်းသာဖြစ်လာသည်။

သူမ စဉ်းစားနေချိန်တွင် ကျန်းဟန်က ပြုံကာ လက်ကို ပေါ့ပေါ့ပါးပါး ဆန့်ထုတ်ပြီး နှုတ်ဆက်လိုက်သည်။ "မင်္ဂလာပါ”

ကျန်းဟန်၏လက်ဆန့်ပေးနေသည်ကို ကြည့်ရင်း ဇီရှီးယာ စိတ်ခါတ်ကျရှုံသာမက ကျန်းဟန်အား လုံးဝ လျစ်လျူရှုထား လိုက်ချင်ခဲ့သည်။

ငါ့ရဲ့အိုင်ဒေါ်အနေနဲ့ အစ်မက ဒီလို ဘယ်သူမှမသိ မထင်မ ရှားလူကို လက်ထပ်မယ့်အစား ချမ်းသာတဲ့မိသားစု ဒါမှမဟုတ် မင်းသားတစ်ပါးနဲ့ လက်ထပ်ပြီး ကြီးကျယ်ခမ်းနားတဲ့မင်္ဂလာပွဲ ကို ကျင်းပသင့်တယ်...

"အဟမ်း ရှီးယာ" ညီမဖြစ်သူ၏မှင်တက်နေသည့် အမူအရာကိုမြင်တော့ ဇီယန်က အသာချောင်းဟမ့်က သူမ အား သတိပေးလိုက်သည်။

"အာ..." ဇီရှီးယာ သတိပြန်ဝင်လာပြီး သူမ၏စိတ်အခြေအနေကို ထိန်းချုပ်ကာ ကျန်းဟန်နှင့် လက် ဆွဲနှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ" သူမ ကျန်းဟန်အား ခဲအိုဟု မခေါ်ခဲ့ချေ။

ရုတ်တရက်ကြားလိုက်ရသည့်သတင်းက ဇီရှီးယာကို ရှော့ခ်ရသွားစေခဲ့သည်။ တစ်ချိန်တည်းမှာပင် သူမ ထိုလူကို မြင့်မြင့်မတွေးထားပါက ဇီမိသားစုက သူ့အား လက်ခံရန် မဖြစ်နိုင်ကြောင်း သဘောပေါက်လိုက်သည်။

"အင်း... ဖေဖေ သူက သမီးတို့ကို သဘောမကျဘူးလား" ကျန်းဟန်၏ရင်ခွင်ထဲရှိ မုန့်မုန့်က မေးသည်။

မုန့်မုန့်သည် ဇီရှီးယာ၏အတွေးများကို သူမ၏အမူအရာနှင့် တုံ့ဆိုင်းမှုများမှတဆင့် ခန့်မှန်းမိလေသည်။

၎င်းကို ကြားတော့ ဇီရှီးယာ ရုက်ရှံ့သွား၏။ သူမ ဇီယန်ကို ကြည့်ကာ စတင်တွေးလိုက်သည်။

ဘာပဲဖြစ်ဖြစ် အစ်မက အိမ်ထောင်ကျပြီး ကလေးမွေးထားတာ။ ငါ သူမရဲ့မိသားစုကို လေးစားသင့်တယ်။ ပြီးတော့ ငါ့အစ်မသဘောကျတဲ့လူက သာမန်လူတော့ ဖြစ်မှာမဟုတ်ဘူး...

ဇီရှီးယာသည် မုန့်မုန့်နှင့် ကျန်းဟန်အား အနီးကပ်သေချာကြည့်လိုက်ပြန်သည်။

ရုပ်ရည်အရ ကျန်းဟန်သည် အလွန်ချောမောေ၏။ သူတို့၏ကလေးကတော့…

"အန်တီက သမီးကို သဘောမကျတာ မဟုတ်ပါဘူး။ နည်းနည်း အံ့သြသွားလို့ပါ။ သမီးက အရမ်းလှတာပဲ။ သမီးနာမည် ဘယ်လိုခေါ်လဲ" ဇီရှီးယာက ပြုံး၍ မေးသည်။

"အင်း… သမီးနာမည်က ကျန်းယွီမုန့် လူတိုင်းက သမီးကို မုန့်မုန့်လို့ ခေါ်ကြတယ်"

"မုန့်မုန့် ဘာလို့ သမီးက ဒီလောက်ချစ်စရာကောင်းပြီး အရမ်းလှနေရတာလဲ" ဇီရှီးယာမှာ မုန့်မုန့်အား ကြည့်လေကြည့်လေ ပို၍သဘောကျလေဖြစ်သည်။

"ဘာလို့လဲဆိုတော့…. သမီးရဲ့မေမေက အရမ်းလှပြီး သမီးရဲ့ဖေဖေက အရမ်းချောလို့" မုန့်မုန့်က ပြန်ဖြေသည်။

"ခစ်ခစ် ဟုတ်တာပေါ့။ သမီးရဲ့မေမေက အရမ်းလှပြီး သမီးရဲ့ဖေဖေက အရမ်းချောတယ်" ဇီရှီးယာ ပြုံး၍ ပြောလိုက်သည်။ သူမ၏တုန်လှုပ်မှုများက ပျောက်ကွယ်သွားသည်။ သူမ အစ်မ၏အချစ်ရေးကိစ္စအတွက် စိုးရိမ်နေဖို့မလိုကြောင်း သူမ သဘောပေါက်လာသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ခဲအို" ထိုအကြောင်းကို စဉ်းစားပြီးနောက် ဇီရှီးယာ ကျန်းဟန်အား တရားဝင်နှုတ်ဆက်လိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်" ကျန်းဟန် ပြုံးလိုက်၏။

တကယ်တမ်းတွင် ကျန်းဟန်သည် ဇီရှီးယာ၏အထင်အမြင်ကို ဂရုမစိုက်ချေ။ သူ၏အမြင်တွင် သူမက အရွယ်မရောက်သေးသည့် ဆယ်ကျော်သက်ကလေးမတစ်ယောက်သာဖြစ်သည်။

"အစ် နင်ဘယ်တုန်းက လက်ထပ်လိုက်တာလဲ။ ဘာလို့ မိသားစုကို မပြောတာလဲ" ဇီရှီးယာက သိချင်စိတ်ဖြင့် မေးသည်။

"ဖေဖေနဲ့ မေမေက လက်မထပ်ရသေးဘူး။ ဒါပေမယ့် သူတို့...အဲ... ရက်နည်းနည်းကြာရင် စေ့စပ်တော့မှာ" မုန့်မုန့်က ပြောသည်။ သူမ ပန်းများကိုင်ပြီး သူမ၏မိဘများအား ဓာတ်ပုံရိုက်ရန် တောင်းဆိုမည်ဟု မျှော်လင့်ချက်များဖြင့် ပြည့်နေသည်။

"လက်မထပ်ရသေးဘူးလား" ဇီရှီးယာ မယုံကြည်နိုင်စွာဖြင့် အော်လိုက်မိသည်။

သူမ၏အစ်မက လက်တောင်မထပ်ရသေးဘဲ ကလေးမွေးထားသည့်အတွက် အလွန်ဒေါသထွက်သွားသည်။ ဘာလို့လဲ။

"ငါတို့ အရင်က တစ်ခုခုဖြစ်ခဲ့လို လက်မထပ်ရသေးတာ။ ဒါပေမယ့် ရက်အနည်းငယ်ကြာရင် သူက လက်ထပ်ခွင့်

တောင်းတော့မှာ။ ပြီးရင် ငါတို့ မကြာခင် မင်္ဂလာပွဲကျင်းပမယ်” ဇီယန်က ပြန်ဖြေသည်။

သူ လက်ထပ်ခွင့်တောင်းမှာလား...

ဇီရှီးယာ အံ့ကြိတ်လိုက်သည်။

ငါ့အစ်ကို ကလေးအရင်မွေးခိုင်းပြီးမှ လက်ထပ်ခွင့်တောင်းမယ်ပေါ့။ အဲဒါ အလုပ်ဖြစ်မယ်လို့ထင်နေလား...

မိသားစုစည်းမျဉ်းများက ဘယ်လောက်တင်းကျပ်လဲ သူမသိရှိသည်။ စွမ်းအားအာဏာမရှိသည့်လူက လက်ထပ်ခွင့်တောင်းပါက ဘာဖြစ်မည်နည်း။

"ဒါဆို ဦးလေးနဲ့ ဒေါ်လေးရော သိလား” ဇီရှီးယာ မေးသည်။

"မသိသေးဘူး။ ဒါပေမယ့် ရက်အနည်းငယ်အတွင်း သူတို့ သိမှာပါ” ဇီယန်က ပြောသည်။

"သိပြီ" ဇီရှီးယာ တိတ်ဆိတ်သွားပြီး ဘယ်ညာ ကြည့်လိုက်သည်။ သူမ၏စိတ်များ ကမောက်ကမဖြစ်နေ၏။

"ငါတကယ်အံ့သြတယ်။ နင် ကလေးမွေးပြီးနေပြီ" ဇီရှီးယာပြောသည်။

"အရမ်းမတွေးပါနဲ့ ညီမလေး" ဇီယန်က ပြုံးကာပြောသည်။ "နင့်အစ်မက အခု အရမ်းပျော်ရွှင်နေပါပြီ။ ပြီးနော့သူဘယ်လောက်အစွမ်းထက်လဲဆိုတာ သူ လက်ထပ်ခွင့်တောင်းတဲ့အခါကျရင် နင်သိလာလိမ့်မယ်"

"ကောင်းပြီ. ငါ အဲဒါကို မတွေးပါဘူး။ ငါ ထိတ်လန့်သွားလို့ပါ" ဇီရှီးယာက ကျန်းဟန်ကို ကြည့်ကာ မေးသည်။ "ခဲအိုရှင် ကျွန်မအစ်မကို ဘယ်လိုလုပ်ပြီး လိုက်နိုင်ခဲ့တာလဲ"

မိသားစုအကြောင်းတရားများအပါအဝင် တဖြည်းဖြည်းနှင့် သူမ သိချင်းစိတ်ပြင်းပြလာကာ စိတ်လှုပ်ရှားလာသည်။ သူမ၏အစ်မ အောင်မြင်ခဲ့လျှင် ၎င်းက မိသားစုစည်းမျဉ်းများ

ကို ချိုးဖြတ်ရန် စွမ်းဆောင်မှုတစ်ခုပင်။ စီစဉ်ပေးထားသည့် လက်ထပ်မှုမျိုးကို သူမလည်း မကြိုက်ချေ။

"အဲ…" ကျန်းဟန်က ဇီယန်ကို ကြည့်လိုက်ပြီး "ငါ လွယ် လွယ်နဲ့ အောင်မြင်ခဲ့တာမဟုတ်ဘူးလို့"

"ခစ်ခစ် ရှင်အရမ်းကံကောင်းသွားတာ" ဇီယန်က ရယ်မောကာ ပြောသည်။

"ဟုတ်တယ် ဖေဖေ အရမ်းကံကောင်းသွားတာ" မုန့်မုန့်က သံယောင်လိုက်သည်။

"ခစ်ခစ်…" ဇီရှီးယာလည်း ပျော်ရွှင်စရာမိသားစုကြောင့် ရွှင်မြူးသွားပြီး သူမ၏စိတ်အခြေအနေ ပိုကောင်းလာသည်။ "ခဲအို အစ်မကိုအောင်အောင်မြင်မြင်လိုက်နိုင်ခဲ့တာ အံ့ဩစရာ ပဲ"

သူမက ချီးကျူးသည့်အမူအရာဖြင့် ပြောသည်။ "အစ်မက ကျွန်မတို့မိသားစုထဲမှာ အလှဆုံးပဲ။ လွန်ခဲ့တဲ့နှစ်တွေတုန်းက

အစ်မကို လက်ထပ်ချင်တဲ့ယောက်ကျားတွေ အများကြီးပဲ။ ချမ်းသာတဲ့မိသားစုက သူဌေးသားတွေ၊ တော်ဝင်မိသားစုတွေနဲ့ မင်းသားတွေတောင်မှ ပါသေးတယ်။ မမျှော်လင့်ဘဲ ရှင်က အခွင့်အရေးရသွားတယ်"

"နင့်ရဲ့ခဲအိုက ကမ္ဘာပေါ်မှ အထူးခြားဆုံးပဲ။ သူ့ကို ဘယ်သူမှ မယှဉ်နိုင်ဘူး" ဇီယန်က ပြုံး၍ ပြောသည်။

"သမီးဖေဖေက အကြီးမြတ်ဆုံးပဲ" မုန့်မုန့်က ဂုဏ်ယူသွား ပြောသည်။

"ခဲအို ရှင့်နာမည် ဘယ်လိုခေါ်လဲ" ဇီရှီးယာက မေးသည်။

"ကျန်းဟန်"

"ဘယ်တော့ လက်ထပ်ခွင့်တောင်းမှာလဲ"

"နှစ်ရက်သုံးရက်အတွင်း" ကျန်းဟန်က ပြန်ဖြေသည်။ ဇီယန်နှင့် ဆွေးနွေးပြီးနောက် သူမ၏အယ်လ်ဘမ် ထွက်ရှိပြီးနောက်တွင် ဇီမိသားစုသို့ သွားရောက်ရန် ဆုံးဖြတ်ခဲ့သည်။

"ဒါဆို ရှင် ဇီမိသားစုကို သိလား" ဇီရှီးယာက တုံ့ဆိုင်းစွာ မေးသည်။

"အင်း"

ကျန်းဟန် ခေါင်းညိတ်သည်ကို မြင်တော့ ဇီရှီးယာ စိတ်သက်သာရာရသွားသည်။

ဇီမိသားစုကို သိရှိထားပြီး လက်ထပ်ခွင့်တောင်းရဲ သည့်အတွက် သေချာပေါက် သူ့ကိုယ်သူ ယုံကြည်မှုရှိပေမည်။

"ရှီးယာ နင် နန်ခယ်တက္ကသိုလယ်ကို ဝင်ခွင့်ရတယ်လို့ ကြားတယ်။ ဒီတော့ နင့်ရဲ့ပညာရေးရလဒ်က အတော်ကောင်း ရမယ်" ဇီယန်က ပြုံးကာ ပြောသည်။

"ငါက ကျောင်းသားသစ်လေ။ အမျိုးသားနေ့အားလပ်ရက် ကတည်းက ငါ့သူငယ်ချင်းနှစ်ယောက်ကို အိမ်အလယ်ခေါ်ချင် ခဲ့တာ။ ဒါပေမယ့် တခြားကိစ္စတစ်ခုကြောင့် မသွားဖြစ်လိုက်ဘူး။ ဒါကြောင့် ဒီကြာသပတေးနေ့ကစပြီး ပိတ်ရက်လေးရက်ရတုန်း

ထွက်လာခဲ့ကြတာ။ နှစ်ရက်လောက် လျှောက်လည်ပြီးပြီ ဒီနေ့က စနေနေ့ဆိုတော့ မနက်ဖြန် ကျောင်းကို ပြန်သွားကြမှာ”

ဇီရှီးယာက ဆက်ပြောသည်။ "အစ်မ သူတို့က နင့်ကို အရမ်းကြိုက်ကြတာ။ ပြီးရင် သေချာပေါက် နင်နဲ့ ခဏတ်ပုံတွဲ ရိုက်ကြမှာရယ်။ အဲဒါ အဆင်ပြေလား”

"သူတို့က နင့်ကို မဲဆွယ်ဖို့ လွှတ်လိုက်တယ်ဆိုမှတော့ သေချာပေါက် အဆင်ပြေတာပေါ့” ဇီယန်က ရယ်မောရှ် ပြောလိုက်သည်။

"အင်း မုန့်မုန့်က အရမ်းလှတာပဲ။ သမီးအသက် ဘယ်လောက်ရှိပြီလဲ” ဇီရှီးယာက ပြုံးကာ မေးသည်။

"သမီးက အသက်လေးနှစ်ပြည့်တော့မှာ”

မုန့်မုန့်နှင့် အချိန်အတော်ကြာ စကားပြောပြီးနောက် ဇီရှီးယာသည် ကျွန်းဟန်ကို ကြည့်ကာ မေးသည်။ "ခဲအို နင် ဘာလုပ်လုပ်တာလဲ”

"အချိန်ပြည့်... မုန့်မုန့်ကို ဂရုစိုက်ပေးတာ" ကျန်းဟာန်က အမှန်အတိုင်းဖြေသည်။

"???"

ဇီရှီးယာ ထိတ်လန့်သွား၏။

သူဘာကို ဆိုလိုတာလဲ။ အိမ်မှာနေတဲ့အဖေလား။ ဘုရားရေ။ မဟုတ်ဘူးလေ။ သူ ဘယ်လိုလုပ် လက်ထပ်ခွင့်တောင်း လို့ရမှာလဲ...

ဇီရှီးယာ၏အမူအရာကိုမြင်တော့ ဇီယန် ပြုံးလိုက်ပြီး "နင့်ရဲ့ခဲအိုမှာ ကုမ္ပဏီတချို့ရှိတယ်။ ဒါပေမယ့် သူက အဲဒါတွေကို ဂရုမစိုက်ဘူးလေ။ အိမ်မှာပဲ မုန့်မုန့်နဲ့ နေပေးရတာကို သဘောကျတာ"

"ဩော် သိပြီ။ ငါ့ကို လာနှောက်နေတယ်" ဇီရှီးယာ မျက်စောင်းထိုးလိုက်သည်။

"..."

သူတို့ တစ်လမ်းလုံး ရယ်မောစကားပြောလာကြသည်။ နာရီဝက်ခန့်ကြာသည့်အခါ လဆန်းပင်လယ်ကွေ့သို့ ရောက်ရှိလာပြီး စားသောက်ဆိုင်ရှေ့တွင် ကားရပ်လိုက်သည်။

"အမ်... အစ် ငါတို့ စားသောက်ဆိုင်ကို ဘာလာလုပ်တာလဲ။ ငါတို့ နေ့ခင်းကျမှ သွားစားမလို့။ သွားစရာရှိသေးတော့ နေ့လယ်စာတော့ နင်နဲ့မစားနိုင်တော့ဘူး" စားသောက်ဆိုင်ငယ်လေးတစ်ခု၏ရှေ့၌ ကားရပ်သွားသည်ကို မြင်သည့်အခါ ဇီရှီးယာက ပြောသည်။

"ဒါက နင့်ခဲအိုရဲ့ စားသောက်ဆိုင်ပါ။ ငါတို့ ဒီမှာပဲ နေကြတာ။ ဆင်းကြရအောင်" ဇီယန်က ပြောပြီး ကားပေါ်မှ ဦးဆောင်ဆင်းလိုက်သည်။

နောက်ရှိ ဇီရှီးယာမှာ အနည်းငယ် မှင်တက်နေသည်။

ခဲအိုရဲ့ ကုမ္ပဏီက ဒီစားသောက်ဆိုင်လေးတော့ မဟုတ်ဘူးမလား...

ၚင်းက သူမ စိတ်ကူးထားသည်နှင့် မတူကြောင်း ရုတ်တရက် ခံစားလိုက်ရသည်။ သူမ၏ခဲအိုက ကုမ္ပဏီအချို့ ပိုင်ဆိုင်ထားမှတော့ စံအိမ်ကြီးတစ်ခုမှ နေသင့်တယ်မဟုတ်လား။

ဒါပေမယ့်.... သူတို့က စားသောက်ဆိုင်မှာပဲ နေကြတာလား...

အားလုံး ကားပေါ်မှဆင်းလာပြီးနောက် ယုဝေနှင့် လျိုရှားရှားလည်း ရောက်လာသည်။

"ရှီးယာ နေ့လည်ကျ ငါတို့...." လျိုရှားရှားက တိုးတိုးလေး ပြောသည်။

"ဒါက ငါ့ခဲအိုရဲ့စားသောက်ဆိုင်ပါ။ အရင်ဝင်ထိုင်ကြရအောင်" ဇီရှီးယာ ပြုံးကာ ပြောသည်။

"နင့်ခဲအိုရဲ့ ဆိုင်လား။ သေးသေးလေးနဲ့ ချစ်စရာလေး" ယုဝေက ပြုံးကာ ပြောသည်။

သူမက လှောင်ပြောင်ရန် မရည်ရွယ်သော်လည်း ဇီရှီးယာမှာ အနည်းငယ်ထူးဆန်းသလို ခံစားလိုက်ရသည်။

ငါတွေးထားသလိုမဟုတ်ဘူး...

သို့သော် အနက်ရောင်အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသည့် ကားသမားက ရှေ့ဆုံးမှ လျှောက်သွားပြီး အရင်ဆုံး တံခါးဖွင့်ပေးသည်ကိုမြင်တော့ စားသောက်ဆိုင်က သူမခဲအို၏လုပ်ငန်းသေးသေးလေးတစ်ခုဖြစ်မည်ဟု တွေးလိုက်သည်။

သူတို့ စားသောက်ဆိုင်ထဲသို့ လျှောက်ဝင်လာကြ၏။

ယူဝေက ပတ်ပတ်လည်အား ကြည့်ရှုပြီး ချီးကျူးသည်။ "အရမ်းလှတာပဲ"

"ဝိုး ဒီပန်းတွေက လှလိုက်တာ" လျိုရှားရှားက ပန်းများဖြင့် အလှဆင်ထားသည်ကိုမြင်တော့ အံ့သြတကြီးပြောသည်။

"အပေါ်ထပ်ကို သွားရအောင်" ဇီယန်က ပြုံးကာ သူတို့အား ဒုတိယထပ်သို့ ခေါ်သွားပြီး ဆိုဖာပေါ်တွင် ထိုင်ရန် စီစဉ်ပေးသည်။

ကျောက်ဖုန်းက အအေးများနှင့် သစ်သီးအချို့ ပြင်ဆင်ပြီး အပေါ်ထပ်သို့ လာပို့ပေးသည်။

"အစ်မ စင်ပေါ်က အပြာရောင်ပုလဲတွေက ဘာတွေလဲ" အလွန်လှပသည့် ပုလဲလုံးများကို မြင်လိုက်ရသဖြင့် ဇီရှီးယာ မနေနိုင်ဘဲ မေးလိုက်သည်။

"အင်း.. အဲဒါတွေက ညကျရင် မီးလင်းတယ်" မုန့်မုန့်က တိုးတိုးလေးပြောသည်။

"အဲဒါတွေက ညလင်းပုလဲတွေလေ" ဇီယန်က ပြန်ဖြေသည်။

"ညလင်းပုလဲတွေလား" ယုဝေနှင့် လျိုရှားရှားတို့ အံ့သြတကြီးဖြင့် အကြည့်ချင်းဖလှယ်လိုက်ကြသည်။

"တကယ် ညလင်းပုလဲတွေသာဆိုရင် အရမ်းတန်ဖိုးကြီးတယ်"

သို့သော် ညလင်းပုလဲများနှင့်ယှဉ်လျှင် ဇီယန်၏ကိုယ်ရေးကိုယ်တာကို သူတို့ ပို၍ စိတ်ဝင်စားကြသည်။

ဇီရှီးယာက ထိုလူအား ခဲအိုခေါ်သည်ကို သူတို့ ကြားခဲ့ရသည်။

-အပိုင်း(၈) အခန်း(၄၂၃)ပြီး

wunzinnosp

[စာစဉ်(၃၇) အပိုင်း(၉)] အခန်း(၄၂၄-က) အံ့အားသင့်နေသည့် ဇီမိသားစု(၁)

ဇီရှီးယာ တည်ငြိမ်နေခဲ့သည်။

သူမ၏အမြင်တွင် အောက်ထပ်ရှိ စန္ဒယား၊ ဝိုင်ဗီရိုအတွင်း အတွင်း ဝိုင်းပုလင်းများ၊ ညလင်းပုလင်းများနှင့် Rolls-Royce

နှစ်စီးအပါအဝင် စားသောက်ဆိုင်ငယ်လေး၌ တန်ဖိုးကြီး ပစ္စည်းအများအပြားရှိသော်လည်း စုစုပေါင်းတန်ဖိုးမှာ ဇီ မိသားစုအတွက်တော့ ဘာမှမဟုတ်ချေ။

စီးပွားရေးလုပ်ငန်းမိသားစုတစ်ခုထက် ဘယ်သူက ပို ချမ်းသာနိုင်မှာလဲ။ လာနှောက်နေတာလား...

ဘာပဲဖြစ်ဖြစ် သူက ဇီမိသားစုရဲ့စည်းမျဉ်းတွေကို လျှော့တွက်ထားလွန်းတယ်...

ဇီရှီးယာ သက်ပြင်းချလိုက်သည်။

အစ်မလုပ်လိုက်တာက ပြန်ပြင်လို့မရနိုင်တဲ့ကိစ္စဖြစ်လိမ့် မယ်လို့ ငါထင်တယ်။ သူတို့ရဲ့ကလေးတောင် ဒီအရွယ်ရောက် နေပြီဆိုတော့ ဇီမိသားစုက သူတို့ရဲ့အိမ်ထောင်ရေးကို ဆန့် ကျင့်မှာ မဟုတ်တော့ဘူး...

ဒါပေမယ့်… လွန်ခဲ့တဲ့နှစ်နှစ်က ဝမ်းကွဲအစ်ကို ကလေးတစ်ယောက်ကို အိမ်ပြန်ခေါ်လာပေမယ့် ဘယ်သူမှ သူ့ကို အသိအမှတ်မပြုခဲ့ဘူး…

မိသားစုမှ စည်းကမ်းတွေအရမ်းများတယ်။ အထူးသဖြင့် လက်ရှိမိသားစုခေါင်းဆောင်ကို မိသားစုအာဏာလွှဲပြောင်းပေးပြီးတဲ့နောက်မှာ စည်းမျဉ်းတွေ ပိုပြီး တင်းကျပ်လာတယ်…

တကယ်လို့….

သူမ တွေးနေစဉ် ဖုန်းက မြည်လာသည်။

နံပါတ်ကို ကြည့်လိုက်ပြီးနောက် သူမ ဖုန်းကိုင်လိုက်၏။ "အမေ သမီး ဟောင်ကောင်ကို ရောက်ပြီ။ အင်း ဟုတ်တယ် အစ်မဇီယန်နဲ့ တွေ့တယ်။ အခု သူ့ဆီမှာ ရောက်နေတာလေ။ ပြီးတော့ အစ်မက အခု ကောင်းမွန်တဲ့ဘဝတစ်ခုရှိနေပြီ… ဟို…”

ဇီရှီးယာ မျက်မှောင်ကြုတ်ကာ မိုက်ကို လက်ဖြင့်အုပ်လိုက်ပြီး ဇီယန်ကို ကြည့်ကာ အသံတိုးတိုးဖြင့် မေးသည်။ "ငါ သူ့ကို အမှန်တိုင်းပြောလိုက်လို့ရလား"

ဇီယန် အနည်းငယ် အံ့သြသွားသည်။ သူမ ကျန်းဟန်အား ကြည့်လိုက်ပြီး ရယ်မောကာ ခေါင်းညိတ်လိုက်သည်။

"အင်း ငါတို့ မိသားစုကို ကြိုအသိပေးထားပြီး သူတို့ ကျန်းဟန်ကို လက်ခံဖို့အတွက် အဆင်သင့်ပြင်ထားခိုင်းတာပေါ့"

ကျန်းဟန်က အမြဲတမ်းအောင်မြင်မည်ကို သိရှိနေသဖြင့် ကျန်းဟန် ပြဿနာကို ဖြေရှင်းနိုင်ပါ့မလားဆိုသည်ကို သူမ ဘယ်တုန်းကမှ သံသယမဖြစ်ခဲ့ဖူးချေ။

နောက်ဆုံးတွင်တော့ သူမ၏ယောကျ်ားက အင်မော်တယ်တစ်ယောင်ဖြစ်ပြီး သူမတို့နှစ်ယောက်၏လျှို့ဝှက်ချက်ကို သူမ သာသိရှိသည်မဟုတ်ပါလား။

ဇီယန်၏ခွင့်ပြုချက်ဖြင့် ဇီရှီးယာ မတ်တပ်ရပ်ကာ ပြတင်းပေါက်ဆီ လျှောက်သွားလိုက်သည်။ "အစ်မက... အခု သူ့ရဲ့ကိုယ်ပိုင်မိသားစုတစ်ခုရှိနေပြီ”

"သူ့ရဲ့ကိုယ်ပိုင်မိသားစု... ဘာကိုဆိုလိုတာလဲ” ဖုန်းထဲမှ အသံက ရုတ်တရက် ပို၍ကျယ်လာပြီး သံသယ အံ့သြမှုများဖြင့် ပြည့်နေသည်။

"သူ့မှာ ယောက်ကျားနဲ့ ကလေးရှိနေပြီ။ သူတို့ကလေး က... သုံးနှစ်ကျော်လောက်ရှိပြီ” ဇီရှီးယာက ပြောသည်။

"ဘုရားရေ” ဇီမိသားစုစံအိမ်၏ အိမ်တစ်အိမ်၏အိပ်ခန်းထဲ ရှိ ဇီရှီးယာ၏မိခင် ဒုန်လင်းသည် မယုံကြည်နိုင်ဟန်ဖြင့် မျက်လုံးများပြူးကျယ်နေသည်။ ထိုသတင်းကိုကြားပြီးနောက် သူမ ထပ်မေးသည်။ "တကယ်လား။ သူ တကယ် လက်ထပ်ပြီး ပြီလား”

"တကယ်ပေါ့။ သမီးက ဒီအကြောင်းကို လိမ်ပြောပါ့မလား။ ခဲအိုက ရက်အနည်းငယ်အတွင်း သမီးတို့မိသားစုဆီကို လက်ထပ်ခွင့်တောင်းတော့မှာ"

"လက်ထပ်ခွင့်တောင်းမှာ" ဒုန်လင်း အံ့အားသင့်သွားသည်။

"သူ့ရဲ့မိသားနောက်ခံက အရမ်းကောင်းလား"

"နင့်ခဲအိုက ဘယ်သူ့သားလဲ။ သူ ဘာအလုပ်လုပ်တာလဲ"

"အင်း... အဲဒါတော့ သမီးမသိဘူး။ ဒါပေမယ့် အစ်မပြောတာတော့ ခဲအိုမှာ ကုမ္ပဏီတချို့ရှိတယ်တဲ့။ သမီးအခု သူတို့ရဲ့ စားသောက်ဆိုင်မှာ"

"ကုမ္ပဏီဘယ်နှခုလဲ။ စားသောက်ဆိုင်မှာလား။ ဘယ်လို စားသောက်ဆိုင်မျိုးလဲ" ဒုန်လင်းက မသိစိတ်အရ မေးခွန်းများ ဆက်တိုက်မေးသည်။

"အဲဒါ အထပ်နှစ်ထပ်နဲ့ စားသောက်ဆိုင်လေးပါ။ တစ်ထပ်ကို စတုရန်းမီတာ တစ်ရာလောက်ရှိတယ်...."

ဒုန်လင်း၏နှလုံးခုန်သံများ မြန်ဆန်သွားသည်။

"ဆိုးလိုက်တာ"

"ရှောင်ယန်ကို ဖုန်းပေးလိုက် ငါသူ့ကို မေးလိုက်မယ်" ဇီရှီးယာ၏စကားကိုကြားပြီးနောက် ဒုန်လင်း ဇီယန်ကို မေးရန် ဆုံးဖြတ်လိုက်သည်။

၁၀ စက္ကန့်ခန့်ကြာပြီးနောက် ဖုန်းထဲမှ ဇီယန်၏အသံကို ကြားလိုက်ရသည်။

"အန်တီဒုန်"

"အင်း ရှောင်ယန်။ မင်း တကယ်လက်ထပ်ပြီးပြီလား" ဒုန်လင်းက သံသယဖြင့် မေးသည်။

"ဟုတ်တယ်။ သမီးယောက်ျားက ရက်ပိုင်းအတွင်း လက်ထပ်ခွင့်တောင်းတော့မှာ" ဇီယန်က ပြန်ဖြေသည်။

အထူးသဖြင့် "သမီးယောက်ျား” ဆိုသည့်စကားလုံးနှင့် ဇီယန်၏ရှင်းပြချက်ကို နားထောင်ပြီး ဒုန်လင်း သေချာနေပြီဖြစ်ကြောင်း သိလိုက်သည်။

"သမီးယောက်ျားက ဘယ်ကလဲ။ နာမည်ကြီးမိသားစုကြီး တစ်ခုရဲ့သားလား” ဒုန်လင်း မေးသည်။

"သူအရင်က ပေကျင်းမှာနေခဲ့တာ။ အခုတော့ နာမည်ကြီး မိသားစုကြီးရဲ့သား မဟုတ်တော့ဘူး။ ဒါပေမယ့် ဘယ် အထက်တန်းလွှာမိသားစုမှ သူ့ကို မယှဉ်နိုင်ဘူး” ဇီယန်က ဂုဏ်ယူစွာပြောသည်။

ငါ့ကိုအရမ်းချစ်တဲ့ ငါ့ယောက်ျားကို ဘယ်သူမှ မယှဉ်နိုင် ဘူး...

ဒုန်လင်း ခဏလောက် တိတ်ဆိတ်သွားသည်။

"ဘယ်သူမှ သူ့ကို မယှဉ်နိုင်ဘူးလား။ အဲဒါ ဘာကိုပြော တာလဲ”

ဒုန်လင်း အားတင်းကာ ပြုံးလိုက်သည်။

သူမသည် ဇီယန်၏မိဘများနှင့် ဆက်ဆံရေး ကောင်းမွန်သောကြောင့် ခဏလောက် စဉ်းစားပြီး နောက်ဆုံး မေးခွန်းမှလွဲ၍ အခြားမေးခွန်းများ ထပ်မမေးရန် ဆုံးဖြတ်လိုက် သည်။

"သမီး အောင်မြင်မှာ သေချာလား”

"သေချာပါတယ်။ စိတ်မပူပါနဲ့ ဒေါ်လေးဒုန်”

ဇီယန်၏ ယုံကြည်မှုရှိသည့်စကားကို ကြားတော့ ဒုန်လင်း သက်ပြင်းချကာ ပြုံးလိုက်သည်။ "ဘာပဲဖြစ်ဖြစ် သမီး ပျော်ရွှင်ဖို့ ဒေါ်လေးမျှော်လင့်တယ်။ သမီးဆုံးဖြတ်ပြီးပြီဆိုမှတော့ သမီးအိမ်ပြန်လာမှာကို ဒေါ်လေး စောင့်နေမယ်။ ဒါနဲ့ သမီး မိဘတွေရော ဒီကိစ္စသိပြီးပြီလား”

"သူတို့ မသိသေးဘူး။ သူက မကြားသေးခင်ကမှ လက်ထပ်ခွင့်တောင်းဖို့ ဆုံးဖြတ်လိုက်တာ”

"အင်း ဒေါ်လေး ပြီးရင် သူတို့ကို အသိပေးလိုက်မယ်။ သမီး... သမီးရဲ့ခင်ပွန်းကို ကောင်းကောင်းပြင်ဆင်ထားဖို့ ပြောလိုက်ပါ။ ဧမိသားစုက အရမ်းဇီဇာကြောင်တယ်။ သမီးရဲ့ အိမ်ထောင်ရေးဆို ပြောမနေနဲ့" ဒုန်လင်း အားတင်းပြုံးကာ ပြောလိုက်သည်။

သူမ၏အမြင်တွင် စားသောက်ဆိုင်ငယ်လေးတစ်ခုကို ဖွင့်ထားသည့်လူတစ်ယောက်အတွက် ဧမိသားစုအား စိတ်ကျေနပ်အောင်လုပ်ရန် အလွန်ခက်ခဲလေသည်။ သူမ၏ဆိုလိုရင်းမှာ အိမ်ကိုပြန်မလာခင် သူတို့အား ကောင်းကောင်းပြင်ဆင်ထားရန် သတိပေးခြင်းဖြစ်သည်။ ကျန်းဟန်သည် ဆက်ဆံရေးကောင်းမွန်ပြီး လူမှုအဆင့်အတန်းရှိပါက သူ အောင်မြင်နိုင်ပေသည်။

ဧယန် ပြုံးကာ ပြန်ပြောလိုက်သည်။ "သမီးသိပါပြီ။ စိတ်မပူပါနဲ့ ဒေါ်လေးဒုန်။ သမီးယောကျ်ားက အရမ်းတော်တယ်"

"အင်း အဲဒါဆို ဒါပဲလေ"

ဖုန်းချသွား၏။

ဇီယန်သည် ၎င်းဦး စဉ်းစားကာ စတင်စိုးရိမ်စပြုလာသည်။ မကြာခင် ဇီမိသားစုတစ်ခုလုံးသူမ အိမ်ထောင်ရှိကြောင်း သိရှိသွားတော့မည်ကို တွေးကြည့်နိုင်သည်။

ငါ့ယောက်ျားကို အိမ်ပြန်ခေါ်သွားမယ်။ ငါ့ယောက်ျားက လက်ထပ်ခွင့်တောင်းတော့မှာပဲ...

ဇီယန် ၎င်းကို စောင့်မျှော်ရင်း စိတ်လှုပ်ရှားစိုးရိမ်နေခဲ့သည်။ ခဏလောက် စဉ်းစားပြီးနောက် သူမ ဖုန်းကိုအမြန်ထုတ်ကာ We Chat ကိုဖွင့်လိုက်ပြီး ဖုန်းထဲတွင် သိမ်းထားသည့် မုန့်မုန့်၏ဓာတ်ပုံများ၊ သူမနှင့် ကျန်းဟန်တို့၏ဓာတ်ပုံများကို စတင်ရွေးချယ်လိုက်သည်။

သူမ၏မိဘများကို အရင်ဆုံး ဓာတ်ပုံများပို့ပေးထားရန် ဆုံးဖြတ်လိုက်သည်။

ဇီယန် ခါတ်ပုံများ ရွေးနေစဉ် ယုဝေက သူမအား မျှော်လင့်တကြီးဖြင့် ကြည့်ကာ စိတ်လှုပ်ရှားစွာဖြင့် မေးသည်။ "အစ်မဇီယန် ညီမ အစ်မနဲ့ ခါတ်ပုံတွဲရိုက်လို့ရမလား"

"အင်း ရတာပေါ့" ဇီယန် ခေါင်းညိတ်သည်။

ယုဝေနှင့် လျိုရှားရှားတို့ ခါတ်ပုံများစွာ ရိုက်ပြီးနောက် ဇီယန်သည် အပေါ်ထပ်တွင် သူတို့နှင့် စကားပြောနေခဲ့သည်။

အခြားတစ်ဖက်ရှိ စက်ဘုပူနိုင်ငံ ဇီမိသားစု စံအိမ်ဝန်း တွင်...

ဒုန်လင်း ဖုန်းချပြီးနောက် အပေါ်အင်္ကျီဝတ်ကာ အိပ်ခန်း ထဲမှ ပြေးထွက်သွားသည်။ ပထမထပ်ရှိ ဧည့်ခန်းတွင် သူမ၏ခင်ပွန်း ဇီဖန်းက လက်ဖက်ရည်သောက်ရင်း မိတ်ဆွေ နှစ်ယောက်နှင့် စကားပြောနေသည်။

"ဇီဖန်း ဒီကိုလာပါဦး" ဒုန်လင်းက ဧည့်ခန်းတံခါးဝမှ ခင်ပွန်းဖြစ်သူအား လက်ပြခေါ်သည်။

"ခွင့်ပြုပါဦး" ဇီဖန်းက သူ့မိတ်ဆွေနှစ်ယောက်ကို ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ ထိုနောက် ထကာ တံခါးဆီ လျှောက်သွားပြီး သိချင်စိတ်ဖြင့် မေးသည်။ "ဘာကိစ္စလဲ"

"ကျွန်မနောက်လိုက်ခဲ့" ဒုန်လင်းက ဇီဖန်း၏လက်ကို ဆွဲကာ မျက်နှာချင်းဆိုင်အခန်းထဲဝင်သွားပြီး တံခါးပိတ်လိုက်သည်။

"ဘာဖြစ်လို့လဲ" ဇီဖန်း အံ့သြတကြီးမေးသည်။

"ဇီယန်နဲ့ပတ်သက်တဲ့ သတင်းကြီးတစ်ခုရှိတယ်။ သူ အိမ်ထောင်ကျပြီး ကလေးရနေပြီတဲ့"

"ဟမ်" ဇီဖန်း၏မျက်လုံးများ တဖြည်းဖြည်း ပြူးကျယ်လာသည်။ "ဘယ်လိုဖြစ်နိုင်မှာလဲ။ ငါတို့ အဲဒါကို မကြားမိပါဘူး"

"အဲဒါ အမှန်ပဲ။ ဇီယန်ရဲ့ခင်ပွန်းကို သန်ဘက်ခါ လက်ထပ်ခွင့်တောင်းဖို့ လာမယ်တဲ့"

"တကယ်လား။ အိုး ဘုရားရေ... တကယ့်လန့်စရာဖြစ်ကုန်ပြီ" ဇီဖန်း ခေါင်းယမ်းလိုက်ပြီး တစ်မိနစ်လောက် မျက်လုံးမှိတ်ကာ ထိုနောက် လေးနက်စွာပြောသည်။ "ဇီယန်က သူ့မျိုးဆက်မှာ မင်းသမီးလေးပဲ။ အင်း ငါ့ညီရော ဒီအကြောင်း သိလား။ ဇီယန်ရဲ့ခင်ပွန်းက ဘယ်သူလဲ။ သူက ဘယ်မိသားစုကလဲ"

"ကျွန်မလည်း မမေးလိုက်မိတော့ မသိဘူး။ အခု ဇီယန်က အရမ်းယုံကြည်မှုရှိနေတာဆိုတော့ အဲဒီလူက နာမည်ကြီးမိသားစုကမဟုတ်ရင်တောင် နောက်ခံကောင်းကောင်းရှိရမယ်။ အိုး ဒါနဲ့ ရှီးယာက ပြောတယ်။ ဇီယန်ရဲ့ခင်ပွန်းက ကုမ္ပဏီတချို့ ပိုင်ဆိုင်တယ်တဲ့။ သူ အခု သူတို့စားသောက်ဆိုင်လေးမှာ ရောက်နေတာ" ဒုန်လင်းက အခြေအနေကို အတိုချုံးရှင်းပြသည်။

"တကယ်လို့ သူက နာမည်ကြီးမိသားစုက မဟုတ်ရင် သူ့မှာ ကုမ္ပဏီဘယ်လောက်များများ အကူအညီဖြစ်မှာမဟုတ်

ဘူး” ဇီဖန်းက မျက်မှောင်ကြုတ်နေပြီး ရုတ်တရက် သူ၏မျက်နှာပြောင်းလဲသွားသည်။ "အိုး ဒုက္ခပဲ။ မိသားစု ခေါင်းဆောင်က အခု ဖန်းမိသားစုခေါင်းဆောင်နဲ့ စကားပြော နေတာ။ ဖန်းဇီကန်းက ဇီယန်ကို လိုချင်လို့ သူ ဒီကို နားဖောက် စကားပြောဖို့ လာခဲ့တာ။ ငါ သူတို့ကို သွားပြောလိုက်မယ်။ နင် ငါ့ညီကို အရင်သွားပြောလိုက်။ မြန်မြန်သွား”

"အာ... ဟုတ်သားပဲ” ဒုန်လင်း အမြန်ထွက်လာပြီး သူ့အား မခေါ်ဘဲ ဇီချမ်း၏အိမ်ဆီသို့ အမြန်လျှောက်သွားသည်။

ဇီဖန်း ဧည့်ခန်းထဲဝင်သွားပြီး သူ့မိတ်ဆွေနှစ်ယောက်အား တောင်းပန်စကားဆိုလိုက်သည်။ "အစ်ကိုပိုင် အစ်ကိုဟူ တောင်းပန်ပါတယ်။ ငါ အရေးတကြီးလုပ်စရာလေးပေါ်လာ လို့”

"ဒါဆို ငါတို့ ပြန်လိုက်ဦးမယ်။ နောက်တစ်ခေါက်မှ ထပ် လာတာပေါ့” သူတို့ ပြုံးကာ ပြန်သွားကြသည်။ ဇီဖန်း သူတို့

အား ဂိတ်ပေါက်ဆီ လိုက်ပို့ပေးပြီးနောက် အဓိကစံအိမ်သို့ အမြန်ပြေးသွားသည်။

ထိုအချိန်တွင် အဓိကစံအိမ်၏ ညော့်ခန်း၌ လူ ခုနှစ်ယောက် ရှစ်ယောက် ထိုင်နေသည်။

တစ်ဖက်တွင် ဇီမိသားစု၏လက်ရှိခေါင်းဆောင် ဇီချင်းတျန်နှင့် သူ့မိန်းမ ဖန်းဟွမ် ထိုင်နေပြီး ဇီမိသားစု၏အဓိကအဖွဲ့ဝင်သုံးဦးလည်းရှိသည်။ အခြားတစ်ဖက်တွင် ဇီမိသားစုထက်အတော်လေးစွမ်းအားကြီးသည့် ဖန်းမိသားစု၏အဖွဲ့ဝင်များ ထိုင်နေကြသည်။

သူတို့ ဖန်ဇီကန်းအကြောင်းကို အဓိကထား ပြောနေကြသည်။

ဖန်းမိသားစုသည် အဓိကပရောဂျက်ကြီးနှစ်ခုကို စတင်တော့မည်ဖြစ်ပြီး ပါတနာရှာဖွလိုခဲ့ကာ ဇီမိသားစုက ၎င်းကို စိတ်ဝင်စားနေသည်။ တစ်ချိန်တည်းမှာပင် ဖန်းမိသားစု၏ လူငယ်မျိုးဆက်သစ်ခေါင်းဆောင် ဖန်းဇီကန်းမှာ

အိမ်ထောင်ပြုရမည့်အရွယ်သို့ ရောက်နေပြီဖြစ်၍ မိသားစုနှစ်ခု ပေါင်းစည်းရန် ရည်ရွယ်ခဲ့ကြသည်။

ဖန်းဇီကန်းက ယဉ်ကျေးစွာ ပြောသည်။ "ဦးလေးချင်းတျန် ဇီယန်က ဟောင်ကောင်မှာ မကြာခင် အယ်လ်ဘယ်တစ်ခု ထွက်ဖို့ ပြင်ဆင်နေတယ်ပြီး သူ့ရဲ့သီချင်းတွေက အရမ်းကောင်းတယ်လို့ ကျွန်တော်ကြားတယ်။ သူက တကယ်ကို စွယ်စုံရတဲ့ မိန်းကလေးပဲ။ ကျွန်တော် သူ့ကို အရမ်းသဘောကျမိတယ်။ ဦးလေးခွင့်ပြုရင် ကျွန်တော် သူနဲ့ ဒိတ်ချင်ပါတယ်”

"ဇီယန်လား” ဇီချင်းတျန်၏ဇနီး ဖန်းဟွမ်က မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းသွားပြီး ပြုံးကာ ပြောသည်။ "သူက ဇီမိသားစုရဲ့ အလှဆုံး မင်းသမီးလေးပဲ။ ငါတို့ သူ့ကို သိပ်အများကြီး မထိန်းချုပ်နိုင်ဘူး။ ဇီယန်က ဟောင်ကောင်မှာ သူ့ကိုယ်ပိုင် အစီအစဉ်တွေရှိတယ်။ အဲဒါက ငါတို့မိသားစုက လည်း ဆွေးနွေးပြီး ခွင့်ပြုထားတယ်။ ဒီလိုဆိုရင် တရုတ်ပြည်

မှာ ငါတို့ စီးပွားရေးတွေကို လုပ်ရတာ ပိုပြီးအဆင်ပြေလိမ့်မယ်”

"အဲဒါက ဒီလိုပါ။ ကျွန်တော်လည်း ဟောင်ကောင်ကို ဖွံ့ဖြိုးရေးအတွက် သွားဖို့ အစီအစဉ်ရှိတော့ သူမက အကောင်းဆုံးရွေးချယ်မှုလို့ ကျွန်တော် ခံစားရတယ်လေ” ဖန်းဇီကန်းက ပြုံးကာ ပြောသည်။

"ဇီယန်က မင်းတို့မိသားစုရဲ့ မင်းသမီးလေးဖြစ်ပြီး ဖန်းဇီကျန်းကလည်း ငါတို့မိသားစုရဲ့ လူငယ်ခေါင်းဆောင်ပါ။ သူတို့က လိုက်ဖက်တွဲစုံတွဲလို့ ငါထင်တယ်” ဖန်းမိသားစုခေါင်းဆောင်က ပြုံ့ဂကာ ပြောသည်။

"သူတို့နှစ်ယောက်လုံးက ဟောင်ကောင်မှာ တိုးတက်ဖို့ အစီအစဉ်ရှိကြတယ်။ ဟောင်ကောင်က တရုတ်နိုင်ငံရဲ့ စီပွားရေးလောကထဲကို ဝင်ရောက်ဖို့အတွက် အချက်အချာနေရာအဖြစ် အသုံးပြုနိုင်တော့ တကယ့်ရတနာနယ်မြေလို့ပဲ။ ဒီတော့ ဒီတာဝန်ကို ဇီကန်းကို ပေးဖို့ ရည်ရွယ်ထားတယ်။

တရုတ်နိုင်ငံရဲ့ ဈေးကွက်က အရမ်းကြီးတော့ စည်းလုံးမှုမရှိရင် ပြည်တွင်းစီးပွားရေးသမားတွေကို ယှဉ်နိုင်မှာ မဟုတ်ဘူး”

သူ၏ဆိုလိုရင်းမှာ မိသားစုနှစ်ခု ပူပေါင်းပြီး တရုတ်နိုင်ငံ အတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည်ဟု ပင်။

ဇီချင်းတန်သည် ဖန်းမိသားစုခေါင်းဆောင်၏ဆိုလိုရင်းကို နားလည်သည်။ ၎င်းကို တွေးပြီး သူ ပြောလိုက်သည်။ "ကျုပ် အမြင်တော့....”

သူတို့ စကားပြောနေစဉ်တွင် ဇီရှီးယာ၏ဖခင် ဇီဖန်းက အလောတကြီးဝင်လာသည်။

သူ၏အလျင်စလိုပုံကိုမြင်တော့ ဇီချင်းတန် စကားရပ် သွား၏။

ဇီဖန်းက ရှေ့သို့လှမ်းကာ ခါးကုန်းပြီး ဇီချန်းတန်၏နား နားကပ်ကာ စကားအနည်းငယ် ပြောလိုက်သည်။

ဓီချင်းတန်၏သူငယ်အိမ်များ ကျုံ့သွားသော်လည်း သူ၏အပြုံးက ပို၍ ထင်ရှားလာသည်။

သူ ဖန်းမိသားစုခေါင်းဆောင်ကို ကြည့်လိုက်ပြီး "ဓီကန်းက အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်ပါ။ ကျုပ် သူ့အပေါ်မှာ အမြင်ကောင်းရှိတော့ ဒီကိစ္စကို စိတ်ဝင်စားပါတယ်။ ဓီယန်က ရက်အနည်းငယ်အတွင်း ပြန်လာတော့မှာ။ ကျုပ်တို့ ဒီကိစ္စကို အဲဒီတော့မှာ သေးစိတ်ဆွေးနွေးပြီး ဆုံးဖြတ်ကြရင်ရော"

"အရမ်းကောင်းတယ်။ အဲဒါဆို ဒီလောက်ပါပဲ။ ကျုပ် မင်းကို မနှောက်ယှက်တော့ဘူး" ဖန်းမိသားစုခေါင်းဆောင်က ပြုံးကာ ထရပ်လိုက်သည်။

-အပိုင်း(၉) အခန်း(၄၂၄-က) ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၁၀)] အခန်း(၄၂၄-ခ) အံ့အားသင့်နေသည့် ဇီမိသားစု(၂)

ထိုနောက် ဇီမိသားစုဝင်များက သူတို့အား လိုက်ပို့သည်။

အဓိကနေအိမ်သို့ ပြန်လာပြီး အားလုံးထိုင်လိုက်ပြီးနောက်တွင် ဇီဖန်းက စိုရိမ်တကြီးပြောသည်။ "မိသားစုခေါင်းဆောင်။ သူ့ကို ဘာလို့ သဘောတူလိုက်တာလဲ"

"ဘာကိစ္စလဲ။ ဘာဖြစ်လို့လဲ" ဇီချင်းတန်၏ဇနီးက မျက်မှောင်ကြုတ်ကာ မေးသည်။

"ဟားဟားဟား..." ဇီချင်းတန်၏မျက်နှာ မည်းမှောင်သွားသည်။ သူ လက်ဝှေ့ယမ်းကာ "ငါတို့ကို အမှန်အတိုင်းပြော"

ဇီဖန်း အေးခဲသွားပြီး တံတွေးမျိုချလိုက်၏။

"ဒီလိုပါ" သူ စပြောသည်။ "ဇီယန်က အိမ်ထောင်ရှိနေပြီ။ မကြာခင်ရက်ပိုင်းအတွင်း သူ့ယောက်ျားက ဒီကို လက်ထပ်ခွင့်တောင်းဖို့ လာတော့မယ်"

"ဘာ။ သူ ခွင့်ပြုချက်မရှိဘဲ အိမ်ထောင်ပြုရဲတယ်ပေါ့။ ပြီးတော့ ကလေးရော။ ဘယ်လောက် ရက်စရာကောင်းလိုက်လဲ" ဇီချင်းတန်၏နောက်ရှိ သက်လတ်ပိုင်းလူက ထခုန်က ဒေါသတကြီးပြောသည်။ "မိသားစုစည်းမျဉ်းကို ချိုးဖောက်တဲ့အတွက် သူ့ကို ပြင်းပြင်းထန်ထန် အပြစ်ပေးရမယ်"

"စိတ်မလောပါနဲ့" ဇီချင်းတန်က လက်ကိုဝှေ့ယမ်းလိုက်ပြီး "သူက လက်ထပ်ခွင့်တောင်းချင်တယ်ဆိုတော့ သူ့မှာ အားသာချက်တချို့ရှိမှာပဲ။ သူ တကယ် တော်တယ်ဆိုရင်တော့ ဇီယန်ကို လက်ထပ်နိုင်တယ်။ မဟုတ်ရင်တော့ သူ့မိန်းမနဲ့ကလေးကို ဆုံးရှုံးရလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ငါတို့မိသားစုဝင်တွေကို ဘယ်သူမှ သူတို့ဆန္ဒနဲ့ လက်ထပ်ခွင့်မရှိဘူး"

"အိုး သူက အဲဒါကို တောင်းဆိုတာလား" ဖန်းဟွမ်ရယ်မောလိုက်သည်။

ဇီဖန်း တကယ်ဖိအားများနေပြီး ကြောက်လန့်နေသည်။

အခြားအရာအားလုံးထက် အကျိုးအမြတ်ကို အလေးထားသော ဇီချင်းတန်သည် အလွန်တင်းကြပ်ပြီး အစွမ်းထက်နည်းလမ်းများစွာ ရှိသော်လည်း သူ၏အောင်မြင်မှုများနောက်ကွယ်တွင် သူ၏ဇနီးဖြစ်သူ ဖန်းဟွမ်ရှိနေသည်။ ထိုအံ့ဖွယ်အမျိုးသမီး၏အကူအညီဖြင့် ဇီမိသားစု၏အင်အားကို များစွာတိုးတက်လာစေခဲ့သည်။

သို့သော် သူတို့၏ဖခင် မိသားစုခေါင်းဆောင်ဖြစ်ချိန်ကနှင့် ယှဉ်လျှင် ယခု ဇီမိသားစုသည် မိသားစုချင်းနွေးထွေးမှုများစွာ လျော့နည်းလာသည်။

၎င်းက နာမည်ကြီးမိသားစုများ၏အကြင်နာမဲ့မှုကို အပြည့်အဝ သရုပ်ဖော်ထား၏။

ဇီဖန်း အကူအညီမဲ့နေသည်။ ဘာပဲဖြစ်ဖြစ် ကျန်းဟန်လက်ထပ်ခွင့်တောင်းချင်ပါက အရင်ဆုံး ဇီချင်းတန်နှင့် ဖန်းဟွမ်တို့၏သဘောတူညီမှုကို ရယူရမည်ဖြစ်သည်။

"ဇီချမ်းနဲ့ သူ့မိန်းမကို ခေါ်လိုက်" ဇီချင်းတန်က မထူမခြား နားပြောလိုက်သည်။

"ဟုတ်ကဲ့" သူ၏လက်အောက်ငယ်သားတစ်ယောက်က ခေါင်းညိတ်ကာ ထွက်သွားသည်။ သူ တံခါးနားရောက်သည့် အချိန်တွင် ဇီချင်းတန်က နောက်တစ်ခု ထပ်ပြောလိုက်သည်။ "နေဦး။ သူတို့ကို မခေါ်နဲ့တော့။ နေ့လည် ၁ နာရီကျရင် မိသားစု အစည်းအဝေးလုပ်မယ်လို့ လူတိုင်းကို ပြောလိုက်"

ထိုနောက် ဇီချင်းတန် ထရပ်ကာ ဖန်းဟွမ်နှင့်အတူ ထွက် သွားသည်။

ဇီဖန်း ဘေးနားတွင် ရပ်နေရင်း နောက်ကျောတစ်ခုလုံး အေးစက်နေသည်။ သူ့ညီ ဇီချမ်းသည် နေ့လည်ခင်းတွင် ဒုက္ခ များတော့မည်ကို သူ စိုးရိမ်မိသည်။

ဇီဖန်း အကူအညီမဲ့စွာ သက်ပြင်းချခိုက်၏။ သူနှင့် ဇီချမ်း သည် ဇီမိသားစုတွင် အလွန်ရာထူးနိမ့်သောကြောင့် သူတို့တွင် ပြောရေးဆိုခွင့်အာဏာ လုံးဝ မရှိချေ။

"ငါအခု ဘာလုပ်နိုင်မှာလဲ"

ဇီဖန်း ခေါင်းကိုက်လာသည်။

ဇီဖန်း ထရပ်ကာ ခန်းမထဲမှ ထွက်လာ၏။ သူ တံခါးဝသို့ ရောက်သည့်အခါ ဒုန်လင်းက ဇီယန်၏မိဘများကို အကြောင်းကြားရန် ဘေးအိမ်သို့ ဝင်သွားကြောင်း သတိရသွားသည်။

ထိုနောက် ဇီယန်၏မိဘများ စိတ်ခုတ်ကျနေမည်ကို စိုးရိမ်သဖြင့် ဘေးအိမ်သို့ အမြန်လျှောက်သွားလိုက်သည်။

"ငါ့ညီက အကောင်းမြင်နိုင်ဖို့ပဲ မျှော်လင့်တယ်"

ဇီဖန်း တံခါးဝမှ ဝင်လိုက်သည်နှင့် အသံကြားလိုက်ရသည်။ သို့သော် ၎င်းက သူစိတ်ကူးထားသည်နှင့် မတူချေ။

"ကြည့်ပါဦး။ ကလေးမလေးက အရမ်းချစ်ဖို့ကောင်းလိုက်တာ။ သူ့မျက်နှာက ရေလိုကြည်လင်နေပြီး မျက်လုံးဝိုင်းဝိုင်း

လေးတွေက အရမ်းလှတယ်။ သူက ကျွန်မတို့ မြေးမလေးပဲ” ၎င်းက ဇီယန်၏အမေ ရှီရှင်းယု၏အသံဖြစ်သည်။

"ကလေးလေးက ဇီယန်ငယ်ငယ်ကလိုပဲ အရမ်းချစ်စရာကောင်းပြီ လှတယ်။ နေပါဦး မင်းဘာလို့ နောက်တစ်ပုံပြောင်းလိုက်တာလဲ။ ငါ ဒီကောင့်ကို မကြည့်ချင်ဘူး။ နောက်တစ်ပုံပြောင်းလိုက်” ထိုအသံက ဇီယန်၏ဖခင် ဇီချမ်း၏အသံဖြစ်သည်။

"ကလေးမလေးက အရမ်းချစ်ဖို့ကောင်းတာပဲ။ ရက်အနည်းကြာလို့ သူတို့ပြန်လာရင် ငါ သူ့ကို နမ်းမယ်” ၎င်းက ဒုန်လင်း၏အသံဖြစ်သည်။

သူတို့၏စကားသံများကို ကြားပြီးနောက် ဇီဖန်းကြက်သေသေသွားသည်။

ဘာဖြစ်နေတာလဲ...

သူတို့ ဘာလို့ ဒီလောက်ပျော်နေကြတာလဲ...

သူ အံ့သြတကြီးဖြင့် အခန်းထဲဝင်သွားလိုက်သည်နှင့် ဆိုဖာပေါ်ရှိ လူသုံးယောက်က သူ့အား လှမ်းကြည့်ကြသည်။ "နေ့လည်တစ်နာရီကျရင်” ဇီဖန်း ပြောသည်။ "မိသားစုခေါင်းဆောင်က ဇီယန်ရဲ့ကိစ္စကိုပြောဖို့ အစည်းအဝေးလုပ်မယ်တဲ့။ ငါစိုးရိမ်တာက...”

"ဟူး...” ဇီချမ်း ဝမ်းနည်းစွာဖြင့် သက်ပြင်းချလိုက်၏။

ရှီရှင်းယု က အကူအညီမဲ့စွာ ခေါင်းယမ်းလိုက်သည်။

ဇီဖန်း၏အမြင်တွင် ပုံမှန်အခြေနေဖြစ်သည့် အံ့မှိုင်းမှိုင်းအခြေအနေက အခန်းတွင်းသို့ ရောက်ရှိလာသည်။

"နောက်ဆုံးကျရင် ဒီအတွက် အဖြေတစ်ခုတော့ ရှိမှာပဲ။ ဘာပဲဖြစ်ဖြစ် ဇီယန်က အိမ်ထောင်ကျပြီးပြီ။ ငါတို့ သူ့ကိုထောက်ပံ့ပေးသင့်တယ်။ အခု ပြဿနာတွေရှိပေမယ့် ငါတို့ အဲဒါကို မဖြေရှင်းနိုင်ဘူး။ သူ့ရဲ့ခင်ပွန်းက စိတ်မပျက်စေဖို့ပဲ ငါမျှော်လင့်တယ်” ဇီဖန်း သက်ပြင်းချလိုက်သည်။

"ထားပါ။ အဲဒီအကြောင်း မကြောနဲ့တော့။ ရှောင်ယန် ပြောတာတော့ သူ့ယောက်ျားက အဲဒါကို ဖြေရှင်းနိုင်တယ်တဲ့။ ကျွန်မတို့ သူတို့ကို စိုးရိမ်နေဖို့မလိုဘူး" ဒုန်လင်းက ခေါင်းယမ်းကာ ပြောသည်။ "လာ ဒီမှာလာကြည့်။ ရှောင်ယန်ရဲ့သမီးက အရမ်းလှတယ်"

ဇီဖန်း လျှောက်သွားလိုက်ပြီး ရှီရှင်းယုကိုင်ထားသည့် တက်ဘလက်ကို ကြည့်လိုက်သည်။

"ဝိုး ဒီကလေးမလေးက ကာတွန်းထဲက မင်းသမီးလေးလို့ပဲ လှလိုက်တာ"

"သူက ငါ့မြေးမလေးလေ" ယခင်ကထက် ပိုမိုပျော်ရွှင်နေသည့် ဇီချမ်းက တက်ဘလက်ကို ယူလိုက်ပြီး ဇီယန်အား ဓာတ်ပုံများ ပြသည်။

"အင်း လှလိုက်တဲ့ ကလေးမလေး။ အရမ်းချစ်စရာ ကောင်းတယ်။ သူ့ခုဏက ငါ့ကို အဘိုးလို့ ခေါ်လိုက်သေးတယ်။ သူ့အသံက အရမ်းချိုသာတာပဲ"

သူစကားပြောနေရင်း ဇီယန်နှင့် ကျန်းဟန်၏ခေတ်ပုံကို ရောက်ရှိသွားသည်။ ဇီချမ်း နှာခေါင်းရှုံ့လိုက်ပြီး အမြန် ကျော်လိုက်၏။

ဇီဖန်း အလွန်စိတ်ရှုပ်ထွေးသွားပြီး မေးသည်။ "မင်း ဒါကို ဘယ်လိုလုပ် ဒီလောက်မြန်မြန် လက်ခံနိုင်တာလဲ"

၎င်းကိုကြားတော့ ဇီချန်း သက်ပြင်းချလိုက်ပြီး အကူအညီမဲ့စွာ ပြောသည်။ "ငါ လက်မခံတော့ရော ဘယ်လိုဖြစ်မလဲ။ သူတို့မှာ ကလေးရှိနေပြီလေ။ ရှောင်ယန်က အပြင်မှ တစ်နှစ်ပတ်လုံး အလုပ်လုပ်နေရတာ ငါ သူ့အတွက် အပြစ်ရှိသလို ခံစားရတယ်။ အခု သူ ပျော်ရွှင်တဲ့ဘဝမှာ နေထိုင်နေပြီဆိုတော့ ငါ တခြား ဘာလုပ်ရမှာလဲ။ အဲဒါ သူ့အပေါ်မှာ မူတည်တာပဲကို။ ငါ သူ့ကို ထောက်ခံတယ်... ဒါပေမယ့် ငါ့သမီးကို လှည့်စားတဲ့ခွေးကောင်ကိုတော့ ငါအပြစ်ပေးရမယ်"

ရှီရှင်းယုက ခေါင်းယမ်းလိုက်ပြီး "တော်ပါ။ သူတို့က ရက်အနည်းငယ်အတွင်း လာတော့မှာကို"

"ဒီနေ့ နေ့လည် အစည်းအဝေးအကြောင်း စဉ်းစားကြရအောင်" ဇီဖန်းက ခေါင်းယမ်းကာ သက်ပြင်းချလိုက်သည်။

သူစဉ်းစားနိုင်သဘောက ဒီနေ့နေ့လည် မိသားစုအစည်းအဝေးမှာ မရိုးရှင်းချေ။

မုန့်မုန့်အပန်းဖြေရာ စားသောက်ဆိုင်တွင်...

လွန်ခဲ့သည့် ၁၀ မိနစ်သို့ ပြန်သွားရသော်...

ဇီယန် သူမအမေဆီ ဓာတ်ပုံများ ပို့ပေးလိုက်ပြီးနောက် တစ်မိနစ်ပင် အကြာလိုက် သူမ၏အဖေက ဖုန်းခေါ်လာသည်။

ဇီယန် ခဏစဉ်းစားပြီး ထကာ အိပ်ခန်းထဲသို့ လျှောက်သွားလိုက်ပြီး တံခါးပိတ်လိုက်၏။

သူမ ဖုန်းကိုင်လိုက်သည်နှင့် ဇီချန်း၏ဒေါသထွက်နေသည့် အသံကို ကြားလိုက်ရသည်။ "လွန်လွန်းတယ်။ တကယ်ကို လွန်လွန်းတယ်"

"အဲဒါ အမှန်လား။ ဟမ် ဇီယန် ညည်းဘယ်လိုလုပ် လုပ်ရဲတာလဲ။ ဘယ်လိုဖြစ်လို့ ညည်းရဲ့အိမ်ထောင်ရေးကို ကိုယ်တိုင်ဆုံးဖြတ်ရဲတာလဲ။ ညည်းမှာ အဖေရှိတယ်ဆိုတာ သတိမရဘူးလား"

"…"

ဇီယန်သည် သူမအဖေ၏ဆူပူကြိမ်းမောင်းသံကို တိတ်ဆိတ်စွာ နားထောင်နေသည်။

ဆူပူပြီးနောက်တွင် ဇီချန်း တစ်မိနစ်ခန့် စောင့်ဆိုင်းပြီးနောက် နူးညံ့စွာ ဆက်ပြောသည်။ "ရှောင်ယန် ဘာလို့ စကားမပြောတာလဲ။ သမီးအိမ်ပြုကျတာကို ဘာလို့ အဖေတို့ကို မပြောတာလဲ"

"သမီးပြောရင်ရော အဖေ သဘောတူမှာလား။ အဖေ သမီး ဇီမိသားစုမှာ မပျော်ဘူး။ ဒါပေမယ့် သမီးရဲ့သမီးလေးက သမီးကိုပျော်ရွှင်စေတယ်။ အခု သမီးမှာ ပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်နေပြီ။ သမီးယောကျ်ားနဲ့ သမီးကို အရမ်းချစ်တယ်။

အဖေ သမီးရဲ့ ပျော်ရွှင်မှုကို လက်ခံပေးနိုင်မလား။ သမီး ယောက်ျားက နာမည်ကြီးမိသားစုက မဟုတ်ရင်တောင် အဖေ သမီးကို ထောက်ခံပေးမှာလား” ဇီယန် တုန်ယင်နေသည့်အသံဖြင့် ပြောသည်။

သူမအဖေ ငြင်းဆန်နိုင်မှန်းသိသဖြင့် သူမ အံ့မခန်းဖြစ် ဖွယ်ကို စောင့်ဆိုင်းနေဆဲပင်။

ဖုန်း၏အခြားတစ်ဖက်မှာ အချိန်အတော်ကြာ တိတ်ဆိတ် သွားခဲ့သည်။ နောက်ဆုံးတွင် သူမအဖေ၏စကားသံကို ဇီယန် ကြားလိုက်ရသည်။ "သမီး ကလေးမွေးပြီးပြီဆိုမှာတော့ အဖေ သမီးကို ငြင်းလို့ရပါဦးမလား။ အခု တစ်မိသားစုလုံး သိပြီးပြီ။ ဒီ တော့ အဖေသမီးကို ဘယ်လိုလုပ် မထောက်ခံပေးရမှာလဲ။ သမီးရဲ့ယောက်ျားအကြောင်းကိုတော့ ထပ်မပြောနဲ့။ ငါ့ရှေ့မှာ သူ့ကို ယောက်ျားလို့မခေါ်တဲ့။ ငါ သဘောမတူရသေးဘူး။ ဒီ ကောင်က ဘယ်လိုလုပ် ငါ့သမီးကို ခိုးသွားရဲတာလဲ။ ငါ တော်တော်ဒေါသထွက်တယ်”

နောက်ဆုံးတွင် ဇီချန်း၏အသံမှာ ပိုမိုကျယ်လောင်လာသော်လည်း ဇီယန် လှိုက်လှဲစွာ ရယ်မောလိုက်သည်။

သူမ အလွန်ရင်ထဲထိသွားပြီး ငိုချင်လာသည်။

ဇီချမ်း ၎င်းဦ ခံစားမိ၏။ ဇီယန် စိတ်မပျက်သွားစေရန် သူခေါင်းစဉ်ပြောင်းလိုက်သည်။ "အင်း ငါ့မြေးမလေးက အရမ်းချစ်စရာကောင်းတယ်။ ညည်း သူ့ပုံတွေကို ပြင်ထားတာမဟုတ်ဘူးမလား"

"အမ်" ဇီယန်၏မျက်လုံးများ ပြူးကျယ်သွားပြီး သူမ မကျေမနပ်ပြောလိုက်သည်။ "ဘယ်လိုလုပ် ပြင်ထားရမှာလဲ။ မုန့်မုန့်က အပြင်မှာ ဓာတ်ပုံထဲကထက် ပိုပြီး လှတယ်"

"ကောင်းတယ်။ ချစ်စရာကောင်းလိုက်တဲ့ကလေးလေး။ အဖေ အခု လေယာဉ်လက်မှ ဘွတ်ကင်လုပ်ပြီး နေ့လည်ကျရင် သမီးကို လာတွေ့မယ်။ အဲဒီကောင်က ငါ စမ်းသပ်ရမယ်။ သူ အရည်အချင်းပြည့်မီရင် ငါသူ့ကို တန်းပြီး လက်ထပ်ခွင့်တောင်းခိုင်းလိုက်မယ်" ဇီချန်းက ပြောသည်။

သူသည် ဇီမိသားစု၏ပြစ်ဒဏ်အားလုံးကို ခံယူနိုင်ပြီး ရက်စက်ကြမ်းကြုတ်သည့်အဖြစ်မှန်ကို ရင်ဆိုင်ရန်အတွက် သူ့သမီးပြန်လာမည်အား တားဆီးလိုသည်။

"မဖြစ်ဘူး။ သန်ဘက်ခါကျရင် သမီးရဲ့သီချင်းအသစ်အတွက် သတင်းစာရှင်းလင်းပွဲလုပ်ပြီးရင် အိမ်ကို ပြန်လာမယ်။ သမီးယောက်ျားက အရမ်းအံ့ဩဖို့ကောင်းတယ်။ အဖေစိတ်ချပါ" ဇီယန်က ပြောသည်။

"တကယ်လား"

"တကယ်ပေါ့"

"အင်း ဟမ် ငါပြောလို့မပြီးသေးဘူးလေ။ ရှောင်ယန် သမီးအမေက သမီးနဲ့ စကားပြောချင်လို့တဲ့"

"…"

မိနစ်အနည်းငယ် စကားပြောပြီးနောက် ဇီယန် တံခါးကို ဖွင့်ကာ မုန့်မုန့်ဆီ လျှောက်သွားလိုက်ပြီး သူမလေးအား

အဘိုးအဘွားများကို နှုတ်ဆက်ရန် ပြောလိုက်သည်။ ထို နောက် ဖုန်းချလိုက်၏။

ငင်းက အစောပိုင်းကဖြစ်ပျက်ခဲ့ခြင်းပင်။

ဇီယန်၏စကားကို ကြားပြီးနောက် ဇီချန်း အနည်းငယ် စိတ်သက်သာရာရသွားသည်။ သူ၏သမီးဖြစ်သူက အဆင်ပြေ တယ်ဆိုမှတော့ ငင်းက အဆင်ပြေသွားလိမ့်မည်ဟု သူ ထင်သည်။

"ဒီကိစ္စမှာ ငါ့သမီးကို ငါ့ဆီကခိုးသွားတဲ့ကောင်က ဇီ မိသားစုရဲ့စမ်းသပ်မှုကို ဘယ်လိုကျော်ဖြတ်နိုင်မလဲ ကြည့်ကြ တာပေါ့"

-အခန်း(၄၂၄-ခ) ပြီး

# အခန်း(၄၂၅-က) သန့်စင်ခြင်း(၁)

သူမအဖေနှင့် ဖုန်းပြောလိုက်ခြင်းက ဇီယန်၏ပြဿနာကို ဖြေရှင်းပေးသည်။

ဇီယန် အိပ်ခန်းထဲမှ ထွက်လာပြီးနောက် ကျန်း ဟန်၏ဘေးတွင် ဝင်ထိုင်ပြီး သူ့အပေါ်မှီကာ နားနားကပ်၍ တိုးတိုးလေးပြောသည်။ "ပြဿနာမရှိဘူး… ဒါပေမယ့် အဖေက ရှင့်ကို သဘောမကျဘူးထင်တယ်”

ထိုနောက် ဇီယန် ခေါင်းငုံ့ကာ ပါးစပ်ကိုအုပ်၍ ရယ်မောလိုက်သည်။

သူမ၏ယောက်ျားဖြစ်သူနှင့် သူ၏ယောက္ခမတို့ မည်သို့ ဆက်ဆံကြမည်ကို သူမ မသိချေ။ သို့သော် သူမ ၎င်းကို စောင့်မျှော်နေလေသည်။

"အင်း ဖြစ်သင့်ပါတယ်။ ကိုယ်က သူ့ရဲ့မင်းသမီးလေးကို ခိုးယူသွားတာကိုး” ကျန်းဟန် ပြုံးလိုက်သည်။

သို့သော် မုန့်မုန့်ကြီးပြင်းလာသည့်အခါ ဘယ်လိုဖြစ်မလဲဆိုသည်ကို ပြန်သတိရသွားပြီး သူ အနည်းငယ် မပျော်မရွှင်ဖြစ်သွားသည်။

သူမကို ငါ့ဆီကနေ ယောက်ကျားတစ်ယောက်က ခိုးယူသွားမှာလား...

ကျန်းဟန် ပို၍ပို၍ ဒေါသထွက်လာပြီး ထိုကိစ္စကို တွေးနေမိသည်အား အတင်းရပ်တန့်ပစ်လိုက်သည်။

တစ်ယောက်ယောက်က မုန့်မုန့်ကို တကယ်ပဲ လိုက်ချင်တယ်ဆိုရင် ငါ့ကို အရင်အနိုင်ယူရမယ်...

ဇီယန်သာ သူတွေးနေသည်ကို သိပါက သူမ စွံ့အသွားပေလိမ့်မည်။

မုန့်မုန့်က အခု အသက်ဘယ်လောက်ရှိသေးလို့လဲ။ ရှင်က အခုကတည်းက ဒီကိစ္စကို ဆန့်ကျင်နေပြီ။ ဘယ်သူက ရှင့်ကို အနိုင်ယူနိုင်မှာလဲ...

ခဏလောက်ထိုင်နေပြီးနောက် ယုဝေနှင့် လျိုရှားရှားတို့ အနေမခက်ကြတော့ချေ။

သူတို့ မုန့်မုန့်နှင့် ကစားကြပြီး မုန့်မုန့်ကို သူတို့အလွန် သဘောကျကြောင်း ပြသခဲ့သည်။

ပေါ့ပေါ့ပါးပါးအဝတ်စားနှင့် Hermes အိတ်ကိုကိုင်ထား သည့် ကျိုးဖေး လှေကားထောင့်မှ တက်လာသည်ကိုမြင်တော့ သူတို့ စကားပြောကြသည်။

"သူတို့က ညှော့သည်တွေလား" ကျိုးဖေးက လူစိမ်းများကို မြင်သည့်အခါ အံ့အားသင့်သွားသည်။ ထိုနောက် ဇီယန်ကို ကြည့်ကာ ပြောသည်။ "အစ်မယန်ရဲ့ဆန္ဒအတိုင်း MV ကို မနက်ဖြန် အယ်လ်ဘမ်နဲ့အတူထွက်ဖို့ စီစဉ်ထားပြီးပြီ"

"အင်း" ဇီယန်က နဖူးကို အနည်းငယ်စောင်းကာ ပြောသည်။

"သူတို့က ဘယ်သူတွေလဲ" ကျိုးဖေးက ဆိုဖာဘေးတွင် ဝင်ထိုင်ရင်း မေးသည်။

"ဒါက ငါ့ညီမ ဇီရှီးယာ။ ဟိုနှစ်ယောက်က သူ့ရဲ့အတန်းဖော်တွေ ယုဝေနဲ့ လျိုရှားရှား" ဇီယန်က သူတို့အား မိတ်ဆက်ပေးသည်။

"အိုး မင်္ဂလာပါ ငါက ကျိုးဖေးပါ။ အစ်မယန်ရဲ့ နံပါတ်တစ် ဘော်ဒီဂတ်"

ကျိုးဖေးကြောင့် အားလုံး ပြုံးရယ်လိုက်ကြသည်။

-အပိုင်း(၁၀) အခန်း(၄၂၅-က)ပြီး

wunzinnosp

[စာစဉ်(၃၇) အပိုင်း(၁၁)] အခန်း(၄၂၅-ခ) သန့်စင်ခြင်း(၂)

နှုတ်ဆက်စကားပြောပြီးနောက်တွင် ယုဝေက သိချင်စိတ်ဖြင့် မေးသည်။ "အစ်မဇီယန် အစ်မရဲ့အယ်လ်ဘမ်ထဲကို သီချင်းသစ်တစ်ပုဒ် ထည့်မလို့လား"

"ဟုတ်တယ်" ဇီယန်က ခေါင်းညိတ်သည်။

ယုဝေက အခွင့်အရေးကို အမိအရယူသည်။ "ဝိုး အရမ်းကောင်းတာပဲ။ အစ်မဇီယန် ညီမက အစ်မရဲ့သီချင်းတွေ အရမ်းကြိုက်တာ။ အမြဲတမ်း ပလေးလစ်တ်ထဲမှာ ထည့်ထားတယ်။ အစ်မ ညီမကို အမှတ်တရလက်မှတ်ပေးလို့ရလား.."

ဇီယန် ပြုံးလိုက်ပြီး "ရတာပေါ့။ ပြီးရင် ညီမကို ပေးပါ့မယ်"

"အင်း.. ညီမရဲ့အင်္ကျီမှာရော လက်မှတ်ထိုးပေးလို့ရလား" ယုဝေ ရှက်ရွံ့စွာ ပြောသည်။

"ရပါတယ်" ဇီယန် ခေါင်းညိတ်သည်။

"ရေး... အရမ်းကောင်းတယ်။ ညီမမှာ ဘောပင်အဆင်သင့်ရှိတယ်" ပြောနေရင်းဖြင့် ယုဝေသည် သူမ၏အိတ်ထဲမှ လက်မှတ်ထိုးဘောပင်တစ်ချောင်း ထုတ်လိုက်ပြီး ဇီယန်ဆီ လျှောက်လာကာ နောက်လှည့်၍ ထိုင်ချလိုက်သည်။ "ညီမရဲ့ ကျောမှာ စာလုံးအကြီးကြီးတွေနဲ့ လက်မှတ်ထိုးလိုက်ရုံပဲ..."

ထိုနောက် ဇီယန် ဘောပင်ယူကာ သူမ၏နောက်ကျော တွင် လက်မှတ်ထိုးပေးလိုက်သည်။

"ဒီဝတ်စုံငါ ငါ့ရဲ့တန်ဖိုးကြီးစုဆောင်းမှုတွေထဲမှာ ပါဝင်သွားပြီ။ ရေချိုးခန်းထဲသွားပြီး အဝတ်လဲလိုက်ဦးမယ်" ယုဝေ ဝမ်းသာအားရဖြင့် သူမ၏ခရီးဆောင်အိတ်ကိုယူကာ ရေချိုး ခန်းထဲဝင်သွားသည်။

"ဟူး..." ဇီရှီးယာ ကိုယ့်နဖူးကိုယ် ပြန်ရိုက်လိုက်၏။

ခဏအကြာတွင် ယုဝေသည် အနီရောင်အင်္ကျီလက်တိုကို ဝတ်ဆင်ပြီး ရေချိုးခန်းထဲမှ ထွက်လာသည်။

မနက် ၁၁ နာရီထိုးအထိ သူတို့ အပေါ်ထပ်တွင် စကားပြောနေခဲ့ကြသည်။ လျှိုရှားရှားနှင့် အကြည့်ချင်းဖလှယ်ပြီးနောက် ဇီရှီးယာ ပြောသည်။ "အစ်မ ငါတို့ သွားရတော့မယ်။ ဒီနေ့က ရှာရှာ့ကောင်လေးရဲ့ မွေးနေ့လေ။ ငါတို့ သူ့ဆီသွားမလို့"

"နေ့လည်စာစားပြီးမှ သွားကြပါလား" ဇီယန်က ညီမဖြစ်သူအား ကျွန်းဟန်၏လက်ရာကို မြည်းစမ်းစေချင်သည့် မျှော်လင့်ချက်ဖြင့် ပြောသည်။

"မဖြစ်ဘူး။ ငါတို့ ချိန်ထားပြီးပြီ။ နောက်တစ်ခေါက်မှပေါ့" ဇီရှီးယာက ခေါင်းယမ်းလိုက်သည်။

"ညကျ ပြန်လာမှာမလား။ နင့်ခဲအိုက ဟင်းချက်အရမ်းကောင်းတယ်" ဇီယန်က မေးသည်။

ဇီရှီးယာ အံ့အားသင့်သွားပြီး ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ ငါ ညနေကျ ဖုန်းဆက်လိုက်မယ်"

တစ်ချိန်တည်းမှာပင် သူမ သက်ပြင်းချလိုက်မိသည်။

ဒါဆို ခဲအိုက ဒီစားသောက်ဆိုင်ရဲ့ စားဖိုမှူးပေါ့။ အင်း... ဟင်းချက်ကောင်းတာက ငါ့အစ်မကို လက်ထပ်ဖို့ မကူညီပေးနိုင်ဘူး...

နှုတ်ဆက်စကားပြောပြီးနောက် သူတို့ အောက်ဆင်းသွားကြသည်။

ပထမထပ်တွင် ကျန်းဟန်က ကျောက်ဖုန်းအား လက်ပြလိုက်သည်။ "ရှောင်ဖုန်း သူတို့ကို ကားမောင်းပြီးလိုက်ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့" ကျောက်ဖုန်းက မတ်တပ်ထရပ်ပြီး ကောင်မလေးများအား တံခါးဖွင့်ပေးရန် ထွက်လာခဲ့သည်။ သူတို့ ကားပေါ်တက်ပြီးနောက် တံခါးပိတ်ကာ ကျန်းဟန်ဆီ လျှောက်သွားလိုက်သည်။

"ဆရာ ရှေးဟောင်းပစ္စည်းတွေအားလုံးကို ဖော်ထုတ်ပြီး ပြီ။ အဲဒီထဲမှ ၂၁ ခုက တန်ဖိုးရှိတယ်။ စုစုပေါင်း ခန့်မှန်းခြေ ဈေးက အနည်းဆုံး သန်း ၄၃၀ ရှိတယ်။ လင်းဒုန်က ရှေးဟောင်းပစ္စည်းတွေကို လေလံတင်ဖို့ သူစီစဉ်ပေးမယ်ပြော တယ်" ကျောက်ဖုန်းက တင်ပြသည်။

"သိပြီ" ကျန်းဟန်က ခေါင်းညိတ်သည်။

"ဒါနဲ့ ကျွန်တော် ဟယ်လီကော်ပတာနှစ်စင်းဝယ်ဖို့ ညှိနှိုင်း နေတယ်။ နည်းပြလျိုက ဇိမ်ခံလေယာဉ်နှစ်စင်းကို တာဝန် ယူထားတယ်။ တခြားတစ်ယောက်က အရင်ဝယ်သွားပေမယ့် သူက ငွေမချေနိုင်သေးဘူး။ အဲဒီလူ ရက်ပိုင်းအတွင်း မဝယ်ဖြစ် ခဲ့ဘူးဆိုရင် ကျွန်တော်တို့ လေယာဉ်ကို ချက်ချင်းဝယ်လိုက်လို့ ရတယ်" ကျောက်ဖုန်းက ထပ်ပြောသည်။

"မင်းဘာသာပဲ စီစဉ်လိုက်ပါ" ကျန်းဟန်က ပြန်ဖြေသည်။

၎င်းတို့ကို ကျောက်ဖုန်း ကိုင်တွယ်ဖြေရှင်းနိုင်သဖြင့် ကျန်း ဟန်က သိပ်ပြီး ဂရုစိုက်မနေချေ။

ကျောက်ဖုန်းက တကယ်ကိုစိတ်ချအားကိုးရသည်။ အရာအရာကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်သူဖြစ်၏။

"ဒါဆို ကျွန်တော်သွားတော့မယ် ဆရာ" ကျောက်ဖုန်းက ပြောပြီး ကားပေါ်တက်ကာ ဖြည်းညှင်းစွာ မောင်းထွက်သွားသည်။

လမ်းတွင် ကားမောင်းနေရင်း ကျောက်ဖုန်းက မေးသည်။ "ဘယ်ကိုပို့ပေးရမလား"

"တိုင်ပုခရိုင် ကျားဖန်းဂါးဒင်းစကွဲ" လျို့ရှားရှားက ပြန်ဖြေသည်။

တိုင်ပုခရိုင်သည် လုန်ချန်ခရိုင်၏မြောက်ဘက်တွင်ရှိပြီး သေးငယ်သည့်ဧရိယာအကျယ်အဝန်းရှိကာ လဆန်း ပင်လယ်ကွေ့နှင့်ဆင်တူသည်။ ကားလမ်းပိတ်ဆို့မှုမရှိပါက တိုင်ပုခရိုင်သို့ တစ်နာရီခန့် ကားမောင်းသွားရမည်ဖြစ်သည်။

"ယုဝေ ရှာရှာ ဇီယန်က ငါ့အစ်မဆိုတာကို ဘယ်သူ့ကိုမှ မပြောနဲ့နော်။ သူ့ရဲ့အိမ်ထောင်ရေးကိုရောပဲ။ မဟုတ်ရင် ငါတို့ညီအစ်မတွေမဟုတ်တော့ဘူး" ဇီရှီးယာက လေးနက်စွာ ပြောသည်။

ဖျော်ဖြေရေးနယ်ပယ်တွင် အိမ်ထောင်သည်များစွာရှိပြီး သူတို့၏လျှို့ဝှက်ချက်ကို အောင်မြင်စွာ ထိန်းသိမ်းထားကြောင်း သူမ သိရှိသည်။ သူမ၏သူငယ်ချင်းများကို ယုံကြည်သော်လည်း သတိပေးဖို့တော့ လိုသေးသည်။

"ငါသိပါတယ်။ စိတ်ချ ငါ ဘယ်သူ့ကိုမှ မပြောဘူး" ယုဝေက ခေါင်းညိတ်သည်။

"စိတ်ချပါ" လျို့ရှားရှားက ပြုံးကာ ပြောသည်။

"ကောင်းလိုက်တာ။ ငါ အမှတ်တရလက်မှတ်ထိုးထားတဲ့ ဓာတ်ပုံတွေအများကြီးရခဲ့တယ်။ လက်မှတ်ထိုးထားတဲ့ အင်္ကျီတောင် ရှိသေးတယ်..." ယုဝေက ဝမ်းသာအားရပြောသည်။

သူတို့သုံးယောက် စကားပြောလာကြရင်း လျိုရှားရှားက ရုတ်တရက် ကျောက်ဖုန်း၏မျက်နှာကို ကြည့်ကာ တိုးတိုးလေး ပြောသည်။ "ရှီးယာ နင့်အစ်မရဲ့ဒရိုင်ဘာကလည်း ချောတယ်နော်"

"ရှင့်နာမည်ဘယ်လိုခေါ်လဲ ရှေ့က ကိုလူချော" ယုဝေက တိုက်ရိုက်မေးသည်။

ကျောက်ဖုန်းက ဤနေရာတွင် တစ်ဦးတည်းသော သူစိမ်းဖြစ်နေသဖြင့် မိန်းကလေးသုံးယောက်စလုံး စိတ်အေးလက်အေးနှင့် လွတ်လွတ်လပ်လပ်စကားပြောနေကြသည်။

ကျောက်ဖုန်းက သူတို့၏စကားများကို ဂရုမစိုက်ချေ။ ထိုမေးခွန်းကို ကြားသည့်အခါ သူ တည်ငြိမ်စွာ ပြန်ဖြေလိုက်သည်။ "ကျောက်ဖုန်း"

"မိုက်လိုက်တာ။ ငါ့ဒရိုင်ဘာထက် နာမည်ပိုကောင်းတယ်" ယုဝေက ရယ်သည်။

ဇီရှီးယာက ကျောက်ဖုန်းကို စိတ်ဝင်စားလာပြီး မေးသည်။ "ရှင်က အစ်မရဲ့ အချိန်ပြည့်ဒရိုင်ဘာလား"

"မဟုတ်ဘူး" ကျောက်ဖုန်းက ပြန်ဖြေ၏။

ဇီရှီးယာ အနည်းငယ် အံ့အားသင့်သွားပြီး ကျောက်ဖုန်းအား ဂရုတစိုက်လေ့လာလိုက်သည်။

ဒီကားက ငှားထားတာလား။ ဒီလူက ယာယီအလုပ်သမားလား...

သို့သော် ကျောက်ဖုန်းက ထပ်ပြောလိုက်သည်။ "ငါက သူဌေးရဲ့အကူပါ။ သူဌေးကတော်မှာ သူ့ကိုယ်ပိုင် သက်တော်စောင့်တွေရှိတယ်"

"ဪ သိပြီ" ဇီရှီးယာ ခေါင်းညိတ်လိုက်သည်။ "ကျွန်မ ခဲအိုဆီမှာ ကုမ္ပဏီဘယ်နှခုရှိလဲ။ သူက ဘာအလုပ်လုပ်တာလဲ။ သူက ဘယ်လောက်ချမ်းသာတာလဲ"

ကျောက်ဖုန်း ခဏလောက် တိတ်ဆိတ်သွားသည်။ သူ စကားပြောခါနီးတွင် ဇီရှီးယာက ပြောလိုက်သည်။ "ကျွန်မခဲအို က လက်ထပ်ခွင့်တောင်းချင်နေတာ။ သူ ဇီမိသားစုကို စိတ် ညွတ်အောင် မလုပ်နိုင်ရင် ဒုက္ခရောက်လိမ့်မယ်"

"ဟားဟား..." ကျောက်ဖုန်းက ပေါ့ပေါ့ပါးပါး ရယ်မောလိုက်ပြီး "မိန်းကလေး စိတ်မပူပါနဲ့။ သူ့ငွေးက ဘယ်လောက် ချမ်းသာလဲဆိုတာ ငါမသိဘူး။ ဘာလို့လဲဆိုတော့ သူ့ရဲ့ပိုင်ဆိုင် မှုတွေကို မရေတွက်နိုင်လို့ပဲ"

တောင်ပေါ်တွင် နတ်အဆင့်ရတနာများ၊ ထွတ်မြတ် အဆင့်ရတနာများ မည်မျှရှိသည်ကို မည်သူမျှမသိသဖြင့် ရေတွက်နိုင်သည်ထက် ကျော်လွန်နေလေသည်။ ထို့ပြင် ကျောက်ဖုန်းသည် သူတို့ယူလာခဲ့သည့် ဆေးလုံးများမှာလည်း အဖိုးမဖြတ်နိုင်သည့်ရတနာများဖြစ်ကြောင်း သိရှိပြီး ကျန်းဟန် သာ ဆန္ဒရှိပါက ၎င်းတို့ကို ရောင်းချကာ မရေမတွက်နိုင်သည့် ကြွယ်ဝချမ်းသာမှုများကို ရရှိနိုင်သည်။

"ပြီးတော့ တချို့လူတွေကို ငွေနဲ့ တိုင်းတာလို့မရဘူး။ မင်းတို့ ဇီမိသားစုက သူဌေးနဲ့ပတ်သက်ခွင့်ရတာ အရမ်းကံကောင်းတယ်လို့ ခံစားရလိမ့်မယ်"

"ရှင်က ကြွားနေတာပဲ" ဇီရီးယာက ပြောသည်။ "ဘာလို့ ကျွန်မကို အသေးစိတ်မပြောပြတာလဲ"

ကျောက်ဖုန်းက ခေါင်းကိုယမ်းလိုက်ပြီး ဘာမှ ထပ်ရှင်းပြမနေတော့။ ကျန်းဟန် လက်ထပ်ခွင့်တောင်းသည့်အချိန်တွင် သူတို့ အမှန်တရားကို သိလာကြပေလိမ့်မည်။

ကျောက်ဖုန်းကို နောက်ထပ်မေးခွန်းများမေးရန် ရည်ရွယ်နေသည့် ဇီရီးယာမှာ ထိုအမျိုးသား၏ဂရုမစိုက်သည့် သဘောထားကြောင့် ဆွဲဆော်ငံလိုက်ရပြီး နောက်တစ်နာရီကျော်ကြာထိ သူနှင့်စကားပြောရန် အခွင့်အရေးကို ရှာဖွေနေခဲ့သည်။

မိန်းကလေးသုံးယောက်သည် နောက်ခုံတွင် တီးတိုးသဖန်းထိုးနေကြ၏။

တစ်နာရီခန့်အကြာတွင် ကားသည် တိုင်ပုခရိုင်သို့ ရောက်ရှိလာသည်။

လမ်းဘေးတွင် ကားရပ်လိုက်ပြီးနောက် ကျောက်ဖုန်းက မိန်းကလေးသုံးယောက် ကားပေါ်မှ မဆင်းခင် ဇီရှီးယာ၏ဘက်သို့ လှည့်ကာ သူ၏လက်ကို ဆန့်ထုတ်လိုက်သည်။ သူ တည်ငြိမ်စွာ ပြောလိုက်၏။ "ဆဲလ်ဖုန်း"

"ဟမ်" ဇီရှီးယာ အံ့သြသွားပြီး မသိစိတ်က သူမ၏ဖုန်းကို ထုတ်ပေးလိုက်မိသည်။

သူ ဘာလုပ်မလို့လဲ....

ကျောက်ဖုန်းက သူမ၏ဖုန်းကို အကြိမ်အနည်းငယ် နှိပ်လိုက်ပြီးနောက် ပြန်ပေးလိုက်သည်။

"အဲဒါ ငါ့ဖုန်းနံပါတ်" ကျောက်ဖုန်းက ပြောသည်။ "ညနေ ၅ နာရီဝန်းကျင်မှာ ငါ ပြန်လာမယ်။ မင်းတို့ ပြီးရင် ဖုန်းဆက်လိုက်"

"ဟမ့် ရှင့်ဖုန်းနံပါတ်ကို သိမ်းထားချင်တယ်လို့ ကျွန်မ မပြောခဲ့ပါဘူး" ဇီရှီးယာက ကျောက်ဖုန်းအား မျက်စောင်းထိုးကာ ကားပေါ်မှ ဦးဆောင်ဆင်းသွားသည်။

သူတို့ထွက်သွားပြီးနောက် ကျောက်ဖုန်း မောင်းထွက်သွားသည်။

ယုဝေက ပြုံးကာ ပြောသည်။ "သူက နင့်ကို ဒီလိုခပ်မိုက်မိုက်ပုံစံနဲ့ သူ့ဖုန်းနံပါတ်ပေးခဲ့တာ။ ရှီးယာ သူက နင့်အကြိုက်ပုံစံမဟုတ်လား။ ခပ်မိုက်မိုက်နဲ့ ရင့်ကျက်ပြီး ချောမောတဲ့ ယောကျ်ားလေ"

"မဖြစ်နိုင်တာ။ သူက ရင့်ကျက်ပေမယ့် ဒရိုင်ဘာလေ" လျိုရှားရှားက ခေါင်းယမ်းလိုက်သည်။

"လာပါ ငါဗိုက်နည်းနည်းဆာနေပြီ" ဇီရှီးယာက ေရှ့မှ ရှော့ပင်းမောလ်ဆီ ဦးတည်သွားသည်။

"ယွမ်လဲ့က ဘယ်နေရာမှာလဲ ငါမေးလိုက်မယ်" လျို့ရှားရှားက သူမ၏ရည်းစားကို ဖုန်းဆက်လိုက်ပြီး ခဏအကြာတွင် ဖုန်းချလိုက်သည်။ "ဒုတိယထပ်က တီလင်းစားသောက်ဆိုင်ကို သွားကြမယ်"

သူတို့သုံးဦး ရှော့ပင်းမောလ်ထဲသို့ ဝင်သွားကြပြီး တီလင်းစားသောက်ဆိုင်ကို မတွေ့ခင် ဒုတိယထပ်၌ အချိန်အတော်ကြာ လမ်းလျှောက်ခဲ့ကြသည်။

ယုဝေက ကွန်ပလိန်းတက်သည်။ "ဘာလို့ သူက ငါတို့ကို ထွက်လာမကြိုတာလဲ။ စားသောက်ဆိုင်က ရှာရခက်လိုက်တာ"

"သူ့သူငယ်ချင်းတွေနဲ့ စကားပြောနေလို့နေမှာပါ။ ဆိုင်ထဲကို အရင်ဝင်ကြရအောင်" လျို့ရှားရှားက အနည်းငယ် မပျော်မရွှင်ဖြစ်သော်လည်း ကွန်ပလိန်းမတက်ချေ။ သူတို့၏နာမည်ကို ပြောပြပြီးနောက် စားပွဲထိုးက အထဲရှိ သီးသန့်ခန်းသို့ ခေါ်ဆောင်သွားသည်။

"ရှာရှာ မင်းရောက်လာပြီပဲ။ တောင်းပန်ပါတယ် ကိုယ် အခုပဲ အရေးတကြီးဖုန်းဝင်လာလို့" ယွမ်လဲ့က သူတို့အားအ မြန်နှုတ်ဆက်ပြီး ပြုံးပြသည်။

"ကိစ္စမရှိပါဘူး" လျိုရှားရှား ပြုံးပြလိုက်သည်။

သို့သော် ယွမ်လဲ့ အခန်းဖော်များ၏အပြုံးနှင့် အကြည့်များ က သူမအား အနည်းငယ် မသက်မသာဖြစ်စေသည်။

"ဒါက ငါ့ကောင်မလေး လျိုရှားရှား၊ သူတို့နှစ်ယောက်က သူ့အခန်းဖော်တွေ။ ဒီမိန်းမလှလေးက ဇီရှီးယာ၊ ဒါက ယုဝေ။ ရှာရှာ ဒါက ကိုယ်တို့အိပ်ဆောင်က အကြီးဆုံးအစ်ကိုကြီး ထျန် ချီ၊ ဒါက ဒုတိယအစ်ကို...."

အခန်းထဲတွင် လူခြောက်ယောက်ရှိပြီဖြစ်ရာ အားလုံးမှာ ယွမ် လဲ့၏အခန်းဖော်များဖြစ်ကြသည်။ အငယ်ဆုံးဖြစ်သည့် ယွမ်လဲ့ အား အခန်းဖော်များ "နံပါတ်ခြောက်လေး" ဟု ခေါ်ကြသည်။

"လာ အားလုံးထိုင်ကြပါ" အစ်ကိုအကြီးဆုံးက ဇီရှီးယာကို စိုက်ကြည့်နေသည်။ သူတို့ ထိုင်သည့်အချိန်တွင် သူက အံ့သြတကြီးဟန်ဖြင့် ပြောသည်။ "ဇီရှီးယာက နာမည်တင်လှတာ မဟုတ်ဘူး လူကလည်း အရမ်းလှတာပဲ"

"ဟုတ်တယ်။ မိန်းမလှလေးဇီမှာ ရည်းစားရှိလား။ ငါ့မှာ အခွင့်အရေးများရှိမလားလို့" အတော်လေးဝသည့် တတိယ အစ်ကိုက စနောက်သည်။

"အိပ်မက်မက်မနေနဲ့။ ရှီးယာရဲ့ချစ်သူဖြစ်ဖို့ အရမ်းခက်တယ်" ယုဝေက သူတို့ သူမအား လျစ်လျူရှုထားသည်ကို စိတ်ထဲမထားချေ။ သူမက လက်ဝှေ့ယမ်းကာ ပြောသည်။ "ဟင်းတွေမှာလိုက်တော့။ ငါတို့ ဗိုက်ဆာနေပြီ"

"အင်း ခဏစောင့်ပါဦး။ အစ်ကိုကြီးမင်က ခဏနေရောက်တော့မှာ" ယွမ်လဲ့က ဖျစ်ညှစ်ပြုံးကာ ပြောသည်။

"ဟင်းတွေအရင်မှာထားမယ်လေ။ လာချဖို့က ခဏလောက် ကြာဦးမှာကို" ယုဝေက ပေါ့ပေါ့ပါးပါး ပြောသည်။

သူမ တခြားဘာကိုမှ ဂရုမစိုက်ချေ။ သူမ ဗိုက်ဆာသည့်အချိန် စားချင်ပေသည်။

"အဲဒါ သိပ်မယဉ်ကျေးဘူး။ အစ်ကိုကြီးမင်က ငါတို့ရဲ့ စီနီယာ။ သူ့မိသားစုက ဒီမြို့မှာ ကုမ္ပဏီတွေအများကြီးဖွင့်ထားတယ်။ သူက အဆင့်အတန်းမြင့်ပြီး တော်တော်လေး ချေးများတတ်လို့” ယွမ်လဲ့က အားတင်းကာ ပြုံး၍ ပြောသည်။

"ဟုတ်တယ်။ ငါတို့ သူ့ကို စောင့်သင့်တယ်။ ညီလေးခြောက်က အစ်ကိုကြီးမင်နဲ့ အဆင်ပြေဖို့ သိပ်မလွယ်ဘူး” အစ်ကိုအကြီးဆုံးက လက်ဝှေ့ယမ်းကာ ပြောသည်။ "ငါတို့ ခဏလောက် စကားပြောကြရအောင်လေ”

"ခဏလောက် စကားပြောကြရအောင်” လျို့ရှားရှားက အမူအရာကင်းမဲ့စွာ ပြောသည်။

သူမ အနည်းငယ် တုံ့ဆိုင်းနေသော်လည်း ယနေ့က ယွမ်လဲ့၏မွေးနေ့ဖြစ်သောကြောင့် သူမ၏စိတ်အခြေအနေကို ထိန်းချုပ်ထားရန်ဆုံးဖြတ်လိုက်သည်။

၎င်းကို စဉ်းစားပြီးနောက် လျိုရှားရှားက သူမ၏အိတ်ထဲမှ ဘူးတစ်ဘူးထုတ်ကာ ယွမ်လဲ့အား ပေးလိုက်သည်။ "ပျော်ရွှင်ဖွယ်မွေးနေ့ပါ။ ကျွန်မ ရှင့်အတွက် စက်ဘုပူက ခါးပတ်တစ်ခု ဝယ်လာခဲ့တယ်"

"ဝိုး ကျေးဇူးပါ" ယွမ်လဲ့က ဘူးကို ယူလိုက်သော်လည်း ဖွင့်မကြည့်ချေ။ သူ၏အခန်းဖော်များကို ကြည့်လိုက်ပြီး ပြုံးကာ ပြောသည်။ "ငါ့ရည်းစားက ဘယ်လိုလဲ"

"အရမ်းလှတယ်" အခန်းဖော်များက ကျယ်လောင်စွာ ပြောသည်။

သူတို့ စကားပြောနေစဉ်တွင် သူတို့အားလုံးက ဇီရှီးယာအား စနောက်ချင်ကြသည်။ သူမတွင် ရည်းစားမရှိကြောင်း သိရှိပြီးနောက် တတိယအစ်ကိုနှင့် ပဉ္စမအစ်ကို သူမအား စိတ်ဝင်စားမှုပြင်းပြင်းထန်ထန်ပြခဲ့သော်လည်း မိန်းကလေးက လိုက်၍ လွယ်သည့်ပုံမရချေ။

စကားပြောရင်းဖြင့် အချိန်များ ကုန်ဆုံးသွားသည်။ ၁၀ မိနစ်ခန့်ကြာသည့်အခါ ဆံပင်အဝါရောင်နှင့်အမျိုးသားတစ်ယောက် ဝင်လာသည်။

"အစ်ကိုမင်"

"အစ်ကိုမင်"

ယွမ်လဲ့နှင့် သူ၏အခန်းဖော်များက တစ်ယောက်ပြီးတစ်ယောက် မတ်တပ်ရပ်ကာ နှုတ်ဆက်ကြသည်။ သူတို့၏အမူအရာများအရ သူတို့ ထိုလူအား အလွန်ဖားယာချင်ကြပုံရသည်။

သို့သော် မိန်းကလေးသုံးယောက်ကတော့ မထချေ။

"လမ်းမှာ ကားပိတ်နေလို့ နည်းနည်းနောက်ကျသွားတယ်။ ဆောရီးပါ" ပိုင်မင်က ပြုံးကာ ဝင်ထိုင်လိုက်သည်။

"မဟုတ်တာ ကျွန်တော်တို့လည်း အခုပဲရောက်တာပါ" ယွမ်လဲ့က ပြုံးကာ ပြောသည်။

"သူတို့က ဘယ်သူတွေလဲ" ဇီရီးယာကို မြင်ပြီးနောက် ပိုင်မင်၏မျက်လုံးများ တောက်ပလာသည်။ ဆံပင်ရှည်ရှည် ကောက်ကောက်များနှင့်မိန်းမလှလေးက သူ၏အကြိုက်ပုံစံ ဖြစ်သည်။

-အပိုင်း(၁၁) အခန်း(၄၂၅-ခ) ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၁၂)] အခန်း(၄၂၅-ဂ) သန့်စင်ခြင်း(၃)

"ဒါက ကျွန်တော့်ကောင်မလေး လျိုရှားရှားပါ။ ဒါက ဇီရီးယား၊ ဒါက ယုဝေ" ယွမ်လဲ့က ပြောသည်။

"တွေ့ရတာ ဝမ်းသာပါတယ်" ပိုင်မင်က ပြုံးကာ ခေါင်းညိတ်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်" မိန်းကလေးများကလည်း ပြန်ပြောသည်။

"အစ်ကိုမင် ရှီးယာက အခုထိ စင်ဂယ်ပဲနော်။ သူ့ရဲ့ နှလုံးသားကို အနိုင်ယူနိုင်မလား ကျွန်တော်တို့ လောင်းနေကြတာ" တတိယအစ်ကိုက ပြုံး၍ ပြောသည်။

"အိုး ငါလည်း မင်းတို့နဲ့ပါဝင်ရမှာပေါ့။ လူကြီးလူကောင်းတိုင်းက မိန်းမလှလေးကို ချစ်ကြတာပဲ" ပိုင်မင်က ရယ်မောသည်။

"အစ်ကိုမင်သာ ကျွန်တော်တို့နဲ့ပါရင် ကျွန်တော်တို့ အခွင့်အရေးမရှိတော့ပါဘူး" ပဉ္စမအစ်ကိုက အားတင်းပြုံးကာ ပြောသည်။

ဇီရှီးယားမှာ ယခု ပြုံးခဲလေသည်။ စနောက်မှု တစ်ခု နှစ်ခုက အဆင်ပြေသော်လည်း သူမအား ဟာသများစွာလုပ်နေသည်က အနည်းငယ် စိတ်မရှည်ဖြစ်စေသည်။

ပိုင်မင်သည် သူတို့အားကြည့်ကာ ဘာတွေဖြစ်နေလဲ သိလိုက်သည်။ ထို့ကြောင့် သူက ပြုံးကာ ပြောလိုက်သည်။ "ကောင်းပြီ။ စနောက်နေတာ တော်ကြရအောင်။ နေ့လယ်စာ

စားပြီးရင် ပင်လယ်ကမ်းခြေပန်းခြံကို သွားကြရအောင်။ ညနေက ကမ်းခြေကလပ်မှာ ယွမ်လဲ့ရဲ့မွေးနေ့ကို ကျင်းပဖို့ ငါ ဘွတ်ကင်လုပ်လိုက်မယ်"

စနောက်မှုကို များများမပြောသင့်ကြောင်း သူသိရှိပြီး ဇီရှီးယာကို လိုက်ရန် မလွယ်ကူကြောင်းလည်း သူ တွေ့ရှိခဲ့သည်။ ၎င်းက သူ၏စိတ်ဝင်စားမှုကို နှိုးဆွခဲ့သည်။

သို့သော် သူ ယွမ်လဲ့ကိုကြည့်ကာ အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

ဒီကောင်က မိန်းကလေးနှစ်ယောက်ကို တစ်ပြိုင်တည်း တွဲနေတာ တကယ်တော်တယ်။ သူ့ကောင်မလေးက ချောသားပဲ...

မြောင်လီသာ အမှန်တရားကို သိသွားရင် သူ ဒုက္ခရောက်လိမ့်မယ်...

ဤကိစ္စ၏ကြီးထွားနိုင်မှုကို သူ ကောင်းကောင်းသိသည်။ မြောင်လီသည် လူသစ်ကလေးနှင့် ချိန်းတွေ့ရသည်ကို သဘောကျသော ရင့်ကျက်သည့်မိန်းကလေးဖြစ်သည်။ သူမ ယွမ်လဲ့နှင့် တစ်ကြိမ် အီစီကလီလုပ်ပြီး ကောင်လေးက သူမအား ချက်ချင်း ချစ်မိသွားခဲ့တယ်။ မြောင်လီအား ယွမ်လဲ့ မထိန်းချုပ်နိုင်သည်က သနားစရာကောင်းသည်။ သူမက လမ်းခွဲရန်သဘောမတူပါက ယွမ်လဲ့ အလောတကြီးလုပ်ရဲမည်မဟုတ်ချေ။

မြောင်လီ၏အစ်ကို မြောင်ကျန်းသည် ကမ်းရိုးတမ်းဒေသ မြေအောက်လောက၏ခေါင်းဆောင်ဖြစ်သည်။ ပိုင်မင်သည် သူ့အား ရန်မစရဲချေ။

...

ကောင်မလေးများအား သူတို့လိုရာခရီးကို ပို့ပေးပြီးနောက် ကျောက်ဖုန်း စားသောက်ဆိုင်သို့ ပြန်လာခဲ့သည်။

ထိုအချိန်တွင် ဒုတိယထပ်ရှိလူများမှာ ထမင်းစားပြီးခါစ ဖြစ်၍ အနားယူနေကြသည်။ ယုံကျားရှင်းမှာ မုန့်မုန့်နှင့် ပျော်ရွှင်နေ၏။

နေ့လယ်စာစားပြီးချိန်တွင် သူတို့ စကားပြောခဲ့ကြပြီး ထိုစကားဝိုင်းမှတဆင့် ဇီယန်က သန်ဘက်ခါ သတင်းစာရှင်းလင်းပွဲပြီးလျှင် နောက်တစ်နေ့မနက်၌ စက်ာပူသို့ ထွက်ခွာမည်ဖြစ်ကြောင်း သူမ သိရှိခဲ့သည်။

ထို့ကြောင့် စေ့စပ်ပွဲက အရေးကြီးသည့်ကိစ္စဖြစ်၍ သူ၏မိသားစုကို အသိပေးရန် ဝမ်မင်အား သူမ ပြောခဲ့သည်။

နေ့လယ်စာစားပြီးနောက် ကျန်းဟန်သည် လုံချန်ခရိုင်ရှိ အမျိုးသားလုံခြုံရေးအဂျင်စီဌာနချုပ်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

ပထမထပ်သို့ ရောက်သည့်အခါ ညှော့ကြိုမိန်းကလေးက ကျန်းဟန်ကို အူကြောင်ကြောင် ကြည့်နေသည်။ "ဒါရိုက်တာ

ကျန်း ဒါရိုက်တာလဲ့က ရှင့်ကို ရတနာ့စံအိမ်မှာ စောင့်နေပါတယ်”

ရက်အနည်းငယ်အတွင်း ကာကွယ်သူကျန်းအစား ဒါရိုက်တာကျန်းဟန်ဟူ၍ ပြောင်းခေါ်ရမည်ဟု သူမ မမျှော်လင့်ထားခဲ့ချေ။

ထို့ပြင် ချောမောသည့်ဒါရိုက်တာကျန်းက ဤနေရာသို့ အကြိမ်အနည်းငယ်သာ လာဖူးသည်။

လဲ့ထျန်းနန်နှင့် တွေ့ဆုံပြီးနောက် ကျန်းဟန်က အခြေခံတည်ဆောက်ခြင်းဆေးလုံးကို ထုတ်ယူလိုက်သည်။

လဲ့ထျန်း သေချာကြည့်လိုက်ပြီး သူ၏မျက်လုံးများ တောက်ပလာသည်။ "အရမ်းကောင်းတယ်။ အမျိုးသားလုံခြုံရေးအေဂျင်စီမှာ နောက်ထပ် သိုင်းပညာရှင်တစ်ဦးရလာဖို့ ဒီဟာက ကူညီပေးနိုင်တယ်။ ဒါကို ရတနာ့စံအိမ်မှာ တန်းပြီး ထည့်ထားလိုက်မယ်။ သူ့ရဲ့ဈေးက အမှတ် ၄၀၀,၀၀၀ ပဲ”

"ငါ့ကို ဟင်းလင်းပြင်ကျောက်တုံးပေးပါ"

"ဘာလို့ အလျင်လိုနေတာလဲ" လဲ့ထျန်းနန်က နှုတ်ခမ်းများ တွန့်ကွေးလိုက်သည်။

သူ အတွင်းဘက်ဆုံးသို့ လျှောက်သွားလိုက်ပြီး အမှတ်သန်းချီ၍ တန်သည့် ကောင်းကင်အဆင့်ရတနာ သုံးခုကို ကြည့်လိုက်ရင်း လဲ့ထျန်းနန် သက်ပြင်းချလိုက်သည်။

ဤရတနာသုံးခုသည် ရတနာစံအိမ်တွင် ငါးနှစ်ကျော်ကြာအောင် ရှိနေခဲ့သည်။ ကျန်းဟန်ရောက်လာပြီးကတည်းက သူတို့ထဲက တစ်ဝက်လောက် ပျောက်သွားရသည်။

နောက်ဆုံးတွင် သူ ဟင်းလင်းပြင်ကျောက်တုံးအား နဂါးခွင်းထားဖြင့် တစ်ဝက်ဖြတ်လိုက်ပြီး နှစ်လက်မအရွယ်သာရှိတော့သည်။ သို့သော် ၎င်းက ကျန်းဟန်အတွက် လုံလောက်သည်။

"ငါသွားပြီ" ကျန်းဟန်က ယူပြီးသည်နှင့် မဆိုင်းမတွ ပြောလိုက်သည်။

"မင်းဘာလို့ ဒီလောက် အလျင်လိုနေတာလဲ" လဲ့ထျန်းနန်က သူ့နောက်မှ မကျေမနပ်ပြောသည်။

ငါက သူ့ကိုစောင့်ဖို့ ဒီကိုသက်သက်လာခဲ့တာ။ ဒါပေမယ့် သူက ငါနဲ့ ခဏလေးတောင်စကားမပြောဘူး...

"ငါ့သမီးကို ဂရုစိုက်ဖို့ ပြန်ရမယ်" ကျန်းဟန်၏အသံက အဝေးမှ ထွက်ပေါ်လာသည်။

လဲ့ထျန်းနန် ပြုံးကာ ခေါင်းယမ်းလိုက်သည်။

အမျိုးသားလုံခြုံရေးအေဂျင်စီမှ ထွက်လာပြီး ကားပေါ်တက်ပြီးနောက်တွင် ကျန်းဟန်က ကားကိုစက်မနှိုးသေးဘဲ ကာကွယ်သူလန်အား ဖုန်းခေါ်လိုက်သည်။

"ရတနာစံအိမ်မှာ အခြေခံတည်ဆောက်ခြင်းဆေးလုံးလို့ခေါ်တဲ့ ပစ္စည်းအသစ်တစ်ခုရှိတယ်။ အဲဒီဆေးလုံးက

ကောင်းကင်အဆင့်သိုင်းပညာရှင်ကို ဝူတာအိုဂရန်းမာစတာ အဆင့်ထိ တိုက်ရိုက်တက်ရောက်စေနိုင်တယ်”

"ဟူး...”

"မင်း တကယ်ပြောနေတာလား” ကာကွယ်သူလန်က တုန်ယင်နေသည့်အသံဖြင့် မေးသည်။

"ဟုတ်တယ်” ကျန်းဟန်က ပြန်ဖြေပြီး ဖုန်းချလိုက်သည်။

"အကူညီနည်းနည်းပေးရင် များများပြန်လာတာ။ အပြန်အလှန်ပဲ” ၎င်းက ကျင့်ကြံခြင်းကမ္ဘာတွင် ကျန်းဟန်၏နိယာမဖြစ်သည်။

ကျန်းဟန်သည် ကာကွယ်သူလန်က သူ့အား အလိုအပ် အဆုံးအချိန်တွင် အမှတ် ၅၀,၀၀၀ ချေးပေးခဲ့သည်ကို အမြဲတမ်းမှတ်ထားခဲ့သည်။

ထို့ကြောင့်....

ဖုန်းချလိုက်ပြီးနောက် ကာကွယ်သူလန်သည် အက်ပ်ကို ဖွင့်ကာ အမြန်ရှာလိုက်သည်။ အက်ပ်ကို တစ်မိနစ်လောက် ရီဖရက်ရှ်လုပ်ပြီးနောက် အခြေခံတည်ဆောက်ခြင်း ဆေးလုံး၏အချက်အလက်ကို တွေ့လိုက်ရသည်။ သူတွေ့တွေ့ချင်းပင် မဆိုင်းမတွ လဲလှယ်ရန် ရွေးချယ်လိုက်သ်ည။

ဤအရာက သူနှစ်အတော်ကြာ စုဆောင်းထားသည့် အမှတ်များဖြစ်ပြီး မူလက နဂါးခွင်းခေါးနှင့် လဲလိုခဲ့သည်။ သို့သော် ၎င်းက ဝူတာအိုဂရန်းမာစတာနှင့် မယှဉ်နိုင်ချေ။

ဂရန်းမာစတာ၏ခွန်အားက အခွင့်အလမ်းနှင့် ရတနာများကို ပိုမိုရရှိလာနိုင်စေသည်။ ကာကွယ်သူလန်သည် ငတုံးမဟုတ်သရွေ့ ဘယ်ဟာကိုရွေးရမလဲ သူသိလေသည်။

ထို့ကြောင့် အခြေခံတည်ဆောက်ခြင်းဆေးလုံးက ပေါ်လာပြီး မကြာမီပင် ပျောက်ကွယ်သွားကာ ပင်လယ်ထဲက ရေစက်ကလေးကဲ့သို့ အက်ပ်ထဲတွင် စက္ကန့်ပိုင်းသာ ဖျက်ခနဲ လက်သွားခဲ့သည်။

ကျန်းဟန်က ကားကိုစက်နှိုးပြီး စားသောက်ဆိုင်သို့ တန်း၍ မောင်းသွားသည်။ ထိုနောက် အခြားသူများကို လဆန်းတောင်သို့ ခေါ်သွား၏။

သန်ဘက်ခါ အယ်လ်ဘမ်ထွက်ရှိရန်မှလွဲ၍ လက်တလော တွင် ဇီယန် လုပ်စရာမရှိသေးသဖြင့် ကောင်းကောင်းအနားယူ နေခဲ့သည်။ တကယ်တမ်းတွင် ဤရက်များက သူမနှင့်ကျန်း ဟန်၏ ဟန်းနီးမွန်းလိုပင်။

လဆန်းတောင်တွင် ကျန်းဟန်သည် အရင်လိုပင် မုန့်မုန့် နှင့် ခဏလောက်ကစားပြီး ယန်မိုးကြိုးသစ်ပင်ဆီသွားကာ သူ၏အကျီအိတ်ကပ်ထဲမှ ကတ် ၁၈ ခုလုံးကို ဆင့်ခေါ်ကာ ဒြပ်စင်ငါးမျိုးဆေးမီးဖိုထဲသို့ ပုံသန်းခိုင်းလိုက်သည်။

ပထမဆုံးသန့်စင်မည့်အရာမှာ ပင်လယ်ကြမ်းပြင်ရှိ စိတ်ဝိ ညာဉ်မြေကွက်မှ စုပ်ယူလာခဲ့သော ရေနဂါး၏ဝိညာဉ်ဖြစ်သည်။

ထိုနောက် သူ၏စွေ့စပ်လက်ဆောင်အဖြစ် သိုလှောင် လက်စွပ်ကို သန့်စင်မည်ဖြစ်သည်။

-အခန်း(၄၂၅-ခ) ပြီး

## အခန်း(၄၂၆-က) လီကျန်း(၁)

ကတ်များသည် ဒြပ်စင်ငါးမျိုးမီးဖိုထဲသို့ ကျဆင်းသွားပြီး နောက် မီးကျောက်က စတင်တောက်လောင်လာပြီး ကျန်းဟန်၏မျက်လုံးများက အဆက်မပြတ် တောက်ပလာခဲ့သည်။

ဂရန်းမာစတာအဆင့်ရှိ ရေနဂါးဝိညာဉ်အား သန့်စင်ရန် စိတ်ဝိညာဉ်အာရုံ၏ပူပေါင်းမှုကို လိုအပ်သော်လည်း ဝိညာဉ်မှာ သန့်စင်ပြီး အသိစိတ်ကင်းမဲ့နေသည့်အတွက် သန့်စင်ရ လွယ်ကူခဲ့သည်။

ဒြပ်စင်ငါးမျိုးမီးဖိုထဲတွင် ကျန် ၁၇ ကတ်က ရေနဂါးဝိညာဉ်ပါရှိသော ကတ်၏ပတ်ပတ်လည်တွင် အစီအရင်တစ်ခု ဖွဲ့စည်းထားသည်။ ကတ်များက ပိုချည်မျှင်များသဖွယ် ချိတ်ဆက်နေပြီး နဂါးဝိညာဉ်ရှိရာ ကတ်ကို အစီအရင်၏အလယ်ဗဟိုတွင် အဆက်မပြတ် သန့်စင်နေသည်။

"ဝုန်း"

"ဂါး"

ရေနဂါးဝိညာဉ်သည် စာရွက်ကိုချိုးဖြတ်ကာ ထွက်ပြေးချင်နေသကဲ့သို့ ကတ်အတွင်းမှ ဟိန်းဟောင်နေသော်လည်း ချင်မင်စည်းတံဆိပ်ကို မဖျက်ဆီးနိုင်ချေ။

ရေနဂါးဝိညာဉ်၏အော်သံကို ကြားလိုက်ရသဖြင့် တောင်နောက်ဘက်တွင် မုန့်မုန့်နှင့်ကစားနေသည့် ရှောင်ပေးသည် အသံလာရာဆီသို့ လှည့်ကြည့်လိုက်သည်။

ထိုနောက် သူသည် တောင်ထိပ်ကို မော့ကြည့်လိုက်၏။

ဘာဖြစ်တာလဲ...

ရှောင်ပေးသည် သံသယစိတ်ဖြင့် ခေါင်းယမ်းလိုက်ပြီး မုန့်မုန့်နှင့် ဆက်၍ကစားနေသည်။

အချိန်များက တစ်စက္ကန့်ပြီးတစ်စက္ကန့် ကုန်ဆုံးသွားသည်။

တစ်နာရီကြာပြီးနောက် ကျန်းဟန်၏မျက်လုံးများမှ အလင်းရောင်တစ်ခု ဖြာထွက်လာသည်။

ဒြပ်စင်ငါးခုမီးဖိုထဲတွင် အစီအရင်ကတ် ၁၇ ကတ်သည် အဆက်မပြတ် လှုပ်ခါလာသည်။

"ဝုစ်”

ကတ်များကြားရှိ ပိုးချည်မျှည်များမှာ ပြတ်တောက်သွားသော်လည်း ကတ်များကြားရှိ ချိတ်ဆက်မှုက ပိုမိုအားကောင်းလာသည်။ အလယ်ရှိ ရေနဂါးဝိဉာဉ်ရှိသော ကတ်ပြားသည် ရုတ်တရက် တောက်ပလာပြီး ပင်လယ်ထဲမှာကဲ့သို့ပင် ကတ်ပတ်ပတ်လည်၌ လှိုင်းလုံးများ တက်လာသည်။

ရုတ်တရက် ကြီးမားသည့် လှိုင်းလုံးကြီးများကို စီးလာသကဲ့သို့ ရက်စက်ကြမ်းကြုတ်သည့် နဂါးတစ်ကောင် ပင်လယ်ထဲမှ ပျံထွက်လာသည်။

ထိုနောက် လှိုင်းလုံးများနှင့် နဂါးသည် ကတ်ထဲတွင် ပျောက်ကွယ်သွားကာ ပင်လယ်ရေနှင့် ရေနဂါးကြီး၏မှိန်ဖျော့ဖျော့ပုံစံသာ ကျန်ရှိနေခဲ့သည်။

"ဝှစ်"

ရေနဂါးကတ်မှ ပိုးချည်မျှင် ၁၇ ခု ဖြာထွက်လာပြီး ၎င်းအား အခြားကတ်များနှင့် ချိတ်ဆက်သွားသည်။ ၎င်းက သန်းများကိုအဆင့်မြင့်တင်ခြင်း ပြီးဆုံးသွားပြီဖြစ်ကြောင်း ပြသနေသည်။

ပထမအဆင့်အလယ်အလတ်စိတ်ဝိညာဉ်ရတနာမှ ပထမအဆင့် ထိပ်တန်းစိတ်ဝိညာဉ်ရတနာ၊ ဒုတိယအဆင့် အလယ်အလတ်စိတ်ဝိညာဉ်ရတနာမှ ဒုတိယအဆင့် ထိပ်တန်းစိတ်ဝိညာဉ်ရတနာ။

"မဆိုးပါဘူး" ကျန်းဟန်က ရေရွတ်လိုက်ပြီး ကတ် ၁၇ ကတ်ကို မီးဖိုထဲမှ တစ်ခုချင်း ပျံထွက်လာစေကာ သူ၏အိတ်ကတ်ထဲ ပြန်ဝင်သွားစေသည်။ သူ၏လက်ထဲတွင် ရေနဂါးဝိညာ

ည်ပါရှိသည့် ကိတ်တစ်ခုသာ ကျန်ရှိသည်။ ထိုနောက် ကျန်းဟန်က စိတ်ဝိညာဉ်အာရုံဖြင့် အမိန့်တစ်ခု ပေးလိုက်သည်။

"ကလန့် လကန့်"

ကတ်သည် ကျန်းဟန်၏လက်ထဲ၌ ပင်လယ်ရေများ ထုတ်လွှတ်လာပြီး ရေနဂါးဝိညာဉ်သည် သူ၏လက်တစ်ဝိုင်တွင် လှည့်ပတ်လာသည်။

တကယ်တမ်းတွင် ဤအရာများက တကယ်ပင်လယ်ရေနှင့် ရေနဂါးမဟုတ်သော်လည်း စွမ်းအင်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သို့သော် ကျန်းဟန်သည် ဤလက်နက်၏လုပ်ဆောင်ချက်တစ်ခုဖြစ်သည့် ပြင်းထန်သည့်တိုက်ခိုက်မှုတစ်ခုကို ထုတ်ဖော်ရန် စွမ်းအင်အနည်းငယ်မျှသာ အသုံးပြုရတော့သည်။

"လက်စွပ်ကို သန့်စင်ဖို့အချိန်ကျပြီ" ကျန်းဟန်က မျက်လုံးများ ကျဉ်းမြောင်းကာ ပြုံးလိုက်သည်။

အခြေခံတည်ဆောက်ခြင်းဆေးလုံး ပြုလုပ်စဉ်ကထက်ပင် သူ၏စိတ်အခြေအနေမှာ ပို၍ ကောင်းနေသည်။

သူ၏အိတ်ထဲမှ ဟင်းလင်းပြင်ကျောက်တုံးကို ထုတ်ယူပြီး ဒြပ်စင်ငါးမျိုးမီးဖိုထဲသို့ ပျံသန်းသွားအောင် လုပ်လိုက်ပြီး စတင်သန့်စင်သည်။

လက်မအရွယ်ရှိ ကျောက်တုံးကို နှစ်ပိုင်းခွဲထားပြီး ကျန်းဟန်၏သန့်စင်မှုအောက်တွင် အဆက်မပြတ်ပေါင်းစည်းနေသည်။

လက်စွပ်များသည် ကာတီရာ၏ခလုတ်လက်စွပ်နှင့်ဆင်တူပြီး ရိုးရှင်းသည့်ပုံစံဖြစ်သည်။ သို့သော် ဟင်းလင်းပြင်ကျောက်တုံးသည် အနက်ရောင်ဖြစ်သောကြောင့် သန့်စင်ခြင်းလုပ်ငန်းစဉ်မှာ ပို၍ရှုပ်ထွေးသည်။

လက်စွပ်နှစ်ခုစလုံးသည် ကြည်လင်တောက်ပနေပြီး တဖြည်းဖြည်းနှင့် အလယ်ဗဟိုတွင် အနက်ရှိုင်းဆုံးသို့ရောက်ရှိ

သွားသော မှင်အရိပ်တစ်ခုရှိနေသည်။ လက်စွပ်တစ်ခုလုံးသည် ကျောက်စိမ်းကဲ့သို့ ဝိုင်းစက် ချောမွေ့ကာ ဆွဲဆောင်မှုရှိသည်။

"ဘာထည့်ရင်ကောင်းမလဲ။ တရုတ်စာလုံးထည့်ရမလား"

ခဏအကြာတွင် ကျန်းဟန်သည် အကြံကောင်းတစ်ခု ရလာပြီး သူ၏မျက်လုံးများ တောက်ပသွားသည်။

သူ၏ထိန်းချုပ်မှုအောက်တွင် လက်စွပ်နှစ်ကွင်းတွင် စာလုံးအနည်းငယ် ပေါ်လာသည်။

“Z love Z”

တရုတ်ပင်ယင်းစာလုံးပေါင်းအရ ဇီ(Zi) နှင့် ကျန်း(Zhang) နှစ်ခုစလုံး၏ အသံထွက်ကို Z ဖြင့် စသည်။ သို့သော် အက္ခရာနှစ်ခုမှာ လိုက်ဖက်မှုမရှိသည့်အတွက် နားလည်မှုလွဲနိုင်၏။ ထို့ကြောင့် ကျန်းဟန်က ၎င်း Z နှစ်ခု ကြားတွင် "ဇီယန် ချစ်သော ကျန်းဟန်” သို့မဟုတ် "ကျန်းဟန်

ချစ်သော ဇီယန်” ဟူ၍ ဖတ်နိုင်သည့် love ဟူသည့် စာလုံးဖြင့် ချိတ်ဆက်လိုက်သည်။

ကျန်းဟန်သည် သူ၏ဒီဇိုင်းကို ကျေနပ်သွားပြီး ၎င်းကို လက်စွပ်ပေါ်တွင် ရေးထွင်းလိုက်သည်။

ထိုနောက် လက်စွပ်နှစ်ကွင်းက ဒြပ်စင်ငါးမျိုးဆေးမီးဖိုထဲမှ ပျံထွက်လာပြီး ကျန်းဟန်၏လက်ဖဝါးပေါ်သို့ ကျဆင်းလာသည်။

ကျန်းဟန်သည် သူ၏စိတ်ဝိညာဉ်အာရုံဖြင့် လက်စွပ်များကို ကြည့်ရှုလိုက်သည်။ လက်စွပ်တစ်ခုစီတွင် ၃ ကုဗမီတာ အကျယ်ရှိကာ ၎င်းက အတော်လေးသေးငယ်သော်လည်း လက်ရှိအချိန်အတွက်တော့ လုံလောက်ပေသည်။

ကျန်းဟန်သည် လက်စွပ်ကို ချက်ချင်းအသုံးမပြုဘဲ သူတို့ စေ့စပ်သည့်အချိန်တွင် ဇီယန်အား လက်ဆောင်ပေးရန် ရည်ရွယ်ကာ အိတ်ကပ်ထဲ ထည့်ထားလိုက်သည်။

ကျန်းဟန် နာရီကို တစ်ချက်ကြည့်လိုက်၏။ ငါးနာရီထိုးခါနီးပြီဖြစ်၍ မုန့်မုန့်နှင့် ခဏလောက်ဆော့ကစားရန် အိမ်မွေးတိရစ္ဆာန်ဧရိယာသို့ သွားလိုက်သည်။

ငါးနာရီခွဲတွင် ညစာပြင်ဆင်ရန်အတွက် စားသောက်ဆိုင်သို့ ပြန်လာခဲ့ကြသည်။

-အပိုင်း(၁၂) အခန်း(၄၂၆-က)ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၁၃)] အခန်း(၄၂၆-ခ) လီကျန်း(၂)

ပုံမှန်အတိုင်းပင် အဝေးမှလာသည့် သူဌေးကြီးများအပါအဝင် စားသုံးသူများမှာ တစ်ယောက်ပြီးတစ်ယောက်ရောက်လာကြသည်။ အစပိုင်းတွင် သူတို့၌ အခြားရည်ရွယ်ချက်များရှိကြသော်လည်း ယခုတော့... အရသာရှိသည့်အစားအသောက်များ၏ဆွဲဆောင်မှုက ဤ

စားသောက်ဆိုင်ငယ်လေးသို့ လာရောက်ရသည့်အကြောင်း အရင်းဖြစ်လာခဲ့လေတော့သည်။ မန်ဘာကတ်မရှိသူများမှာ ဗီအိုင်ပီအစားအသောက်များကို မြည်းစမ်းချင်သော်လည်း မန်ဘာကတ်ကို လေလံတင်မည့်အချိန် စောင့်ရုံသာ တတ်နိုင်ကြသည်။

တစ်ချိန်တည်းမှာပင် ထိုသူဌေးကြီးများနှင့် အဆင့်အတန်းမြင့်ပုဂ္ဂိုလ်ကြီးများ ရောက်ရှိလာခြင်းက အခွင့်အရေးများရှာဖွေရန် လာရောက်ကြသည့် စားသုံးသူများကို ပို၍ဆွဲဆောင်ခဲ့ပြီး ၎င်းက စားသောက်ဆိုင်၏နောက်ထပ် ထူးခြားသည့်ဝိသေသလက္ခဏာတစ်ခုဖြစ်လာသည်။

သူဌေးကြီးတစ်ယောက်၏ချီးမွမ်းမှုကို ခံရလောက်အောင်ကံကောင်းခဲ့ပါက သူတို့ အလုပ်ကောင်းကောင်းရပေလိမ့်မည်။

ရလဒ်အနေဖြင့် စားသောက်ဆိုင်သို့ လာရောက်စားသုံးသူပိုမိုများပြားလာပြီး မကြာမီတွင် လူ ၅၀ ၆၀ တန်းစီနေသည့်လူတန်းရှည်ကြီးက အခြား စားသောက်ဆိုင်များကို မနာလို

အားကျဖြစ်စေသည်။ အထူးသဖြင့် ဖိမ်ခံကားများကိုမောင်းနှင်သည့်လူများစွာကို တွေ့ရသည့်အခါ ပို၍ပင် မနာလိုအားကျကြလေသည်။ သို့သော် သူတို့ သက်ပြင်းချရုံကလွဲပြီး ဘာမှမတတ်နိုင်ချေ။

သူက တကယ့် ပါရမီရှင်တစ်ယောက်ပဲ...

ညစာစားပြီးနောက် ကျောက်ဖုန်းသည် ရှုယုံ၊ အားဟူတို့နှင့်အတူ စားသောက်ဆိုင်မှ ပြန်လာခဲ့ပြီး လုံချန်ခရိုင်သို့ ရဟတ်ယာဉ်နှစ်စင်းဝယ်ယူရန် သွားရောက်ညှိနှိုင်းသည်။

အခြားတစ်ဖက်တွင်...

ခုနှစ်နာရီထိုးခန့်၌ ပင်လယ်ကမ်းခြေပန်းခြံတွင်...

အားလုံးပျော်ရွှင်နေကြသည်ကိုမြင်တော့ ပိုင်မင်က လက်ခုပ်တီးကာ ပြောသည်။ "ညစာစားဖို့ ပင်လယ်ကမ်းခြေကလပ်ကို အရင်သွားရအောင်။ ညပိုင်းကျရင် တခြားအစီအစဉ်တွေဆက်လုပ်ကြမယ်"

"သွားကြမယ်" ယွမ်လဲ့၏အခန်းဖော်များမှာ ရွှင်မြူးနေကြသည်။

ပိုင်မင်နှင့် ကောင်းမွန်သည့်ဆက်ဆံရေးရှိခြင်းက သူတို့အား မည်မျှကုန်ကျမည်ကို စိုးရိမ်စလိုမလိုဘဲ အားလပ်ချိန်များကို ရရှိစေသည်။ တနည်းအားဖြင့် အခြားသူများက ညှော့ခံပေးခြင်းက ကောင်းမွန်ပေသည်။

ပင်းဟိုင်ကလပ်သည် ပါတီလုပ်ရန်အတွက် နေရာကောင်းမွန်ပြီး ညှော့သည်များစွာရှိသည်။ ၎င်းက သီးသန့်ကလပ်မဟုတ်သောကြောင့် လူတိုင်း ဤနေရာတွင် ချုပ်တည်းမှုမရှိဘဲ ပျော်ရွှင်နိုင်သည်။

ကလပ်၏အဝင်ဝတွင် ယွမ်လဲ့က မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် ပြုံးကာ ပြောသည်။ "ငါးလွှာက အခန်း ၀၀၆ ကို တန်းသွားကြရအောင်။ အစ်ကိုမင်က အဲဒီအခန်းကို စီစဉ်ထားတယ်"

"အစ်ကိုမင်က အရမ်းမိုက်တာပဲဟ"

"ငါးထပ်မှာ တစ်ခန်းကို ယွမ် ၈၀၀၀ ကျော် ကုန်ကျတယ်မလား"

"အစ်ကိုမင်ရဲ့အဆင့်အတန်းနဲ့ဆိုရင် သူက အဆင့်မြင့်အခန်းမှာ ပျော်သင့်တာပေါ့"

ယွမ်လဲ့၏အခန်းဖော်များက ပြုံးကာ ပြောသည်။

လျှိုရှားရှားနှင့် အခြားမိန်းကလေးများက ပိုင်မင်အား မသိစိတ်အရ ကြည့်လိုက်ကြသည်။

၎င်းက ပိုင်မင်ကို ကျေနပ်အားရစေသည်။

ယွမ်လဲ့က လေ့ကျင့်ပေးသင့်တဲ့ နောက်လိုက်ကောင်းတစ်ယောက်ပဲ...

ပိုင်မင်သည် သီးသန့်ခန်းကို လုံးဝစီစဉ်ထားခြင်းမရှိသည့်အပြင် သူက ညပါတီကို ပျော်ရွှင်ရန်သာ လာခြင်းဖြစ်သည်။ ယွမ်လဲ့က အခန်းကို အကုန်အကျအော်ဒါမှာခဲ့ပြီး ပိုင်မင်အား အမည်ခံပေးလိုက်သည်။ တော်လိုက်တဲ့ ဖားယားမှုပင်။

သူတို့ ငါးလွှာရှိ အခန်း ၀၀၆ သို့ ဓာတ်လှေကားဖြင့် တန်း၍ တက်ခဲ့ကြသည်။ အခန်းမှာ ၄၀ စတုရန်းမီတာရှိပြီး ခမ်းနားစွာ အလှဆင်ထားသည်။

စားပွဲဝိုင်းတစ်ခုတွင်ထိုင်လိုက်ကြပြီး ဝိတ်တာများက သောက်စရာများနှင့် ဟင်းပွဲများ တစ်ခုပြီးတစ်ခု လာချ ပေးသည်။

ဟင်းပွဲများအားလုံးချပေးပြီးနောက် အခြားစားပွဲထိုးတစ် ဦးက ၁၆ လက်မအရွယ် သုံးထပ်ကိတ်မုန့်တစ်ခုပါသည့် စားပွဲ ကို အခန်းထဲသို့ တွန်းလာခဲ့သည်။

"မစ္စတာယွမ် ဒါက ကလပ်ကပေးတဲ့ မွေးနေ့ကိတ်ပါ။ မွေးနေ့မှာ ပျော်ရွှင်ပါစေ။ သုံးဆောင်ကြပါရှင်” စားပွဲထိုး မိန်းကလေးက ပြုံးကာ ပြောပြီး သူမ၏လုပ်ဖော်ကိုင်ဖက်များ နှင့်အတူ ကိတ်မုန့်အား စားပွဲအလယ်တွင် တင်လိုက်သည်။

"ကျေးဇူးတင်ပါတယ်” ယွမ်လဲ့က ပြုံးကာ ပြန်ဖြေသည်။

ကိတ်မုန့်ချပေးပြီးသည့်အခါ စားပွဲထိုးများအားလုံး အခန်းထဲမှ ပြန်ထွက်သွားကြသည်။

"အရင်ဆုံး ဆုတောင်းပေးကြတာပေါ့။ ဒီနေ့ သူငယ်ချင်းအသစ်တွေနဲ့ဆုံရတာ ဝမ်းမြောက်စရာပါပဲ။ ရှောင်လှဲ့ကို မွေးနေ့ဆုတောင်းပေးလိုက်ကြရအောင်"

"မွေးနေ့မှာ ပျော်ရွှင်ပါစေ" အားလုံးက ဝမ်လှဲ့အား ဂုဏ်ပြုကြပြီး သူတို့၏ဘီယာခွက်များကို သောက်လိုက်ကြသည်။

ဇီရှီးယာနှင့် ယုဝေတို့လည်း ယဉ်ကျေးသမှုဖြင့် အနည်းငယ်သော်ကလိုက်ကြသည်။ ဇီရှီးယာသည် ဘီယာ၏အရသာကို မကြိုက်သော်လည်း ၎င်းကို သည်းခံ၍သောက်ခဲ့သည်။

သူမသည် တက္ကသိုလ်ကျောင်းသူဘဝ အတွေ့အကြုံတိုင်းကို မြတ်နိုးသည်။

ယုဝေက အလွန်အတွေ့အကြုံရှိပြီး အတော်သောက်နိုင်သည်။ သူမ၏အမြင်တွင် ဘီယာက ရေနှင့်မခြားပေ။

"ဖယောင်းတိုင်မှုတ်ပြီး အရင်ဆုတောင်းလိုက်ပါလား" လျို့ရှားရှားက အကြံပြုသည်။

"အိုကေ" ယွမ်လဲ့ပြုံးလိုက်၏။ အခြားသူများက ဖယောင်းတိုင်ကို မီးညှိလိုက်ကြပြီး ထိုနောက် မီးမှုတ်လိုက်သည်။

ပုံမှန်အတိုင်း မွေးနေ့ဆုတောင်းပြုပြီးနောက် စတင်စားသောက်ကြ၏။

နာရီဝက်ခန့်ကြသည့်အခါ လူတိုင်း အနည်းနဲ့အများ မူးလာကြသည်။ လျို့ရှားရှားအပါအဝင် မိန်းကလေးသုံးယောက်၏မျက်နှာများမှာ အနည်းငယ် နီမြန်းလာပြီး ယွမ်လဲ့၏အခန်းဖော်နှစ်ယောက်မှာလည်း အလွန်မူးနေပုံပေါ်သည်။ သို့သော် အခန်းထဲရှိ အခြားသူများမှာတော့ သိပ်ပြီး မူးပုံမပြချေ။

"ရှီးယာ အနေဝေးအချစ်(LDRS)ကို ဘယ်လိုမြင်လဲ" ပိုင်မင်က ရုတ်တရက် ပြုံးကာမေးသည်။

"ကျွန်မ စိတ်မဝင်စားဘူး"

"မင်း အရင်က ရည်းစားမထားဖူးဘူးလား။ ယေဘုယျအားဖြင့် လူတွေက ချစ်ဖူးတဲ့လူတွေဟာ အနေဝေးအချစ်ကို ကြုံဖူးကြတယ်လေ" ပိုင်မင်က အံ့သြစွာမေးသည်။

"မထားဖူးဘူး" ဇီရှီးယာက ခေါင်းယမ်းသည်။

"တကယ်လား" ပိုင်မင် ထိုကောင်မလေးအား ပို စိတ်ဝင်စားသွား၏။

သို့သော် တစ်ခါမှ မချစ်ဖူးသည့် ဇီရှီးယာကို လိုက်ရန်မှာ ပို၍ခက်ခဲပုံပေါ်သည်။

"ရှိမန်တစ်ဆန်တဲ့အချစ်ဇာတ်လမ်းမရှိဘဲ တက္ကသိုလ်ကျောင်းသားဘဝက မပြည့်စုံဘူးတဲ့။ ရှီးယာ မင်း စမ်းကြည့်သင့်တယ်" ပိုင်မင်က ပြုံးကာ ပြောသည်။

"စမ်းကြည့်ရမယ်လား" ဇီရှီးယာက ပိုင်မင်အား ပြုံး၍ ကြည့်လိုက်ပြီး "ဖြစ်နိုင်တာက ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ကံကြမ္မာကို လက်ခံရမှာပဲလေ"

သူမအား ဆွဲဆောင်နိုင်သည့် ယောက်ျားတစ်ယောက်ရှိလျှင် သူမ သူ့အား ချစ်လိုက်ဖို့ စိတ်မရှိ။ သို့သော် သူမရှေ့မှ ယောက်ျားများကိုတော့ လုံးဝ စိတ်မဝင်စားချေ။

ဇီရှီးယာ အေးဆေးတည်ငြိမ်ပြီး ခပ်မိုက်မိုက်ရှိသည့် ကျောက်ဖုန်းကို တွေးမိလိုက်သော်လည်း သူမ၏အကြိုက်ပုံစံ မဟုတ်သေးချေ။ မိန်းကလေးသည် သူမ မည်သူ့ကို ချစ်မိသွားမလဲဆိုသည်ကို သူမကိုယ်တိုင်လည်း သိချင်နေခဲ့၏။

"အစ်ကိုမင် မင်းကလည်း စင်ဂယ် ရှီးယာကလည်း စင်ဂယ်ပဲဆိုတော့။ အခွင့်ကောင်းပဲ။ မင်းတို့က လိုက်ဖက်တယ်" ယွမ်လဲ့က ရယ်မောကာ ပြောသည်။

"ဟုတ်တယ် အစ်ကိုမင်။ မင်း မိန်းမလှလေးရဲ့နှလုံးသားကို သိမ်းဖိုက်ဖို့ အခွင့်အရေးကို ဆုပ်ကိုင်သင့်တယ်"

"သူတိုက လုံးဝပြည့်စုံတဲ့အတွဲပဲ"

ယွမ်လဲ့၏အခန်းဖော်များက စတင်တက်ကြွလာကြသည်။

"မိန်းမလှလေးက ငါ့ကို အခွင့်အရေးပေးမလား မပေးဘူးလားဆိုတဲ့အပေါ် မူတည်တယ်" ပိုင်မင်က ဇီရှီးယာအား အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီး ထိုအကြောင်းအရာကို အဆုံးသတ်လိုက်သည်။ ထိုနောက် အခြားသူများကို ကြည့်ကာ "လာ နောက်ထပ်သောက်ကြစို့။ ယောက်ျားဆိုရင် သောက်ရမယ်။ မိန်းမဆိုရင်တော့ ထပ်မသောက်နဲ့တော့ပေါ့"

ထိုသို့ဖြင့် သူတို့ ထပ်၍ ခွက်ချင်းတိုက်ကာ သောက်ကြပြန်သည်။

"ဂေ့..." ယွမ်လဲ့ မျက်နှာနီရဲလာပြီး လေချဉ်တက်ကာ ထရပ်လိုက်သည်။ "ငါ သန့်စင်ခန်းသွားလိုက်ဦးမယ်"

"အတူတူသွားကြမယ်" ယွမ်လဲ့၏ အခန်းဖော်နှစ်ယောက်နှင့် ပိုင်မင်တို့လည်း ထရပ်ကာ သူနှင့်အတူ ထွက်လာခဲ့ကြသည်။

သုံးမိနစ်ခန့်ကြာတော့ သူတို့ ပြန်လာကြ၏။

ယွမ်လဲ့က ထိုင်ချလိုက်ပြီး ညာလက်ကို လျိုရှားရှား၏ခြေထောက်ပေါ် တိုက်ရိုက်တင်ကာ သူမအား ရှေ့နောက် စတင်ပွတ်သပ်သည်။

လျိုရှားရှားသည် လူအများရှေ့တွင် ဤသို့ဆက်ဆံခံရခြင်းကို နေသားမကျသဖြင့် ယွမ်လဲ့၏နားနားကပ်ကာ ပြောလိုက်သည်။

"ဒီး...ဒီး..."

စားပွဲပေါ်ရှိ ယွမ်လဲ့၏ဖုန်းက မြည်လာသည်။ လျိုရှားရှား လှမ်းကြည့်လိုက်ရာ စခင်ပေါ်ရှိ နာမည်မှာ မြောင်လီ ဖြစ်ကြောင်း တွေ့လိုက်၏။

သိသာစွာပင် ၎င်းက အမျိုးသမီးတစ်ယောက်ဖြစ်သည်။

၎င်းကိုမြင်ပြီးနောက် ယွမ်လဲ့ နှစ်စက္ကန့်လောက် တန့်သွားပြီး သူ၏မျက်လုံးများက အနည်းငယ် မှိတ်တုတ်မှိတ်တုတ်ဖြစ်သွားသည်။ ထိုနောက် ဖုန်းကို ကောက်ကိုင်လိုက်ပြီး ဘယ်ဘက်နားတွင်ကပ်ကာ တိုးတိုးတိတ်တိတ်ပြောသည်။ "ဟဲလို အစ်မလီ အာ... ဟုတ်ကဲ့... ညစာစားနေတာ။ ကျွန်တော်အခန်းဖော်တွေနဲ့ အပြင်မှာ ပါတီလုပ်နေလို့။ ဟမ် အခုတော့ အဆင်မပြေဘူး။ အဲဒါ... ကောင်းပြီ ကျွန်တော် သိပါပြီ"

ဖုန်းချလိုက်ပြီးနောက် ယွမ်လဲ့၏အမူအရာမှာ ပုံမှန်ဖြစ်သော်လည်း သူ၏အာရုံကတော့ ရှိမနေချေ။

လျိုရှားရှားသည် သူ့အား အကြိမ်အနည်းငယ် ကြည့်နေ၏။ သူမ မိန်းမတို့၏ဆဋ္ဌမအာရုံအရ သူသည် မြောင်လီနှင့် အလွန်ရင်းနီးနေသည်ဟု ခံစားရစေသည်။

"ကျေးဇူးပါ အစ်ကိုမင်။ အားလုံးကို ကျေးဇူးပါ။ ငါ တကယ်ပျော်ရပါတယ်။ ချီးယား” ယွမ်လဲ့က ဘီယာခွက်ကို မြှောက်ကာ ပြောသည်။

အားလုံး နောက်တစ်ခွက်သောက်ကြပြီးနောက် ယွမ်လဲ့မှာ အန်တော့မလိုဖြင့် မသက်မသာအမူအရာပြကာ "ငါသောက်တာနည်းနည်းများသွားတယ်။ သန့်စင်ခန်းသွားဖို့လိုနေပြီ”

ထိုနောက် သူ အခြားသူများကို မစောင့်တော့ဘဲ အမြန်ထွက်လာသည်။

"ငါ သူ့ကို သွားပြုစုပေးလိုက်ဦးမယ်” လျိုရှားရှားက မတ်တပ်ရပ်လိုက်၏။

"မလိုပါဘူး။ သူ အဆင်ပြေပါတယ်။ ထိုင်ပြီး သောက်ကြရအောင်လေ” ပိုင်မင်က ပြောသည်။

လျိုရှားရှားက ခေါင်းယမ်းကာ တန်း၍ ထွက်သွား၏။

သူမ၏နောက်ကျောကိုကြည့်ရင်း ပိုင်မင်၏နှုတ်ခမ်းထောင့်များ တွန့်ကွေးသွားသည်။ အကြောင်းမှာ သူယခုလေးတင် မြောင်လီကို မြင်ခဲ့သောကြောင့်ပင်။

"ဒီနေ့ ပျော်စရာတွေများနေမှာတောင် စိုးရတယ်" သူ၏ခန့်မှန်းချက်ကို သူသဘောကျသွားပြီး အခြားသူများနှင့်ဆက်၍ စကားပြောနေခဲ့သည်။

ငါးမိနစ်ခန့်ကြာသော်...

"သူတို့ ဘာလို့ပြန်မလာသေးတာလဲ" ယွမ်လဲ့၏ အကြီးဆုံးအစ်ကိုက စိတ်ရှုပ်ထွေးစွာဖြင့် မေးသည်။

"သူတို့ သန့်စင်ခန်းထဲမှာ...." တတိယအစ်ကိုက ညစ်ညမ်းစွာဖြင့် ရယ်မောလိုက်သည်။

"ငါသွားကြည့်လိုက်မယ်။ ငါလည်း သန့်စင်ခန်းသွားချင်နေတာ" ပဉ္စမအစ်ကိုက တစ်ငုံသောက်ပြီး ထွက်သွားသည်။

တစ်မိနစ်အတွင်းမှာပင် သူ အမြန်ပြန်ပြေးလာ၏။ "ပြဿနာပဲ။ ရှာရှာနဲ့ မိန်းမတစ်ယောက် ရန်ဖြစ်နေကြတယ်"

"ဟမ် ဘယ်သူက ငါ့ညီအစ်မကို အနိုင်ကျင့်ရဲတာလဲ" ယုဝေက သူမ၏တူများကို ချလိုက်ပြီး ဘီယာပုလင်းကို ကောက်ကိုင်လိုက်သည်။

"သွားကြည့်ရအောင်" ပိုင်မင်က ထရပ်ကာ ပြောသည်။

သို့သော် သူတို့ အပြင်ထွက်ခါနီးတွင် အခန်းတံခါးကို ပြင်းထန်စွာ တွန်းဖွင့်ခံလိုက်ရ၏။

လျို့ရှားရှားသည် ဖျော့တော့သည့်မျက်နှာနှင့် သူမ၏ဘယ်ဘက်ပါးပြင်၌ ပန်းရောင်လက်ဝါးရာထင်လျက် ပြေးဝင်လာသည်။

"ယုဝေ ရှီးယာ သွားကြရအောင်" လျို့ရှားရှား ကျယ်လောင်စွာ ပြောလိုက်သည်။

သူမ၏နောက်တွင် ယွမ်လဲ့ ပြေးဝင်လာသည်။ သူ၏မျက နှာတွင်လည်း အနီရောင်အရာတစ်ခုရှိနေသည်။

၎င်းအမှတ်ရာကို လျိုရှာရှာချန်ထားခဲ့ခြင်းဖြစ်သော်လည်း လျိုရှာရှာ၏မျက်နှာမှာ လက်ဝါးရာသည်တော့ မြောင်လီက ရိုက်လိုက်ခြင်းဖြစ်သည်။

"ရှာရှာ ကိုယ်ပြောတာနားထောင်....” ယွမ်လဲ့က လျိုရှား ရှားဆီ ပြေးလာပြီး ပြောသည်။

"ထွက်သွား” လျိုရှားရှားက အေးစက်စွာ ပြောသည်။ သူမ၏စိတ်ထဲတွင် မိန်းမတစ်ယောက်၏စော်ကားခံရမှု မခံချင် အောင်ပြောဆိုခံရမှုများဖြင့် ပြည့်နေသည်။ သူမ မှားယွင်းသည် ဟု ခံစားမိသော်လည်း ပို၍ပင် ဒေါသထွက်မိသည်။

ဇီရှီးယာနှင့် ယုဝေတို့ အိတ်များကို အမြန်ကောက်ယူ လိုက်ကြ၏။ ဇီရှီးယန်သည် ကျောက်ဖုန်းထံ မက်ဆေ့ချ်တစ် စောင်ပို့လိုက်သ်ည။ "ပင်လယ်ကမ်းခြေကလပ်မှာ ကျွန်မတို့ကို လာကြိုပါ”

ယွမ်လဲ့၏မျက်နှာ မည်းမှောင်သွားသည်။

ပိုင်မင်က ဘာဖြစ်ခဲ့လဲ မှန်းဆမိသည်။ သူ စဉ်းစားလိုက်ပြီး "အရင်ပြန်ကြရအောင်" ဟု ပြောလိုက်သည်။

လျိုရှားရှားက အပြင်သို့အရင်ဆုံးထွက်သွားပြီး ပိုင်မင်နှင့်အခြားသူများက နောက်မှလိုက်သွားကြသည်။ သူတို့ ခဏတာ လှေကားစောင့်နေစဉ်တွင် ရှေ့ မလှမ်းမကမ်းရှိ အခန်း ၀၁၁ မှ လူ ၇ ယောက်ထွက်လာသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။

"အဲဒါ သူတို့ပဲ။ သူတို့ကို တားလိုက်စမ်း"

မိတ်ကပ်များထူထဲစွာလိမ်းထားသည့် မြောင်လီက သူတို့အား မြင်သွားသည်။ လျိုရှားရှား၏လက်သည်းများကြောင့် သူမ၏မေးအောက်ညာဘက်တွင် အခြစ်ရာသုံးခုရှိနေပြီး လက်ကိုင်ပုဝါဖြင့် ဖိအုပ်ကိုင်ထားသည်။

မြောင်လီ၏ပတ်ပတ်လည်ရှိ လူခြောက်ယောက်သည် လျင်မြန်စွာ ပြေးလာခဲ့ကြရာ ခုတ်လှေကားရှေ့ရှိလူများ ထိတ်လန့်သွားကြ၏။

သို့သော် ယွမ်လဲ့၏အခန်းဖော် တတိယအစ်ကိုနှင့် ပဥ္စမအစ်ကိုတို့မှာ အရက်မူးနေသောကြောင့် သူတို့အား မကြောက်ရွံ့ချေ။

"ချီးပဲ” သူတို့က ဆဲရေးက အလျင်စလိုပြေးထွက်ရန် ပြင်လိုက်သော်လည်း ပိုင်မင်က သူတို့အား အချိန်မီတားလိုက်သည်။ "ကိုယ့်ကိုယ်ကိုယ်ထိန်းစမ်း” ပိုင်မင်က သူတို့အား စိုက်ကြည့်လိုက်၏။

သူတို့ရပ်လိုက်သည့်အချိန်တွင် လူခြောက်ယောက်က သူတို့အား ဝိုင်းထားလိုက်သည်။

-အပိုင်း(၁၃) အခန်း(၄၂၆-ခ) ပြီး

wunzinnosp

## [စာစဉ်(၃၇) အပိုင်း(၁၄)] အခန်း(၄၂၆-၈) လီကျန်း(၃)

မြောင်လီက တစ်ချက်နှာခေါင်းရှုံ့လိုက်ပြီး "သူတို့ကို ခေါ်လာခဲ့"

"ခဏနေပါဦး" ပိုင်မင်က ရှေ့သို့နှစ်လှမ်းတိုးကာ လျိုရှားရှားနှင့် အခြားသူများရှေ့တွင် ရပ်ပြီး "မြောင်လီ ငါ့သူငယ်ချင်းက အရမ်းမူးနေလို့ပါ။ တစ်ခုခုနားလည်မှုလွဲနေတာရှိရင် သူတို့အမူးပြေတဲ့အထိ စောင့်ပေးပါလား"

"ပိုင်မင်လား" မြောင်လီ အံ့သြသွားပြီး ပြုံးကာ ပြောလိုက်သည်။ "မာစတာပိုင် စိတ်မကောင်းပါဘူး။ ကျွန်မ သဘောမတူနိုင်ဘူး"

"ဟမ်" ပိုင်မင်၏မျက်လုံးများက မြောင်လီအား စိုက်ကြည့်လိုက်ပြီး သူ၏မျက်နှာပေါ်ရှိအပြုံးက တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

ငါက မင်းအစ်ကိုနဲ့ အဆင့်အတန်းချင်းအတူတူပဲ။ ငါ့ကို ဘယ်လိုတောင် ခြိမ်းခြောက်ရဲတာလဲ...

"မြောင်လီ။ မင်းငါ့ကို မသိဘူးလား။ ဒီနေ့ သူတို့ကို ငါခေါ်လာတာ။ ဒါကြောင့် ငါ သူတို့ကို ပြန်ခေါ်သွားပေးရမှာပဲ။ ငါ မင်းအစ်ကိုနဲ့ ပြဿနာမဖြစ်ချင်ဘူး။ နားလည်မှုလွဲတာရှိရင် မနက်ဖြန်မှာ ပြောကြတာပေါ့" ပိုင်မင်က စိတ်မရှည်စွာ ပြောသည်။

သူသည် ဤလူများအား ဘေးကင်းစွာ ပြန်ခေါ်သွားလိုကြောင်း မြင်နိုင်သည်။ သူ့တွင် သူ့ကိုယ်ပိုင်စည်းမျဉ်းရှိကြောင်း ပြသနေ၏။

"ဟားဟားဟား...." မြောင်လီက ရုတ်တရက် ရယ်မောလိုက်ပြီး ပိုင်မင်အား အဓိပ္ပာယ်ပါပါကြည့်လိုက်သည်။ "မာစတာပိုင် ကျွန်မ ရှင့်ကို အထင်မသေးပါဘူး။ ဒါပေမယ့် ကျွန်မအစ်ကိုက အခု မာစတာလီ လီခွန်းနဲ့ အတူသောက်နေတာ။ ကျွန်မ အခုပဲ မာစတာလီကို လူတချို့ခေါ်လာမယ်လို့ ပြောခဲ့

တာ။ ဒါပေမယ့် ရှင်က ဒီလူတွေကို ခေါ်သွားချင်တယ်ပေါ့။ ကောင်းပြီ ကျွန်မ သဘောတူတယ်။ ဒါပေယ့် မာစတာလီ မ ပျော်မရွှင်ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ ပြီးမှ ကျွန်မ ရှင့်ကို သတိမပေးဘူးလို့ အပြစ်မတင်နဲ့"

"ဟမ်" ပိုင်မင် စိတ်ရှုပ်ထွေးသွားသည်။

"ဝှစ်"

ရုတ်တရက် တစ်စုံတစ်ရာကို သူ တွေးမိသွားပြီး သူ၏မျက်နှာမှာ တစ်စက္ကန့်လောက် ဖြူဖျော့သွားကာ သူ၏မျက်လုံးများတွင် ကြောက်ရွံ့မှုများဖြင့် ပြည့်သွားသည်။

"မာစတာလီလား" သူ မထိန်းချုပ်နိုင်ဘဲ အော်လိုက်မိသည်။

"ရှင်သူ့ကို မသိဘူးလား" မြောင်လီ နှာခေါင်းရှုံ့လိုက်သည်။

"ဒါ..." ပိုင်မင် လန့်သွားသည်။

"သွားချင်လား မသွားချင်ဘူးလား ဆုံးဖြတ်ပါ” မြောင်လီက မျက်မှောင်ကြုတ်ပြီး စိတ်မရှည်စွာ ပြောသည်။ သူမ လျှိုရှာရှာကို ခြိမ်းခြောက်မှုဖြင့်ကြည့်လိုက်ရာ မိန်းကလေး၏မျက်နှာ ဖြူဖျော့သွားသည်။

ယခုအချိန်တွင် ကျောင်းသားများသည် မြောင်လီက သူတို့ ရန်စ၍ ရသူမဟုတ်ကြောင်း သိရှိလာကြသည်။

"သူတို့နဲ့ လိုက်သွားရအောင်” ပိုင်မင်က အသက်ပြင်းပြင်း ရှူကာ ပြောလိုက်သည်။

"ဟားဟားဟား...” မြောင်လီက ရယ်မောကာ အခန်း ၀၀၁ သို့ လှည့်ဝင်သွား၏။

သူမ၏ဘော်ဒီဂတ်ခြောက်ယောက်လည်း ကျောင်းသားများ ထွက်ပြေးကြမည်ကို မစိုးရိမ်ဘဲ လိုက်လာကြသည်။ အကြောင်းမှာ သူတို့ ထွက်မပြေးရဲကြောင်း သိနေသောကြောင့် ပင်။

"ဟုး... သွားကြရအောင်” ပိုင်မင်က သက်ပြင်းလေးကြီးချကာ ပြောသည်။ "တခြားနည်းလမ်းမရှိဘူး။ သူတို့ဘာပဲပြောပြော ငါတို့ သည်းခံမှရမယ်။ မဟုတ်ရင် အဲဒီသခင်လေးကို စော်ကားမိတဲ့အတွက် သူတို့ ငါတို့ကို သတ်ပစ်နိုင်တယ်။ ငါ နောက်နေတာ မဟုတ်ဘူး”

ယွမ်လဲ့နှင့် အခြားသူများ၏မျက်နှာမှာ ကြောက်ရွံ့မှုများဖြင့် ပြည့်လာသည်။

သူတို့ မမေးရသေးခင်တွင် ပိုင်မင်က သက်ပြင်းချကာ ရှင်းပြသည်။ "လီမိသားစုကို မင်းတို့ကြားဖူးကြမှာပေါ့။ လီခွန်းက လီကျန်းလုံရဲ့ အငယ်ဆုံးသားပဲ”

"တကယ်လား” အခြားသူများ၏မျက်နှာအမူအရာမှာ ပြောင်းလဲသွားကြပြန်သည်။

ဇီရှီးယာလည်း ထိတ်လန့်သွား၏။

လီကျန်းလုံအကြောင်းကို သူမလည်း ကြားဖူးသည်။ လီမိသားစုသည် ဟောင်ကောင်တွင် နက်ရှိုင်းသည့်အခြေခံအုတ်မြစ်ရှိပြီး အဆင့်အတန်းမြင့်မားကာ ၎င်းတို့၏ပိုင်ဆိုင်မှုနှင့်လွှမ်းမိုးနိုင်စွမ်းက ဇီမိသားစုထက်ပင် ပို၍အားကောင်းသည်။

ရင်ဆိုင်ရမည့် သူစိမ်းက ထိုသို့သော နောက်ခံရှိကြောင်း ကြားလိုက်ရသည့်အတွက် ဇီရှီးယာလည်း စိုးရိမ်သွားသည်။

"ငါတို့ ဘာလုပ်နိုင်မှာလဲ" ယွမ်လဲ့မှာ ထိတ်လန့်စပြုနေပြီး သူ၏အမှားအတွက် အပြစ်ပေးခံရမည်ကို ကြောက်လန့်လာသည်။ လီခွန်းကဲ့သို့ ရက်စက်ကြမ်းကြုတ်သည့်လူတစ်ယောက်အတွက် သူ့အား အပြစ်ပေးခြင်းက ပုရွက်ဆိတ်တစ်ကောင်ကို သတ်လိုက်သလိုပင် ရိုးရှင်းကြောင်း သူသိလေသည်။

"လီခွန်းက ဟောင်ကောင်ရဲ့ဒေသခံသခင်လေးဖြစ်ပြီး သူ့မိသားစုက အရမ်းအင်အားကြီးတယ်။ မင်း…" ပိုင်မင်က

သက်ပြင်းချလိုက်ပြီး "ဒါပေမယ့်... မြောင်ကျန်းက သူ့ရဲ့ အကူအညီနဲ့ မထိုက်တန်တော့ ဒီကိစ္စကို သူဂရုစိုက်မှာမဟုတ်ပါဘူး။ အခန်းထဲဝင်ပြီးရင် မင်းတို့ သတိထားရမယ်။ သခင်လေးလီကို အနှောင့်အယှက်မဖြစ်စေသရွေ့ မင်းတို့ကို သူ ဘာမှလုပ်မှာ မဟုတ်ပါဘူး။ ဘာပဲဖြစ်လာဖြစ်လာ မင်းတို့ သည်းခံရမယ်။ အဲဒါကို မှတ်ထားကြ"

ထိုနောက် ပိုင်မင်သည် အခန်း ၀၀၁ သို့ ဦးဆောင်ဝင်သွားသည်။ သူ၏အသံက တည်ငြိမ်နေသော်လည်း သူ၏လက်များက တုန်ယင်နေပြီး အလွန်ကြောက်ရွံ့နေကြောင်း ထင်ရှားစေသည်။

ကြောက်ရွံ့စိုးထိတ်မှုနှင့်အတူ အခြားသူများလည်း ပိုင်မင်နောက်လိုက်ကာ အခန်း ၀၀၁ သို့ ဝင်သွားကြသည်။

ကျယ်ဝန်းသည့်အခန်းထဲတွင် လူ ရှစ်ယောက် ကိုးယောက် ထိုင်နေကြပြီး လေးငါးယောက်မှာ ဝတ်ကောင်းစားလှ

များဖြင့်ဖြစ်ကာ ခေါင်းဆောင်များဖြစ်ကြောင်း သိသာပေသည်။

အခန်းတွင်းရှိ မြင်ကွင်းကို ရှင်းရှင်းလင်းလင်းမြင်လိုက်ရသည့်အခါ ပိုင်မင်သည် တကယ့်အကောင်ကြီးများ များစွာရှိနေ၍ ပို၍ပင် စိတ်ခံတတ်ကျသွားသည်။

လီခွန်းသည် အတွင်းအကျဆုံးဘေးဘက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသည်။ သူ၏နောက်တွင် အသက် ၂၀ ဝန်းကျင် လူနှစ်ယောက်ရှိ၏။ သူတို့ အမူအရာကင်းမဲ့နေကြသော်လည်း အသစ်ဝင်လာသူများကို အထိန်းအကွပ်မရှိ ကြောက်လန့်စေသည်။

မြောင်ကျန်းသည် လီခွန်းနောက်လိုက်၏ နောက်လိုက်ဖြစ်ကြောင်း ပြသသည့်အနေဖြင့် အပြင်ဘက်တွင် ထိုင်နေသည်။

"ရှောင်လီ အဲဒါသူတို့လား" မြောင်ကျန်းက မေးသည်။

"ဟုတ်တယ်။ ဆံပင်အဝါနဲ့တစ်ယောက် ညီမကို ရိုက်တာ" မြောင်လီက လျို့ရှားရှားကို စိုက်ကြည့်သည်။

"အင်း…" သူ၏ဘေးနားမှလူများကို တစ်ချက်ကြည့်လိုက်ရုံမှလွဲ၍ မြောင်ကျန်း ဘာပြောရမှန်းမသိတော့။

ရိုးရိုးသားသားပြောရလျှင် လီခွန်း၏တည်ရှိမှုက သူ့အား ဖိအားများစွာပေးသည်။ သူ စကားအလွန်အကျွံ့မပြောရဲဘဲ ၎င်းကို ဘယ်လိုဖြေရှင်းရမှန်းမသိတော့။

မူလက မြောင်လီက ၎င်းကို မပြောချင်သဖြင့် သူ တိတ်ဆိတ်နေခဲ့သည်။ သို့သော် ဤအရာအားလုံးက ညာဘက်ရှိ မစ္စတာလော့၏ အကြံဆိုးကြောင့် ဖြစ်လာခြင်းဖြစ်ပြီး ၎င်းက မြောင်ကျန်းကို အလွန်အှရက်ရစေသည်။

သူ မစ္စတာလော့အား စိတ်ထဲမှ ကျိတ်၍ပဲဆဲရေးလိုက်သည်။

မြောင်ကျန်း၏ဘေးနားတွင် ထိုင်နေသည့် သက်လတ်ပိုင်းလူက ခေါင်းကိုအသာယမ်းလိုက်ပြီး "မင်း ကြိုက်သလို ဖြေရှင်းလို့ရတယ်။ ဘာလို့ ငါ့ကို အမြဲတမ်းလာကြည့်နေတာလဲ"

"ဟုတ်ကဲ့" မြောင်ကျန်း ခေါင်းညိတ်လိုက်ပြီး ခဏာစဉ်းစားကာ လျှို့ရှားရှားနှင့် အခြားသူများကို ကြည့်လိုက်သည်။ "ပိုင်မင်ကလွဲရင် မင်းတို့အားလုံး ကိုယ့်ပါးကို တစ်ယောက် အချက် ၂၀ စီရိုက်ကြ။ အခုစတော့"

ယွမ်လဲ့နှင့် အခြားသူများ ကြောက်ရွံ့စွာဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။ သူတို့ စတော့မည့်အချိန်တွင်...

ရုတ်တရက် အတွင်းဘက်ဆုံးရှိ လီခွန်းက ပြောလိုက်သည်။ "ဒီလိုပေါ့ပေါ့ပါးပါးအပြစ်ဒဏ်က ဘာအတွက်လဲ။ မင်းညီမအရိုက်ခံရတော့ သူတို့ကို ဒီလိုမျိုး အပြစ်ပေးတာလား"

"ဝှစ်"

ထိုမှတ်ချက်ကို ကြားလိုက်ရသည်နှင့် အခန်းတွင်းလေထုမှာ လုံး၀ အေးစက်သွားသည်။

"မာစတာလီ။ တောင်းပန်ပါတယ်။ ကျုပ် ပြင်ပြင်းထန်ထန်အပြစ်ပေးလိုက်ရင် ခင်ဗျား လက်ဖက်ရည်သောက်နေတာ အာရုံပျက်သွားမှာ စိုးလို့ပါ” မြောင်ကျန်းက သူ့အား ဖားယားသည်။

"ငါ့ကို ဒီမှာ မရှိသလိုပဲ သဘောထားပါ။ ပုံမှန်အတိုင်းပဲ ဖြေရှင်းလိုက်” လီခွန်းက ဆိုဖာပေါ် မှီလိုက်ပီး လူတိုင်းကို စိတ်ဝင်တစားကြည့်ကာ ပြောသည်။

သူ့အတွက် ဤကိစ္စက ပြပွဲတစ်ခုလိုပင်။

"ဟုတ်ကဲ့” မြောင်ကျန်းက ခေါင်းညိတ်လိုက်ပြီး ဖြူဖျော့နေသည့် ယွမ်လဲ့နှင့် အခြားသူများကို ကြည့်လိုက်သည်။ သူက အေးစက်သည့်အသံဖြင့် ပြောလိုက်သည်။ "သူတို့ ခြေထောက်တွေကို ရိုက်ချိုးလိုက်”

သူ့နောက်တွင် ရပ်နေသည့်လူနှစ်ယောက်က ကျောင်းသားများဆီသို့ လျှောက်သွားသည်။

အခန်းတွင်းရှိ အပူချိန်မှာ သိသိသာသာကျဆင်းသွား၏။

လျိုရှားရှားသည် ယခုအချိန်တွင် အလွန်ကြောက်ရွံ့နေသည်။ ယနေ့ ဒီလောက်ဒုက္ခကြီးရောက်လိမ့်မည်ဟု သူမ မမျှော်လင့်ထားချေ။

ဇီရှီးယာ၏မျက်နှာမှာလည်း ဖြူဖျော့သွားသည်။ ထိုလူနှစ်ယောက် ချဉ်းကပ်လာသည်ကိုမြင်တော့ သူမ အံ့ကိုကြိတ်ကာ ပြောလိုက်သည်။ "ခဏနေပါဦး”

"ဟမ်”

လူတိုင်း ကောင်မလေးအား လှမ်းကြည့်လိုက်ကြသည်။

ဇီရှီးယာက ပြောသည်။ "ကျွန်မက စက်ဘ်ပူ ဇီမိသားစုကပါ။ ဒီနေ့ ကျွန်မတို့အမှားဆိုရင်တောင် ကျွန်မတို့ကို ဒီလိုမျိုး အပြစ်မပေးသင့်ဘူး”

ဇီရှီးယာသည် လီခွန်းကို စိုက်ကြည့်ရင်း ပြောလိုက်သည်။ ဇီမိသားစု၏လွှမ်းမိုးနိုင်စွမ်းကို အားကိုးရန်မှတပါး အခြားရွေးစရာမရှိချေ။

"စက်ာပူ... ဟားဟားဟား... ကောင်မလေး ဒါက ဟောင်ကောင်ပဲ" သက်လတ်ပိုင်းလူက ရယ်မောကာ ပြောသည်။

သို့သော် လီခွန်းက ၎င်းကို စဉ်းစားပြီးနောက် ပို၍စိတ်ဝင်စားစရာကောင်းလာသည်ကို တွေ့လိုက်ရသည်။ "နောက်ဆုံးတော့ အဆင့်အတန်းတစ်ခုရှိတဲ့ မိန်းကလေးတစ်ယောက်ပါလာပြီ။ အရမ်းကောင်းတယ်"

သူက ပြုံးကာ ခေါင်းညိတ်သည်။ "မင်းက ဇီမိသားစုကဆိုတော့ ငါ့ရဲ့အပြစ်ပေးတာကို ခံရဖို့ မင်းက အရည်အချင်းပြည့်မီတယ်။ စိတ်ဝင်စားစရာကောင်းတးယ်။ နောက်ကစားနည်းတစ်ခု စလိုက်ရအောင်။ ငါမင်းကို အခွင့်အရေးတစ်ခုပေးမယ်"

"ဝှစ် ဝှစ် ဝှစ်"

လူတိုင်း၏အကြည့်အောက်တွင် လီခွန်းက ခဏလောက်စဉ်းစားပြီး လက်ခုပ်တီးလိုက်သည်။ "အခု မင်းက ဇီမိသားစုက လာတယ်ဆိုတော့ ငါမင်းကို အချိန် ငါးမိနစ်ပေးမယ်။ မင်း ငါ့ကို ဖိအားပေးဖို့ တစ်ယောက်ယောက်ကို ခေါ်နိုင်ရင် ငါ ဒီကိစ္စကို လွှတ်ပေးလိုက်မယ်။ မင်းမအောင်မြင်ဘူးဆိုရင် မင်းတို့ ၁၀ ယောက်လုံး အောက်ကို ကိုယ်တုံးလုံးနဲ့ ပြေးဆင်းရမယ်။ ဟုတ်တယ် အဲ့အတိုင်းသတ်မှတ်လိုက်ပြီ။ အဲဒါ မျှတတယ်"

လီခွန်း၏ပတ်ပတ်လည်ရှိ လူတိုင်း ရယ်မောလိုက်ကြပြီး ရလဒ်ကို စောင့်မျှော်နေကြသည်။

ယုဝေနှင့် လျိုရှားရှားတို့ ဖြူဖျော့သွားပြီး တုန်ယီနေကြချိန်တွင် ယွမ်လဲ့နှင့် သူ့အခန်းဖော်များမှာ ငေးကြောင်ကြောင်ဖြစ်သွားကြသည်။

ပိုင်မင်မှာ "မင်းတို့ ၁၀ ယောက်" ဆိုသည့် စကားကြောင့် သူလည်းပါဝင်နေ၍ အနည်းငယ် ပို၍ စိတ်ခတ်ကျသွားသည်။

ဇီရှီးယာ၏မျက်နှာအမူအရာမှာလည်း စိတ်ခေတ်ကျမှုများဖြင့် အဆက်မပြတ်ပြောင်းလဲသွားသည်။

လီခွန်းက ဇီမိသားစု၏ဩဇာကိုပင် ဂရုမစိုက်သည့်အတွက် သူမ ဘာတတ်နိုင်ဦးမည်နည်း။

သူမ မိသားစုကို ဆက်သွယ်ချင်သော်လည်း ဇီမိသားစု၏ဩဇာက ဟောင်ကောင်ရှိ လီမိသားစုကို ဖိနှိပ်နိုင်ပါမည်လား။

သူမ စိုးရိမ်စပြုလာသည်။

နေဦး ငါ့အစ်မရှိတာပဲ...

သူမ...

ဟုတ်တယ် ကျောက်ဖုန်းက အနီးအနားမှာရှိတယ်...

အချိန်ကြာလာသည်နှင့်အမျှ သူမ ဖုန်းကိုအမြန်ထုတ်ကာ ကျောက်ဖုန်း၏နံပါတ်ကို ရှာပြီး အမြန်ခေါ်လိုက်သည်။

မည်သို့ပင်ဆိုစေကာမူ သူမ၏အစ်မသည် ဟောင်ကောင်တွင် နေခဲ့သည့်ဤနှစ်များအတွင်း လူမှုအဆက်အသွယ်တချို့ ရှိထားနိုင်သည်။ ထို့ကြောင့် သူမ ကျောက်ဖုန်းအား အရင်ဖုန်းခေါ်ရန် ဆုံးဖြတ်ခဲ့ပြီး မကြာခင်အတွင်း သူရောက်လာရန် မျှော်လင့်ခဲ့သည်။

ဖုန်းဆက်ပြီးမကြာခင်ပင် ဖုန်းကိုင်လာသည်။ ဇီရှီးယာ တိုးတိုးလေး အမြန်ပြောလိုက်သည်။ "ဟဲလို ကျွန်မတို့ ဒုက္ခရောက်နေလို့။ အဲဒါ လီမိသားစုက လီခွန်းပါ။ သူက ကျွန်မ ဇီမိသားစုကဆိုတာကို ဂရုမစိုက်ဘူး။ ရှင့်မှာ တခြားအကြံရှိလား...." သူမ ကူရာမဲ့သည့်လေသံဖြင့် ပြောသည်။

သို့သော် တစ်စက္ကန့်မပြည့်မီပင် ကျောက်ဖုန်း၏အေးဆေးတည်ငြိမ်သော အသံကြောင့် သူမ စိတ်သက်သာရာရသွားသည်။

"ငါ့ကိုခဏစောင့်နေ" ထိုနောက် သူ ဖုန်းချလိုက်သည်။

လီခွန်းနှင့် သူ၏နောက်လိုက်များက ဇီရှီးယာအား ဟာသတစ်ခုပမာ ကြည့်နေခဲ့ကြသည်။

တစ်ချိန်တည်းမှာပင်...

ပင်လယ်ကမ်းခြေကလပ်ရှေ့တွင် ကျောက်ဖုန်း၊ ရှူယုံနှင့် အားဟူတို့ ကားပေါ်မှ အမြန်ဆင်းကာ လျင်မြန်စွာ ဝင်လာခဲ့ကြသည်။

ကျောက်ဖုန်း၏မျက်နှာမှာ တင်းမာနေသည်။

သူသည် နာမည်ကြီးလီမိသားစုနှင့် လီကျန်းလုံအကြောင်းကို ကြားဖူးသည်။

ကျောက်ဖုန်းသည် လီကျန်းလုံက အစွမ်းထက်သော်လည်း သူ့အား မကြောက်ရွံ့ချေ။ သူ၏အဖေ လီကျန်းကသာ အမှန်တကယ် ကြောက်စရာကောင်းသူဖြစ်သည်။

လီကျန်းသည် ဟောင်ကောင်သိုင်းပညာရှင်စာရင်းတွင် တတိယအဆင့်ရှိသည်။

သူသည် ဂရန်းမာစတာတစ်ယောက်ဖြစ်သည်။

သူ၏နာမည်ကိုကြားလိုက်ရသည်နှင့် လူများ တုန်လှုပ်သွားနိုင်သည်။

ယခုကိစ္စက အတော်ဆိုးရွား၏။

ကျောက်ဖုန်း သူ ဒုက္ခရောက်နိုင်ကြောင်း တွေးမိသည်။

သို့သော်....

-အပိုင်း(၁၄) အခန်း(၄၂၆-၈)ပြီး

-စာစဉ်(၃၇) ပြီး